www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

# စိတြအဂ္ဂ

ပျောက်ဆုံးမြို့တော်


## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဥ်ကြယ်စာပေ)
(၁၈၂)၊ (၃၁) လမ်း၊ ပန်းဘဲတန်းမြို့နယ်။

အတွင်းနှင့် - ဦးနိုင်နိုင်အောင် (၀၀၃၂၄) (ရတနာဝင်းပုံနှိပ်တိုက်)

အဖုံးပုံနှိပ်သူ အမှတ်(၁၉)၊ ၃၁-လမ်း၊ ပန်းဘဲတန်းမြို့နယ်။

ကွန်ပျူတာစာစီ - ဖြည့်ဖြိုး

အဖုံးပန်းချီ - L လင်း

အတွင်းဖလင် - ကိုကြီးပေါက် (၀၉-၄၂၀၂၅၃၃၂၇)

ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၆၊ မတ်လ။

အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၃၀၀ ကျပ်

ဖြန့်ချိရေး - ခုနစ်စဥ်ကြယ်စာပေ

182 (B)၊ ၃၁-လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။

ဖုန်း၊ ၀၉ -၇၃၀၅၁၆၆၄၊ ၀၉-၇၃၁၂၆၃၅၈


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

ပျောက်ဆုံးသွားသောမျိုးနွယ်စု

ဆုံးဖြတ်ချက်အလှ

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)

## ပျောက်ဆုံးသွားသောမျိုးနွယ်စု

တစ်နေ့သ၌ ...

ရန်ကုန်မြို့ ဗဟန်းဘက်ရှိ ကြားတော်ရလမ်းနှင့် ဦးထောင်ဘိုလမ်းအကြား ကားလမ်းမကြီးဘေးတွင် ကိုလိုနီခေတ်က ရှေးဟောင်းပစ္စည်းများ ခင်းကျင်းပြသရောင်းချသည့် ကျူရီယာဆိုင်ကြီးနှစ်ဆိုင် ရှိခဲ့သည့်အနက် လက်ဝဲဘက်မှ ဆိုင်ကြီးထဲသို့ ငွေကိုင်းမျက်မှန် အပိုင်းလေးတပ်ထားသော အသက် ၆၀ ခန့်ရှိ ခံ့ခံ့ညားညား လူကြီးတစ်ဦးနှင့် အသက်လေးဆယ်ခန့် အသားညိုညို လူရွယ်တစ်ဦးတို့ ဝင်ရောက်လာကြကာ ခင်းကျင်းပြသ



BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



ထားသည့် ရေးဟောင်းပစ္စည်းမျိုးစုံတို့ကို လိုက်လံ ကြည့်ရှုလျက် ရှိကြလေ၏။

ဆိုင်အတွင်းပိုင်းရှိ ကောင်တာစားပွဲ၌ အသက်နှစ်ဆယ် ကျော်ခန့် လူငယ်တစ်ဦးထိုင်နေပြီး သူ၏အမည်မှာ လူရဲ ဖြစ် သည်။

တကယ်တော့ လူရဲသည် ယင်းဆိုင်၏ပိုင်ရှင်မဟုတ်ဘဲ ဆိုင်ပိုင်ရှင်မှာ သူ၏ဦးလေး ဖြစ်၏။

သူ့ဦးလေးမှာ အတန်ငယ်နေထိုင်မကောင်းဖြစ်နေသဖြင့် လူရဲ ဆိုင်လာထိုင်ပေးနေသည်မှာ သုံးလေးရက်ရှိချေပြီ။

လူရဲက ကောင်တာစားပွဲနောက်ရှိ ကုလားထိုင်ပေါ်တွင် ထိုင်လျက် စာအုပ်တစ်အုပ်ဖတ်နေစဉ် လူဝင်လာသဖြင့် စာအုပ် မျက်နှာစွာကာ မော့ကြည့်လိုက်၏။

ဤသို့သော ရေးဟောင်းပစ္စည်းအရောင်းဆိုင်များထဲသို့ ဝင်လာသူတိုင်းက အမှန်တကယ် ပစ္စည်းဝယ်လော့ရှိခဲလှပြီး များသောအားဖြင့် ပြတိုက်နယ် သဘောထားကာ ဟိုလျှောက် ကြည့် သည်လျှောက်ကြည့်ဖြင့် ပြန်ထွက်သွားလေ့ရှိတတ်ကြလေ သည်။

ယခုလည်း ဝင်လာသူနှစ်ဦးအနက် အသက် ၆၀ ခန့်





လူကြီးသည် လွန်ခဲ့သောနှစ်ရက်ခန့်က ဤဆိုင်သို့ လာရောက် ဖူးလေသည်။

လူရဲက ထိုလူနှစ်ဦးကို မသိမသာ အကဲခတ်ကြည့်နေ စဉ်မှာပင် အသက်ကြီးကြီးနှင့်လူကြီးက လူရွယ်အား မှန်ဗီရိုပုလေး တစ်ခုဆီသို့ ခေါ်သွားပြီးလျှင် ဗီရိုပုလေး၏ အပေါ်ဆင့်ရှိ ကြေး ပုရပိုက်အား လက်ညှိုးညွှန်ပြသည်ကို တွေ့ရလေ၏။

"အဲဒီပုရပိုက်ပဲကွဲ့ မောင်ဖေအောင်ရဲ့"

"ဩော် ... အန်ကယ်ပြောတာ ဒီပုရပိုက်ကိုး"

"ဟုတ်တယ်ကွဲ့"

ကိုဖေအောင်ဆိုသူ အသားညိုညိုနှင့်လူက မှန်ဗီရိုရှိုး ကေ့စ်ပေါ်မှ ဆီးမိုးကြည့်လိုက်ပြီး –

"ရေးထားတဲ့အက္ခရာတွေက တစ်မျိုးပဲနော်"

ဟု မှတ်ချက်ပြုလိုက်လေသည်။

လူကြီးက ပါးစောင်းတွင် ဆေးပြင်းလိပ်ကြီးကို ခဲလိုက် ရင်း –

"အဲဒါ ရေးဟောင်း ပျူအက္ခရာတွေနဲ့ ရေးထားတာကွဲ့။ ကျုပ်က မျက်စိမကောင်းတော့ ဒီပုရပိုက်မှာရေးထားတဲ့စာတွေကို သိပ်မမြင်ရဘူး။ ဗီရိုထဲက ထုတ်ပြီး အနီးကပ်ကြည့်မှ သေချာဖတ်



www.burmeseclassic.com

www.burmeseclassic.com



နိုင်မှာပဲ။ ဒါပေမဲ့ . . . ခေါင်းစီးစာတမ်းကတော့ အက္ခရာစာလုံးကြီးကြီးနဲ့ ရေးထားတဲ့အတွက် ဖတ်လို့ရတယ် မောင်ဖေအောင်ရဲ့''

''ခေါင်းစီးက ဘယ်လိုများ ရေးထားလို့လဲ အန်ကယ်''

''သုနာပရန္တတိုင်းမှ ကျောက်နဂါးကြီးသမိုင်းတဲ့''

''သုနာပရန္တတိုင်း ဟုတ်လား အန်ကယ်။ အဲဒါ မြန်မာပြည်ထဲမှာ ရှိတာလား''

''ဟုတ်တယ် မောင်ဖေအောင်ရဲ့။ ဗုဒ္ဓမြတ်ဘုရား သက်တော်ထင်ရှားရှိတုန်းကတည်းက တည်ရှိခဲ့တဲ့ ရှေးဟောင်းတိုင်းဒေသကြီးပဲ။ ရွှေစက်တော်ဘုရားသမိုင်းနဲ့ပတ်သက်ပြီး ဗုဒ္ဓစာပေကျမ်းဂန်တွေမှာ ဖော်ပြထားတာကတော့ ရှင်ပုဏ္ဏမထေရ်ဟာ သူ့ရဲ့မူလချက်မြှုပ်ဒေသ သုနာပရန္တတိုင်းဆီ သွားရောက်ပြီး သာသနာပြုဖို့ ဂေါတမမြတ်စွာဘုရားထံမှာ ခွင့်တောင်းခဲ့တယ်တဲ့ . . . ၊

အဲဒီအချိန်တုန်းက အဲဒီတိုင်းဒေသသားအချို့ဟာ ရက်စက်ကြမ်းကြုတ်ကြလွန်းလို့ သည်းခံခြင်း (၇) ချက်နဲ့ပြည့်စုံစေရပါမည်လို့ ရှင်ပုဏ္ဏက ကတိပြုမှ ဘုရားရှင်က သွားခွင့်ပြုခဲ့တယ်တဲ့''





''အဲဒီအရပ်ဒေသဟာ မြန်မာပြည်ရဲ့ ဘယ်အပိုင်းမှာ ရှိသလဲ အန်ကယ်''

''ကျုပ် လေ့လာမိသလောက်တော့ သုနာပရန္တတိုင်းဟာ အခု မြန်မာပြည်အလယ်ပိုင်း မင်းဘူး ဒီစတြိတ်ဝှန်းကျင် လယ်ကိုင်းဒေသလို့ သိရတယ်ကွဲ့ . . . ၊

ကျုပ်စိတ်ဝင်စားတာက အဲဒီသုနာပရန္တတိုင်းမှာရှိတဲ့ ဂမ္ဘီရကျောက်နဂါးကြီးကိုပဲကွဲ့။ မှန်တာပြောရရင် အဲဒီကျောက်နဂါးကြီးထက် ပိုပြီးစိတ်ဝင်စားတာက မြန်မာ့သမိုင်းကနေ လုံးဝပျောက်ခြင်းမဲ့လှ ပျောက်သွားတဲ့ ပျူလူမျိုးတွေကိုပဲကွဲ့''

''ပျူလူမျိုးတွေ ဟုတ်လား အန်ကယ်။ အဲဒီပျူတွေဟာ မြန်မာလူမျိုး၊ မြန်မာနိုင်ငံဆိုတာ မပေါ်ပေါက်ခင်က ပေါ်ပေါက်ခဲ့တဲ့ ရှေးဟောင်းလူမျိုးတွေ မဟုတ်လား''

''ဟုတ်တယ်လေ၊ ဒါပေမဲ့ . . . အဲဒီ ပျူလူမျိုးတွေရဲ့ လက်ကျန်မျိုးနွယ်တွေဟာ သုနာပရန္တတိုင်းထဲမှာ ဒီနေ့အထိ ရှိနေသေးတယ်ဆိုတဲ့ သဲလွန်စ ကျုပ်ရထားတယ်ကွဲ့''

''ဗျာ''

''ဟုတ်တယ်ကွဲ့ . . . ကျုပ် အိန္ဒိယနိုင်ငံက ဒါဂျီလင်တက္ကသိုလ်မှာ သက္ကတဘာသာပြ ပရော်ဖက်ဆာအဖြစ် အလုပ်



www.burmeseclassic.com

www.burmeseclassic.com



ဝင်နေတုန်း တိဗက်ပြည်ကနေရောက်လာတဲ့ နယ်လှည့်ရဟန်းအိုကြီးတစ်ပါးနဲ့ ဆုံဖူးတယ်။ သူက သက္ကတဘာသာနဲ့ ရေးထိုးထားတဲ့ ရှေးဟောင်းပုရပိုက်တစ်ခုမှာပါတဲ့ အကြောင်းအရာတစ်ခုကို ဆွေးနွေးလိုလို့ ကျုပ်ကို လာတွေ့တာလေ ...။

အဲဒီရဟန်းဟာ တိဗက်ကလာတာဆိုပေမယ့် တိဗက်လူမျိုးနဲ့ မတူလို့ ဘာလူမျိုးလဲလို့ မေးကြည့်တော့ သူက ပျူလူမျိုးလို့ မိန့်ခဲ့တယ်ကွဲ့ ...။

ဒီတော့မှ ကျုပ်က တပည့်တော်ဟာ မြန်မာလူမျိုးပါ။ ပျူဆိုတာ ရှေးဦးမြန်မာလူမျိုးမို့ အရှင်ဘုရားနဲ့ တပည့်တော်ဟာ လူမျိုးတစ်မျိုးတည်းပေါ့လို့ လျှောက်ထားလိုက်တော့ အဲဒီရဟန်းကြီးက ပြုံးပြီး လူမျိုးချင်းမတူပါဘူးလို့ မိန့်တယ်ကွဲ့။ ဘာဖြစ်လို့ မတူရမှာလဲလို့မေးတော့ မြန်မာဆိုတာ ပျူနဲ့ဆက်နွှယ်နေပေမယ့် ပျူလူမျိုးအစစ်မဟုတ်ဘူးတဲ့။ မြန်မာဆိုတာ မင်စောလူမျိုးက ဆင်းသက်လာတာတဲ့။ သူကသာ ပျူလူမျိုးအစစ်တဲ့ ...။

သူ့ရဲ့စကားကို သေချာရှင်းပြဖို့ တောင်းပန်တော့မှ ပျူလူမျိုးအစစ်တွေဟာ မြန်မာပြည်ထဲက သုနာပရန္တတိုင်းရဲ့ လျှို့ဝှက်တဲ့တစ်နေရာမှာ ခုအထိ ရှိသေးတယ်လို့ မိန့်တယ်ကွဲ့။ သူက အဲဒီပျူတို့ရဲ့လျှို့ဝှက်ဒေသကနေ လျှို့ဝှက်မြေအောက်လှိုဏ်လမ်းအတိုင်း ထွက်လာခဲ့တာလို့ မိန့်တယ် ...။

ဘယ်လိုအကြောင်းကြောင့် ထွက်လာရတယ်ဆိုတာတော့ ဖွင့်မပြောဘူးကွဲ့။ မေးလို့လည်း မရဘူး ...။

အဲဒီရဟန်းကြီးက ပျူတို့ရဲ့လျှို့ဝှက်ဒေသကနေ ထွက်ခွာလာတာ နှစ်ပေါင်းခုနစ်ဆယ်ကျော်ပြီတဲ့။ အဲဒါပဲမိန့်ပြီး ပြန်ကြွသွားတယ်ကွဲ့။ အလုပ်အားတဲ့တစ်နေ့မှာ အဲဒီရဟန်းကြီးနဲ့ ထပ်တွေ့ချင်လို့ ကျုပ် သူတည်းခိုရာ ဗြဟ္မပုတ္တရမြစ်ကမ်းနားက တိဗက်ဘုန်းတော်ကြီးကျောင်းဆီ လိုက်သွားတော့ ဟိမဝန္တာတောင်တန်းကြီးပေါ် ကြွမြန်းသွားပြီလို့ပဲ သိရတယ်ကွဲ့။ အဲဒီကတည်းက အဲဒီပျူရဟန်းကြီးကို မဖူးတွေ့ရတော့ဘူး။ ဒါပေမဲ့ အဲဒီရဟန်းကြီးမိန့်သွားတဲ့ မြန်မာပြည်ထဲက ရှေးဟောင်းဒေသ သုနာပရန္တတိုင်းကြီးရဲ့တစ်နေရာမှာ ရှေးဟောင်းပျူလူမျိုးအစစ်တွေ ခုအထိ လျှို့ဝှက်စွာနေတယ်ဆိုတဲ့စကားကို ကျုပ်ရဲ့စိတ်ထဲ မေ့မရဘူး ဖြစ်နေတယ်ကွဲ့။ အဲဒါ လွန်ခဲ့တဲ့ငါးနှစ်လောက်တုန်းကပဲ ...။

ကျုပ် ဒါဂျီလင်တက္ကသိုလ်ကနေ အလုပ်ထွက်ပြီး မြန်မာပြည်ပြန်ရောက်လာတော့ ဘာသာပြန်အသင်းကြီးမှာ သုံးလေးနှစ်အမှုထမ်းပြီး အလုပ်ကနေ အပြီးအပိုင် အနားယူခဲ့တယ်လေ။





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ဒါကိုတော့ မောင်ဖေအောင်လည်း အသိပါပဲ . . .।

အဲဒီလို အလုပ်ကနေ အငြိမ်းအပိုင် အနားယူခဲ့ပေမယ့် ကျုပ်ရဲ့ရင်ထဲမှာ ရှေးဟောင်းပျူလူမျိုးတွေရဲ့ လျှို့ဝှက်ဒေသကို ရှာဖွေချင်တဲ့စိတ်က တစ်နေ့တခြား ပြင်းထန်လာတယ်ကွဲ့ . . .।

ဒါနဲ့ အရင်က သုနာပရန္တတိုင်းလို့သိထားတဲ့ မင်းဘူးတို့၊ စလင်းဒေသတို့မှာ သုံးလေးလလောက် သွားပြီးစုံစမ်း လေ့လာသေးတယ်ကွဲ့။ ဒါပေမဲ့ . . . အဲဒီပျူတွေရဲ့ သတင်းအစအနတောင် မရခဲ့ပါဘူးကွယ် . . .।

ဒီလိုနဲ့ ရန်ကုန်ပြန်ရောက်ပြီး ရန်ကုန်တက္ကသိုလ် စာကြည့်တိုက်မှာ စာကြည့်တိုက်မှူးဖြစ်တဲ့ ဦးသိန်းဟန်ကို အကူအညီတောင်းပြီး ပျူတွေနဲ့ပတ်သက်တဲ့ ရှေးဟောင်းစာပေပုရပိုက်တွေ မွှေနှောက်လေ့လာခဲ့တယ်ကွဲ့။ ဦးသိန်းဟန်ဆိုတာ ကဗျာဆရာဇော်ဂျီလေ''

''ဪ''

''ဦးသိန်းဟန်ရဲ့အကူအညီကြောင့် ရှေးပျူတွေနဲ့ ပတ်သက်တဲ့ ထူးခြားလှတဲ့ ပေစာတစ်ရွက်ကို တွေ့ခဲ့ရတယ်ကွဲ့။ အဲဒီပေစာထဲမှာ သုနာပရန္တတိုင်းက ပျူတွေနဲ့ဆက်နွယ်နေတဲ့ နာရဒနဂါးမင်းဟာ သုနာပရန္တတိုင်းရဲ့ တစ်နေရာမှာ ကျောက်ရုပ်





ကြီး ဖြစ်သွားတယ်လို့ ရေးထိုးထားတယ်လေ . . .।

အဲဒီကျောက်နဂါးကြီးဟာ ကျုပ်တို့ဘဒ္ဒကမ္ဘာရဲ့နောက်ဆုံးဘုရားရှင် အရိမေတ္တယျပွင့်တော်မူတဲ့အခါကျမှ အသက်ပြန်ဝင် နဂါးအသွင်ပြန်ရောက်ပြီး ဘုရားရှင်ကို ဖူးမြော်၊ ဘုရားရှင်ရဲ့တရားဒေသနာတော်ကိုနာယူပြီး ကျွတ်တမ်းဝင်မယ်လို့ ရေးထိုးထားတယ်ကွဲ့''

ကိုဖေအောင်က ပရော်ဖက်ဆာကြီးပြောသမျှကို နားထောင်ပြီးနောက် ဗီရိုပုရှူးကေ့စ်ထဲမှ ကြေးပုရပိုက်ဟောင်းကို ငုံ့ကြည့်လိုက်မိပြန်၏။

ဆယ့်ငါးပေ ပေသုံးဆယ်ခန့်သာကျယ်ဝန်းသည့် ရှေးဟောင်းပစ္စည်းအရောင်းဆိုင်လေးထဲဝယ် တိတ်ဆိတ်နေသဖြင့် ပါမောက္ခကြီးနှင့်ကိုဖေအောင်တို့ ခပ်တိုးတိုးပြောဆိုနေသမျှကို နားထောင်တာမှ လူရဲက လုံးစေ့ပတ်စေ့ ကြားနေရကာ စိတ်ဝင်တစားလည်း ဖြစ်သွားရသည်။

ထိုစဉ် ပရော်ဖက်ဆာကြီးက ကောင်တာစားပွဲဆီလျှောက်လှမ်းသွားပြီး လူရဲနှင့် သူ့ကိုယ်သူ မိတ်ဆက်လိုက်လေသည်။

''ကျုပ်က ပရော်ဖက်ဆာ ဒေါက်တာညွန့်လှိုင်ပါ။



www.burmeseclassic.com

www.burmeseclassic.com



ဟောဟိုဗီရိုပုလေးထဲက ကြေးပုရပိုက်ကို သေချာကြည့်ချင်ပါတယ်''

လူရဲကလည်း ထိုင်ရာမှထပြီး ဦးခေါင်းအနည်းငယ်ညွှတ်ကာ သူ့ကိုယ်သူ မိတ်ဆက်လိုက်လေ၏။

''ဟုတ်ကဲ့ ဆရာကြီး ... ကျွန်တော်က လူရဲပါ။ လောလောဆယ် ဒီဆိုင်ရဲ့တာဝန်ခံပဲဆိုပါတော့။ စောစောက ဆရာကြီးတို့ပြောနေခဲ့တဲ့စကားတွေကို ကျွန်တော် ကြားပြီးပါပြီ။ ရှေးဟောင်းပျူလူမျိုးအစစ်တွေ ဒီနေ့ထက်ထိ မြန်မာပြည်ထဲမှာ ရှိနေသေးတယ်ဆိုတာ အတော် စိတ်ဝင်စားစရာပါပဲ။ ဒါကြောင့် ဆရာကြီးကြည့်ချင်တဲ့ ကြေးပုရပိုက်ချပ်ကို ကျွန်တော်ထုတ်ပေးပါ့မယ်။ ဒီဆိုင်ရဲ့ ထုံးစံအရတော့ ဗီရိုထဲ သော့ခတ်ပြီးပြသထားတဲ့ အဖိုးတန်ရှားပါးပစ္စည်းတွေကို ထုတ်ပြလေ့မရှိပါဘူး။ ဝယ်ဖို့ ဈေးညှိပြီးမှ ပြလေ့ရှိပါတယ် ဆရာကြီး''

လူရဲက ဗီရိုသော့ဖွင့်ပြီးနောက် ရှေးဟောင်းကြေးပုရပိုက်ကို ဂရုတစိုက် ထုတ်ယူကာ ပရော်ဖက်ဆာကြီး၏လက်သို့ ပေးအပ်လိုက်လေသည်။

ပရော်ဖက်ဆာကြီးက ပုရပိုက်ကို ဝဲဘက်လက်ဖြင့် ကိုင်ပြီး လက်ယာဘက်လက်မ လက်ညှိုးတို့ဖြင့် ငွေကိုင်းမျက်မှန်ဝိုင်း





လေးအား အသာပင့်ကိုင်လိုက်ပြီးနောက် ပုရပိုက်ပေါ်မှ စာသားတို့ကို ဖတ်ကြည့်လေသည်။

တွဲဆက်ထားသော ပုရပိုက်ချပ်သုံးချပ်ပေါ်မှ စာသားတို့ကို ဖတ်ကြည့်ပြီးနောက် ကြေးပုရပိုက်ကို ဗီရိုပုလေး၏မှန်သားပြင်ပေါ် အသာတင်လိုက်လေ၏။

''အင်း ... ဒီပုရပိုက်ကို ရေးထိုးထားတဲ့သူဟာ ပျူလူမျိုးရသေ့ကြီးတစ်ပါးပဲကွဲ့။ ရှေးဟောင်းပျူအက္ခရာဖြစ်တဲ့ ကဒံဗအက္ခရာနဲ့ ရေးထားတာပဲ။ ရသေ့ကြီးရဲ့ဘွဲ့အမည်က အဿဇိတဲ့ ...။

ရသေ့ကြီးအဿဇိက လျှို့ဝှက်ပျူမြို့တော် သသ်ရာရဲ့ ဦးစီးနာယကတစ်ဦးလို့ ဆိုတယ် ...။

သူရေးထားတာကတော့ သရေခေတ္တရာမြို့တော်ကြီးကို ဗန္ဓုလရာဇ်စစ်သည်တွေ တိုက်ခိုက်ဖျက်ဆီးခံရချိန်မှာ ဒွတ္တဘောင်မင်းနဲ့ပန်ထွာဘုရင်မတို့ကနေ ဆင်းသက်လာတဲ့ ဆွေတော်မျိုးတော်တစ်စုဟာ ပြည်သူပြည်သားအချို့ကို ဦးဆောင်ပြီး ဧရာဝတီမြစ်ကြောင်းအတိုင်း ဆန်တက်တိမ်းရှောင်ခဲ့တယ်တဲ့ ...။

''အင်း ... အဲဒီအချိန်ဟာ AD ၉-ရာစု အစပိုင်းလောက်ပေါ့''



www.burmeseclassic.com

www.burmeseclassic.com



ပရော်ဖက်ဆာကြီးက ဆေးပြင်းလိပ်ကြီးကိုခဲရင်း စဉ်းစားသလိုလုပ်နေပြီးမှ ဆက်ပြောသည်။

''သရေခေတ္တရာမင်းဆက် (၂၇) ဆက်မြောက်ဖြစ်တဲ့ သုပညာမင်းလက်ထက်မှာ သရေခေတ္တရာပြည်ကြီး ပျက်သုန်းခဲ့တာပါပဲ ...၊

ရသေ့ကြီး အဿဖိ ဆက်ရေးထိုးထားတာက သူ့ရဲ့ဘိုးဘေးဘီဘင် ပျူမျိုးနွယ်စုဟာ ဂန္ဓလရာဇ် စစ်သည်တွေရဲ့ရန်ရော၊ သရေခေတ္တရာပျက်သုန်းပြီး ဆယ့်သုံးနှစ်လောက်အကြာ ယုန်လွတ်ကျွန်းအရပ်ကနေ စတင်ပေါ်ထွန်းလာတဲ့ သမုဒ္ဒရာဇ်မင်းရဲ့ ပေါက္ကံရာမ ပုဂံမင်းဆက်တို့ရဲ့ ရန်တွေကနေ လွတ်မြောက်အောင် သုနာပရန္တတိုင်းရဲ့ လူသူအရောက်အပေါက် လုံးဝမရှိတဲ့ တောနက်တောင်နက်ကြီးထဲမှာ ပုန်းအောင်းပြီး သသ်ရာဆိုတဲ့ ပျူလျှို့ဝှက်မြို့တော်ကြီးကို တည်ထောင်ခဲ့ကြတဲ့အကြောင်း။ အဲဒီလို နှစ်ပေါင်းကိုးရာလောက် ကမ္ဘာလောကကြီးတစ်ခုလုံးနဲ့ အဆက်ဖြတ်ပြီး ဆွေစဉ်မျိုးဆက် နေထိုင်လာခဲ့ကြရာက ရသေ့ကြီး အဿဖိတို့လက်ထက်ရောက်လာတဲ့အခါမှာတော့ ...

ရသေ့ကြီးအဿဖိဟာ သူတို့ ပျူလျှို့ဝှက်မြို့တော်ဟောင်းကြီးမှာ ဖြစ်ပေါ်လာတဲ့ ကပ်ရောဂါဘေးအတွက် တော





တောင်နက်ထဲမှာ ဆေးမြစ်ဆေးဥရှာဖို့ လိုအပ်လာခဲ့တာနဲ့ သူ့တပည့် သုံးဦးနဲ့အတူ လျှို့ဝှက်မြေအောက်ဂူလိုဏ်လမ်းအတိုင်း လျှို့ဝှက်ပျူမြို့တော်ကြီးကနေ ထွက်ခွာလာခဲ့ကြတယ်တဲ့ ...၊

အဲဒီလိုနဲ့ တောနက်တောင်နက်ထဲ ဆေးမြစ်ဆေးဥ ရှာကြရင်းက မောရဝတီမြစ်ကမ်းစပ်နားရောက်သွားကြတယ်တဲ့ ...၊

အင်း ... မောရဝတီမြစ်ဆိုတာ အခုခေတ်မှာတော့ မြစ်သာမြစ်လို့ခေါ်တဲ့ မြစ်ပဲပေါ့။ တစ်မနက်စောစောမှာတော့ အဲဒီမောရဝတီမြစ်ကမ်းခြေအရောက်မှာ တံငါသည်တစ်ယောက် ချထောင်ထားတဲ့ မြှုံးထဲ နဂါးတစ်ကောင်မိနေတာကို တွေ့ကြရတော့တယ်တဲ့ ...၊

ဒါနဲ့ အဲဒီနဂါးကို မြှုံးထဲကနေ ခက်ခက်ခဲခဲထုတ်ပြီး မြစ်ထဲပြန်လွှတ်ကာ ကယ်တင်ပေးလိုက်တယ်တဲ့ ...၊

အဲဒီနေ့ညမှာပဲ နဂါးမင်းသားက ရသေ့ကြီးကို အိပ်မက်ပေးတယ်တဲ့။ သူဟာ မောရဝတီမြစ်ရဲ့အောက်မှာရှိတဲ့ ဘောဂဝတီနဂါးပြည်ကနေ လူ့ရပ်ရွာဆီ ထွက်လာခဲ့သူဖြစ်ကြောင်း ...၊

သူ နဂါးပြည်ကနေထွက်လာရတဲ့ ရည်ရွယ်ချက်ကတော့ နဂါးတို့မည်သည် ကမ္ဘဇိဒ္ဓိရှိပေမယ့် အဟိတ်တိရစ္ဆာန်သာ ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



တာမို့ ...၊ အဲဒီဘဝကနေ လွတ်မြောက်ချင်တဲ့အတွက် သံသရာက လွတ်နိုင်တဲ့တရားရှာဖို့ ရည်ရွယ်ကြောင်း ...၊

အဲဒီလို လူ့ရပ်ရွာဆီအရောက်မှာပဲ တံငါသည်ရဲ့ မြှုံးထဲ အမိခံခဲ့ရကြောင်း။ ရသေ့ကြီးတို့က သူ့အသက်ကို ကယ်ခဲ့တဲ့အတွက် ကျေးဇူးများစွာတင်ကြောင်း ...၊

ကျေးဇူးဆပ်ခွင့်ကြုံတဲ့အခါ ကျေးဇူးပြန်ဆပ်ခွင့်ပြုစေလိုကြောင်း အိပ်မက်ပေးခဲ့တယ်တဲ့ ...၊

ရသေ့ကြီးတို့လည်း မောရဝတီမြစ်ကို ဝါးဖောင်နဲ့ ဖြတ်ကူးပြီး ဆေးမြစ်ဆေးဥ ဆက်ရှာရာက သူနဲ့အတူပါလာတဲ့ တပည့်သုံးယောက်ဟာ လျှို့ဝှက်ပျူမြို့တော်ကနေ ကပ်ငြိပါလာတဲ့ ရောဂါပိုးတွေကြောင့် ရှေ့ဆင့်နောက်ဆင့်ဆိုသလို တောထဲမှာပဲ သေကုန်ကြတော့သတဲ့ ...၊

ရသေ့ကြီးကိုယ်တိုင်ကလည်း ရောဂါစွဲကပ်နေတဲ့ အစိမ်း လက္ခဏာတွေ ပြလာတာကြောင့် ချောင်းတစ်ချောင်းရဲ့ကမ်းစပ် နားက ကျောက်လိုဏ်ဂူထဲမှာ နားနေခဲ့တယ်တဲ့ ...၊

အဲဒီလို နားနေရင်း ဒီကြေးပုရပိုက်မှတ်တမ်းကို ရေးသား ရတာပါတဲ့ ...၊

ရသေ့ကြီးဟာ တစ်နေ့တခြား ရောဂါဝေဒနာ တိုးပြီး





သာပေမယ့် ဝိညာဉ်ခန္ဓာမစဲနိုင်သေးဘူးတဲ့ ...၊

အဲဒီအချိန် တစ်ညမှာတော့ နဂါးမင်းသား နာရဒက အိပ်မက်ပေးပြန်တယ်တဲ့ ...၊

သူဟာ ကမ္ဗဖိဒ္ဓိတန်ခိုးနဲ့ လူသားအသွင်ဖန်ဆင်းပြီး မောရဝတီမြစ်ကမ်းကနေတက်ကာ လူ့ရပ်လူ့ရွာထဲ တရားစစ် တရားမှန် ညွှန်ပြနိုင်မယ့်ပုဂ္ဂိုလ် ရှာဖွေခဲ့ရာက ဗုဒ္ဓရဲ့သားတော် ရဟန်းတစ်ပါးနဲ့ ဆုံရတယ်တဲ့ ...၊

အဲဒီရဟန်းဟာ ဗုဒ္ဓဘာသာထွန်းကားစပြုနေတဲ့ တမ္ဗ ဝတီလို့ခေါ်တွင်တဲ့ ပေါက္ကံရာမတိုင်းက ကြွလာတဲ့ ရှင်အရဟံ ထေရ်မြတ်ကြီးရဲ့ တပည့်ရဟန်းပါပဲတဲ့ ...၊

အဲဒီရဟန်းဆီကနေ ဗုဒ္ဓဘာသာရဲ့အကြောင်း ဗုဒ္ဓဝင်နဲ့ တရားဒေသနာတော်တွေ ကြားနာခွင့်ရတဲ့အခါ နဂါးမင်းသား လေး နာရဒက သရဏဂုံတည်ဆောက်ပြီး ဘုရားရှင်ကို ကိုယ် တိုင်ဖူးတွေ့လိုတဲ့ဆန္ဒ ရင်မှာပြင်းပြင်းထန်ထန် ဖြစ်ပေါ်လာရ တယ်တဲ့ ...၊

ဒါကြောင့် နဂါးမင်းသားလေး နာရဒဟာ တရားဓမ္မ နာကြားနေရင်းကနေ အဓိဋ္ဌာန်ပြုဆုတောင်းတယ်တဲ့။ မြတ်ဗုဒ္ဓတို့ရဲ့ သာသနာကို သူဟာ အမှန်တကယ် ယုံကြည်ကိုးကွယ်ပါ



www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနဲ့ သူ့ရဲ့ အဲဒီသစ္စာစကား မှန်ကန်ပါက နောင်ပွင့်လာမယ့် အရိမေတ္တေယျမြတ်စွာဘုရားကို ကိုယ်တိုင်ဖူးရသူ ဖြစ်ပါစေလို့ ဆုတောင်းအဓိဋ္ဌာန်ပြုခဲ့တယ်တဲ့ ...။

သူ့ရဲ့သစ္စာစကား မှန်ကန်ပြီး အဓိဋ္ဌာန်အောင်မယ်ဆိုပါက သူ့ရဲ့ခန္ဓာဟာ ကျောက်ရုပ်အသွင်ပြောင်းပြီး အရိမေတ္တေယျမြတ်စွာဘုရားပွင့်တဲ့အထိ အနှောင့်အယှက်ကင်းကင်းနဲ့ တည်ပါစေလို့ အဓိဋ္ဌာန်ပြုလိုက်တယ်တဲ့ ...။

သူ အဲဒီလို အဓိဋ္ဌာန်ပြီးတာနဲ့ သူ့ရဲ့အမြီးပိုင်းကစပြီး ကျောက်ရုပ်ဖြစ်လာနေပြီမို့ မကြာခင် သူ့ရဲ့တစ်ကိုယ်လုံးဟာ ကျောက်ရုပ်အသွင် ဖြစ်ရတော့မယ်။ အဲဒီလို သူ ကျောက်ရုပ်မဖြစ်ခင် သူ့ရဲ့အကြောင်း ရသေ့ကြီးသိနိုင်စေဖို့ အိပ်မက်ပေးရတာပါတဲ့ ...။

ဘာဖြစ်လို့လဲဆိုတော့ သူ့ရဲ့အသက်ကယ်ခဲ့တဲ့ ရသေ့ကြီးကို ကျေးဇူးပြန်ဆပ်ပါ့မယ်လို့ သူကတိပေးခဲ့ကြောင်း ...။

သူ လုံးဝဉသုံ ကျောက်ရုပ်ဖြစ်သွားရင် ရသေ့ကြီးရဲ့ ကျေးဇူးကို ဆပ်ဖြစ်မှာမဟုတ်တဲ့အတွက် အကျိုးအကြောင်း ရှင်းပြတောင်းပန်ချင်တာကြောင့် အိပ်မက်ပေးရတာဖြစ်ကြောင်း ...။





ကျောက်ရုပ်ဘဝ သူပြောင်းသွားတဲ့အခါ ရန်သူမျိုးငါးပါး ပျောက်ဆီးနိုင်စေဖို့အတွက် ဦးခေါင်းအရွယ်အစား အတောင် (၂၀) ကျော်အောင် ကြီးမားတဲ့ ကျောက်သားရုပ်တုကြီး ဖြစ်ပါစေလို့ အဓိဋ္ဌာန်ပြု ဆုတောင်းတဲ့အကြောင်း ရသေ့ကြီးက မှတ်တမ်းရေးထားခဲ့တယ် ...။

အခု ဒီကြေးပုရပိုက်ချပ်တွေမှာ အဲဒီလောက်အထိပဲ ပါတယ် မောင်ဖေအောင်ရဲ့"

"ဒါဆို ရသေ့ကြီး ဘာဆက်ဖြစ်သွားသလဲဆိုတာ မသိနိုင်တော့ဘူးပေါ့နော် အန်ကယ်"

"အေးကွယ် ... ရသေ့ကြီးက ကွယ်လွန်တယ်ပဲထား။ အဲဒီကျောက်ရုပ်ဖြစ်သွားတဲ့ ကျောက်နဂါးကြီး ဘယ်အရပ်မှာရှိနေသယ်ဆိုတာလည်းမသိရ၊ ဒီမှတ်တမ်းကို ရသေ့ကြီး ဘာဖြစ်လို့ ရေးခဲ့ရသလဲဆိုတာလည်း မသိရ၊ ရှေးဟောင်းပျူတွေ အခု ဘယ်နေရာဒေသမှာ နေနေသလဲဆိုတာ သဲလွန်စမရတာတော့ ဆိုးလှသကွယ်"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ညည်းညူသလိုပြောပြီး လူ့ရဲဘက်သို့ လှည့်ကာ မေးလိုက်သည်။

"ဒါထက် မောင်လူရဲရေ ... မင်းတို့ဆီမှာ ဒီပုရပိုက်သုံး



www.burmeseclassic.com

www.burmeseclassic.com



ချုပ်ပဲရှိသလားကွဲ့။ ကျုပ် ဖတ်ရသလောက် မှတ်တမ်းက မဆုံးသေးဘူးကွဲ့''

ဤတွင် လူရဲက ပြုံးလိုက်လေသည်။

''နောက်ထပ် ကြေးပုရပိုက်နှစ်ချုပ် ရှိပါသေးတယ်။ ဆရာကြီး အဲဒီကြေးပုရပိုက်ချုပ်တွေက သုံးလေးပိုင်း ကျိုးပျက်နေလို့ ဦးလေးရဲ့အိမ်မှာပဲ သိမ်းထားပါတယ် ခင်ဗျာ''

ဤတွင် ပရော်ဖက်ဆာကြီး၏ငွေကိုင်းမျက်မှန်ဝိုင်းလေးများ၏နောက်မှ မျက်ဝန်းတို့က အရောင်တဖျပ်ဖျပ် တောက်သွားကြပါတော့၏။

''အို ဟုတ်လား ... အဲဒီကြေးပုရပိုက်ချုပ်တွေကို ကျုပ်ကြည့်ခွင့်ရမလား''

''ဒါက ဒီလိုရှိပါတယ် ဆရာကြီး၊ အခုကြေးပုရပိုက်သုံးချုပ်ကိုရော ကျန်တဲ့ ကျိုးပြတ်နေတဲ့ပုရပိုက်ချုပ်တွေကိုပါဝယ်မှ သွားယူပေးနိုင်မှာပါ ခင်ဗျ''

''ဟုတ်ပြီလေ၊ ဒါဆို ဒီပုရပိုက်ချုပ်တွေကို မောင်ရင်တို့ဈေးဘယ်လောက်ခေါ်ထားသလဲကွဲ့''

ဤတွင် လူရဲက ပစ္စည်းစာရင်းစာအုပ်ကိုဖွင့်လိုက်ပြီး သက်ဆိုင်ရာနံပါတ်စဉ်ကပ်ထားသည့် ရှေးဟောင်းပစ္စည်းများ၏





တရင်းကို ကြည့်ရှုလိုက်လေသည်။

ရှေးဟောင်းပျူကြေးပုရပိုက်တွင် ကပ်ထားသည့် နံပါတ်စဉ် (၃၅) ၏ ရောင်းသင့်တန်ဖိုးကို ရှာဖွေကြည့်ရှုလိုက်၏။

''လက်ရှိ အဲဒီကြေးပုရပိုက်သုံးချုပ်ကို သုံးသောင်း ဈေးခေါ်ထားပါတယ် ဆရာကြီး''

''သုံးသောင်းတဲ့လား။ ဟ ... များလှချေလား''

''ဟုတ်ပါတယ် ဆရာကြီး၊ ဘာဖြစ်လို့ အဲဒီလောက်ဈေးခေါ်ထားရသလဲဆိုတော့ သက်တမ်းအားဖြင့် ရှေးနှစ်ပေါင်း (၉၀၀) ကျော်က ရှေးဟောင်းပစ္စည်းအစစ်အမှန် ဖြစ်လို့ပါပဲ။ ပြီးတော့ ပျူအက္ခရာနဲ့ရေးထိုးထားတဲ့ ပုရပိုက်ဆိုတာလည်း အခုခေတ်မှာ တွေ့ဖို့မလွယ်အောင်ကို ရှားပါးသွားပါပြီ။ မရှိသလောက်ပါပဲ ...၊

သရေခေတ္တရာမြို့ဟောင်းဖြစ်တဲ့ မှော်ဇာနဲ့ပြည်မြို့အကြားက (၁၈၉၇) ခုနှစ်လောက်က တူးဖော်ရရှိခဲ့တဲ့ မောင်းကန်ရွှေပေနှစ်ချပ်ရယ်၊ လွန်ခဲ့တဲ့နှစ်နှစ် (၁၉၂၇) က တူးဖော်ရရှိခဲ့တဲ့ ခင်ဘရွှေ ပေအချပ် (၂၀) ရယ်၊ ၁၈၈၆–ခုနှစ်က တူးဖော်တွေ့ရှိခဲ့ကြတဲ့ ပုဂံမြို့ မြင်းကပါအရပ်က မြစေတီကျောက်စာတွေမှာပဲ ပျူစာစစ်စစ်ကို တွေ့နိုင်ပါတော့တယ် ဆရာကြီး။ ခုလို ပျူစာ



www.burmeseclassic.com

www.burmeseclassic.com



အက္ခရာတင်ထားတဲ့ ကြေးပုရပိုက်ကတော့ မရှိသလောက်ပါပဲ။ ဒါကြောင့် သမိုင်းတန်ဖိုးကြီးမားလွန်းတဲ့အတွက် ဈေးတင်ခေါ်ထားရတာပါ''

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လူရဲကို လေးစားစိတ်ဝင်စားစွာ ကြည့်လိုက်သည်။

''အလို ငါ့တူကလည်း တော်တော်လေ့လာထားတာပါလား''

''ဟုတ်ကဲ့ ... ကျွန်တော်က ရန်ကုန်ယူနီဗာစီတီကနေ မြန်မာစာဂုဏ်ထူးတန်းအောင် ထားသူပါခင်ဗျာ။ ပြီးတော့ ဦးလေးကလည်း အသက်ကြီးပြီလေ။ ဦးလေးအနားယူတဲ့အခါ ဒီဆိုင်ကို ကျွန်တော်ပဲ ဦးစီးရမှာဆိုတော့ လေ့လာထားရတာပေါ့ ခင်ဗျာ''

''ရွှေ ကြိုက်သကွယ်။ မောင်ရင်တို့လို လေ့လာအားကောင်းတဲ့ လူငယ်မျိုးကို ကျုပ် သဘောကျလှပါရဲ့။ ဒါထက် ဒီပျုံပုရပိုက်ကို ဘယ်က ရထားတာလဲကွဲ့''

''ထီးလင်းဘက်က ရှေးဟောင်းဘုန်းတော်ကြီးကျောင်းကနေ ဦးလေး နယ်လှည့်ရင်း ရှာဖွေတွေ့ရှိခဲ့တာတဲ့ ဆရာကြီးရဲ့ ...।

အဲဒီဘုန်းတော်ကြီးကျောင်းက ကျောင်းထိုင်ဆရာတော်





တာ ရဟန်းဘောင်မဝင်ခင်က တောလိုက်မုဆိုးအလုပ်လုပ်ရင်း တောနက်ထဲမှာရှိတဲ့ ကျောက်ဂူတစ်လုံးထဲကနေ အဲဒီကြေးပုရပိုက်ကို ရခဲ့တာတဲ့။ ကြေးပုရပိုက်ရှိနေတဲ့ ကျောက်ဖျာပေါ်မှာ ဒေါက်ချာတစ်ခုရယ်၊ အဝတ်ညိုညိုမည်းမည်း ပတ်ဝတ်ထားတဲ့ အရိုးကျအလောင်းတစ်လောင်းရယ် တွေ့ခဲ့ရတယ်တဲ့။ အဝတ်တွေကတော့ ထိတာနဲ့ကြွေကြွေကျသွားအောင်ကို ဆွေးမြည့်နေတယ်တဲ့။ ဒါနဲ့သူလည်း ချေးညှော်တွေ အထပ်ထပ်တက်နေတဲ့ အဲဒီပုရပိုက်ကိုပဲ ယူလာခဲ့တယ်တဲ့ ...।

နောက် သူ အကျွတ်တရားရပြီး သာသနာ့ဘောင်ဝင်တော့။ အဲဒီကြေးပုရပိုက်ကို ဘာရယ်မဟုတ်ဘူး အမှတ်တရ သိမ်းထားခဲ့တာတဲ့။ ရေးထားတဲ့စာတွေကိုလည်း မဖတ်တတ်တော့ ဘယ်လောက်သမိုင်းတန်ဖိုးရှိမှန်း မသိခဲ့ဘူးလေ ...।

ဒါနဲ့ ရှေးဟောင်းပစ္စည်း ရှာဖွေဝယ်ယူဖို့ နယ်လှည့်နေတဲ့ ကျွန်တော့်ဦးလေးက ရှေးဟောင်းပျုံစာကြေးပုရပိုက်မှန်းသိလို့ ဘုန်းတော်ကြီးကို ဝတ္ထုငွေတစ်ထောင် ကန်တော့ပြီး ယူလာခဲ့တာပဲ ခင်ဗျာ''

''ဒါထက် ကျန်တဲ့ကြေးပုရပိုက်နှစ်ချပ်က ဘာဖြစ်လို့ ဆိုင်းပိုင်း အပြတ်ပြတ် ဖြစ်နေရတာလဲကွဲ့''



www.burmeseclassic.com

www.burmeseclassic.com



''အဲဒါက ဒီလိုတဲ့ ဆရာကြီးရဲ့။ အဲဒီဘုန်းတော်ကြီးကျောင်းက ကပ္ပိယကြီးဟာ အဂ္ဂိရတ်သမားကြီးတဲ့။ တစ်နေ့မှာတော့ ဖိုထားရာမှာ အရည်ကျိုဖို့ ကြေးစတွေလိုလို့ ကျက်သရေခန်းထဲ သိမ်းထားတဲ့ ကြေးပုရပိုက်ကနေ ပြုတ်ထွက်နေတဲ့ ကြေးချပ်နှစ်ချပ်ကို ယူပြီး ချိုးဖဲ့ထုခွဲသတဲ့ . . .၊

ဒါကို ဘုန်းတော်ကြီးက တွေ့သွားပြီး ပြန်သိမ်းထားလိုက်ရတာတဲ့''

''ဖြစ်မှဖြစ်ရလေဗျာ။ ပတ္တမြားတန်ဖိုး လူရိုးမသိဆိုတဲ့ စကားလိုပါပဲလား။ ဒီလောက် သမိုင်းတန်ဖိုးကြီးမားလှတဲ့ ပုရပိုက်ချပ်တွေကို သာမန်ကြေးချပ်တွေလို့ထင်တယ် ထင်ပါရဲ့။ ဒါထက် မောင်လူရဲက မြန်မာစာဂုဏ်ထူးတန်းနဲ့ ဒီဂရီရထားသူဆိုတော့ ဒီပုရပိုက်တွေကို ဖတ်တတ်တယ်ပေါ့''

''မှန်တာကိုဝန်ခံရရင်တော့ ဆရာကြီးရယ် ကျောင်းမှာ ပါဠိသက္ကတတွေပဲ အထူးပြုသင်ခဲ့ရတာပါ။ ပျူစာကို အနည်းအကျဉ်းပဲ လေ့လာခွင့်ရခဲ့ပါတယ်။ ဒါကြောင့် အဲဒီပုရပိုက်တွေကို အနည်းအကျဉ်းတော့ ဖတ်တတ်ပါတယ်။ လုံးစေ့ပတ်စေ့တော့ မဖတ်နိုင်ပါဘူး ခင်ဗျာ''

''ဒါဆို ကျန်တဲ့ပုရပိုက်ချပ်တွေမှာ ဘာတွေရေးထိုးထားသလဲဆိုတာ ရိပ်ဖမ်းသံဖမ်းတော့ သိမှာပေါ့၊ ဟုတ်လား''

''ဟုတ်ကဲ့၊ ကျန်တဲ့ပုရပိုက်ချပ်အပြတ်တွေမှာ မြေပုံညွှန်းတွေ ပါတယ်ခင်ဗျ''

''ရွှေ . . . နိပ်လိုက်လေ၊ နေရာတော့ကျပြီထင်တယ် မောင်ဖေအောင်''

ပရော်ဖက်ဆာကြီးက သူနှင့်အတူပါလာသည့်လူကို လှည့်ကြည့်ကာ ဝမ်းသာတက်ကြွဟန်ဖြင့် ပြောရင်း လက်ဝါးနှစ်ဖက်ကို ပွတ်လျက် ရှိတော့၏။

သို့သော် ကိုဖေအောင်က ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းသည်။

''ဒါပေမဲ့ . . . သူတို့ခေါ်ထားတဲ့ဈေးက များလွန်းတယ် အန်ကယ်ရဲ့။ ကျွန်တော့်တိုက်ရောင်းပြီး ဝယ်တာတောင် မမီလောက်ဘူး။ ကျွန်တော်တို့မှာ ခရီးစရိတ်အတွက်ကလည်း ရှိသေးတယ်''

''အေး . . . အဲဒါတော့ဟုတ်တယ်။ ခရီးစရိတ်ကလည်း သုံးလေးသောင်းလောက်ကုန်ဦးမှာ။ စမ်းချောင်းက ကျုပ်ရဲ့အိမ်ရောင်းရင်လည်း လေးငါးထောင်ထက် ပိုမရဘူး။ ဟူး . . . ဘယ်လိုလုပ်ရပါ့''







www.burmeseclassic.com

www.burmeseclassic.com



"ပြီးတော့ ကျန်တဲ့ပေနှစ်ချပ်မှာ ဘာတွေရေးထားမှန်း ကျွန်တော်တို့ မသိနိုင်ဘူးလေ။ မြေပုံညွှန်းဆိုတာကလည်း ဘာမြေပုံညွှန်းမှန်းမှမသိတာ"

လူရဲက အကြပ်ရိုက်နေကြသူနှစ်ဦးကို အကဲခတ်ကြည့်ရင်း စူးစမ်းလိုက်သည်။

"ဆရာကြီးတို့က ရှေးဟောင်းပျူတွေနဲ့ပတ်သက်ပြီး စိတ်ဝင်စားယုံသက်သက်ပဲလား ခင်ဗျ"

"ဟုတ်တယ်ကွဲ့၊ ကမ္ဘာပေါ်မှာ ထူးထူးခြားခြား ပျောက်ဆုံးသွားတဲ့သူတွေရှိတယ်လေ။ ဥပမာအားဖြင့်ဆိုရရင်၊ ကမ္ဘာ့အနောက်ခြမ်းမှာရှိတဲ့ အတ္တလန်တိတ် သမုဒ္ဒရာထဲက အတ္တလန်တစ် ကျွန်းနိုင်ငံကြီးဟာ မြေငလျင် အပြင်းအထန်လှုပ်ရာက သမုဒ္ဒရာထဲ နစ်ဝင်ပြီး ပျောက်ဆုံးသွားတယ်လို့ သမိုင်းပညာရှင်အများအပြားက ယူဆထားကြတယ်လေ ...။

မာယာယဉ်ကျေးမှုကြီးကို အဆင့်မြင့်မြင့်တည်ထောင်ခဲ့တဲ့ မာယာလူမျိုးတွေလည်း ကမ္ဘာမြေပေါ်ကနေ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရတယ် ...။

ကျုပ်တို့ မြန်မာပြည်မှာလည်း မြန်မာလူမျိုးဆိုတာ မပေါ်ပေါက်ခင် လွန်ခဲ့တဲ့နှစ်ပေါင်း (၂၀၀၀) လောက်ကတည်းက





ပျူလူမျိုးတွေဟာ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်းစတဲ့ မြို့ပြနိုင်ငံတွေ တည်ထောင်ခဲ့ကြဖူးတယ် ...။

ပျူတွေ တကယ်ရှိခဲ့ကြောင်း နောက်ပိုင်းတူးဖော်တွေ့ရှိတဲ့ ရှေးပျူလက်ရာ မြို့ရိုးအဆောက်အအုံတွေ၊ ပေစာ ကျောက်စာတွေ၊ အသုံးအဆောင်ပစ္စည်းတွေ၊ အရိုးအိုးတွေအရ အခိုင်အမာသိရတယ်ကွဲ့ ...။

ဒါပေမဲ့ အဲဒီပျူလူမျိုးတွေ ဘယ်ရောက်သွားသလဲ ဆိုတာကို ဘယ်သူမှ တိတိကျကျ မသိကြဘူး။ သမိုင်းပညာရှင်တွေ၊ မနုဿဗေဒပညာရှင်တွေ ခုထိ အငြင်းပွားနေကြတုန်းပဲကွဲ့ ...။

ဘာပဲပြောပြော ပျူတွေဟာ မြန်မာ့သမိုင်းကနေ ပျောက်ခြင်းမလှပျောက်သွားတာကတော့ အမှန်ပဲ ...။

တချို့ပညာရှင်တွေက ပျူကနေ မြန်မာဖြစ်လာတယ်လို့ ဆိုကြတယ်။ အဲဒီအယူအဆကို တချို့ပညာရှင်တွေက လုံးဝလက်မခံကြဘူး။ သူတို့က မြန်မာလူမျိုးတွေဟာ တရုတ်ပြည်အနောက်မြောက်ပိုင်း၊ တိဗက်ပြည်အရှေ့မြောက်အရပ်ကနေ တောင်ဘက်ကို ရွှေ့ပြောင်းလာတဲ့ ချီအင်လို့လည်းခေါ်သလို မင်စောလို့လည်း ခေါ်တဲ့ မျိုးနွယ်ကနေ မြန်မာဆိုတာ ဖြစ်လာတာတဲ့ ...။



www.burmeseclassic.com

www.burmeseclassic.com



ပျူကနေ ဆင်းသက်လာတာမဟုတ်ဘူးတဲ့။ ပျူက သီးခြားသပ်သပ်တဲ့။ အဲဒီအယူအဆအရဆိုရင် ပျူတွေဟာ မြန်မာပြည်ထဲကနေ ပျောက်ခြင်းမလှ ပျောက်သွားခဲ့ရတယ်လို့ ဆိုရမယ် . . . ၊

ဒါကြောင့် ကျုပ်က အဲဒီပျူတွေ ဘယ်ရောက်သွားတယ် ဆိုတာ ဖော်ထုတ်ချင်တယ်။ ပြီးတော့ . . . တိဗက်ကလာတဲ့ ရဟန်းပြောသလိုဆို ပျူတွေဟာ ဒီနေ့အထိ မြန်မာပြည်ရဲ့တော တောင်နက်တစ်နေရာရာမှာ မြို့ပြနိုင်ငံကြီးတည်လျက် ရှိနေသေး တယ်ဆိုရင်တော့ ရှာဖွေရကျိုး ပိုနပ်ပြီပေါ့နော်။ ပျောက်ဆုံးသွား တဲ့ ရှေးဟောင်းလူမျိုးတစ်မျိုးကို ဖော်ထုတ်နိုင်တဲ့အတွက် ကျုပ် တို့ဟာ ကမ္ဘာကျော် စူးစမ်းရှာဖွေရေးအဖွဲ့အဖြစ် သမိုင်းမှတ်တမ်း ဝင်သွားမှာကွဲ့။ ဒ့ါအပြင် ကျုပ်ကိုယ်တိုင်က အဲဒီ ရှေးဟောင်း လူမျိုးတွေကို တွေ့ဖူးမြင်ဖူးချင်လှသကွယ်''

''ကျွန်တော်လည်း တော်တော်စိတ်ဝင်စားပါတယ် ဆရာကြီး။ မှန်တာပြောရရင် အရင်ကတော့ သိပ်စိတ်မဝင်စား လှဘူးခင်ဗျ။ ဒီပုရပိုက်ကစာတွေကို ကျေကျေညက်ညက် မဖတ် တတ်လို့လည်း ဖြစ်မှာပါပဲ။ စောစောကဆရာကြီးပြောတာတွေ ကြားရမှ စိတ်ဝင်စားလာတာ ခင်ဗျ''





ဤတွင် ဖရော်ဖက်ဆာဦးညွန့်လှိုင်က ဆေးပြင်းလိပ်တို ကို ပါးစောင်တွင် ပြင်ခဲလိုက်ရင်း အတန်ငယ်စဉ်းစားပြီးနောက်–

''မောင်ရင် တကယ် စိတ်ဝင်စားတယ်ဆိုရင် ကျုပ်တို့နဲ့ လိုက်ခဲ့ပါလား''

ဟု ရုတ်တရက် ပြောလိုက်ရာ လူရဲမှာ အံ့အားသင့်သလို ဖြစ်သွားရ၏။

''ဗျာ''

''သြော် . . . ဒီလိုပါကွယ်။ ကျုပ်ကတော့ အစကိုဆွဲမိပြီ ဆိုတော့ လွှတ်ဖို့မစဉ်းစားတော့ဘူး။ ကျောက်နဂါးကြီးနဲ့ အခုထိ ရှိနေသေးတယ်ဆိုတဲ့ ပျူလူမျိုးစုတွေကို တွေ့အောင်ရှာဖို့ လုံးဝ ဆုံးဖြတ်လိုက်ပြီ မောင်လူရဲရဲ့''

''အဲဒီလို ကျုပ်ရဲ့ ရှာဖွေစူးစမ်းမှုမှာ ငွေကြေးပိုင်းရော ဘာအဖြစ်ပါ လိုက်ပါကူညီမယ့်သူကတော့ ဟောဒီက မောင် အောင်စဲကွဲ့''

''ပြီးတော့ . . . ကျုပ်ရဲ့သမီးလည်း ပါမယ်။ သူကတော့ ဆင်တက္ကသိုလ်ဆေးသိပ္ပံကနေ ဆရာဝန်ဘွဲ့ရထားသူကွဲ့။ ကျုပ်ရဲ့ကျန်းမာရေးကူညီစောင့်ရှောက်ဖို့ သမီးက လိုက်မှာလေ။ ပြီးတော့ . . . ကျုပ်တို့ရဲ့သုတေသနပြု ရှာဖွေစူးစမ်းရေးအဖွဲ့မှာ



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရယ်၊ ကျုပ်သမီးရယ်၊ မောင်ဖေအောင်ရယ် သုံးဦးရှိတယ်။ အဲဒီအဖွဲ့ထဲမှာ မောင်ရင်ပါ ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်တာပါ။ မောင်ရင်ကလည်း စိတ်ဝင်စားတယ်ဆိုလို့ပါ။ ဘယ့်နှယ်လဲ''

ဤတွင် လူရဲက အတန်ငယ်ငိုင်သွားကာ စဉ်းစားသလို လုပ်လိုက်ပြီးမှ ခပ်ဖြည်းဖြည်းပြောသည်။

''အင်း ... ဆရာကြီးရဲ့ဖိတ်ခေါ်မှုအတွက် ဝမ်းသာပါတယ် ခင်ဗျ။ ရှေးဟောင်းလက်ကျန်ပျူတို့ရဲ့မြို့တော်ကြီး ရှာဖွေမယ့်ကိစ္စကို ကျွန်တော် တကယ်ပဲ စိတ်ဝင်စားပါတယ်။ ကျွန်တော့်ကို စဉ်းစားဖို့ အချိန်တော့ပေးပါခင်ဗျာ။ ကျွန်တော် ဒီတစ်ရက်နှစ်ရက်မှာပဲ အဖြေပေးပါ့မယ်။ ဆရာကြီးတို့နဲ့လည်း အဲဒီကိစ္စအတွက် ဆက်ပြီး ဆွေးနွေးချင်ပါသေးတယ် ခင်ဗျာ''

''ဟုတ်တာပေါ့၊ ဆွေးနွေးသင့်တာပေါ့။ အဲဒီတော့ ဒီလိုလုပ်လေ ... ကျုပ် visiting card ပေးထားခဲ့ပါ့မယ်။ မောင်ရင် ဆွေးနွေးချင်တဲ့နေ့မှာ လာခဲ့လေ။ သိပ်တော့မကြာစေနဲ့''

''ဟုတ်ကဲ့ ဆရာကြီး ... မကြာစေရပါဘူး ခင်ဗျာ။ ဒီတစ်ရက်နှစ်ရက်မှာပဲ ကျွန်တော် လာခဲ့ပါ့မယ်''

''အေး အေး ... ဒါဆိုလည်း ကျုပ်တို့ပြန်မယ်လေ ရော့ ရော့ ... ဒီပုရပိုက်ကို ပြန်သိမ်းထားလိုက်ပါဦးကွယ်''





''ဟုတ်ကဲ့''

ပရော်ဖက်ဆာကြီးက ကြေးပုရပိုက်နှင့်လိပ်စာကတ်ကလေးကို လူရဲ၏လက်ထဲ ထည့်လိုက်ပြီးနောက် နှုတ်ဆက်ကာ ကိုဖေအောင်ကိုခေါ်လျက် ဆိုင်ထဲမှ ထွက်သွားတော့၏။

လူရဲက ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်တို့၏ဆီဒင်ကားတော်ကြီး ထွက်သွားသည်ကို ငေးကြည့်ကျန်ရစ်ရာမှ ကြေးပုရပိုက်ကို ငုံ့ကြည့်လိုက်ပြီး မျက်မှောင်ကြုတ်လိုက်ပါတော့သတည်း။

❋

www.burmeseclassic.com

www.burmeseclassic.com

## ဆုံးဖြတ်ချက်အလှ

နောက်နှစ်ရက်အကြာ နံနက် (၉) နာရီခန့်တွင် လူရဲသည် ဟီးလ်မင်းကားလေးကို ကိုယ်တိုင်မောင်းကာ စမ်းချောင်းဘက်သို့ ထွက်ခဲ့လျက် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်၏အိမ်ရှိရာ ရှမ်းလမ်းထဲသို့ ခပ်ဖြည်းဖြည်း မောင်းဝင်လာခဲ့လေသည်။

''အင်း . . . ခြံနံပါတ် (၁၉)က ရှေ့ကခြံပဲ''

သူက ခြံတံခါးဖွင့်ထားသည့် အတန်ငယ်ကျယ်ဝန်းသော ခြံထဲသို့ မောင်းဝင်လာခဲ့လေ၏။

ဘန်ဂလိုပုံစံ ဆောက်လုပ်ထားပြီး ပြာမှိုင်းမှိုင်းဆေးရောင်





သုတ်ထားသည့် တစ်ထပ်ပျဉ်ထောင်အိမ်လေး၏အိမ်ရှေ့ဆင်ဝင်အောက်တွင် ကားထိုးရပ်လိုက်ကာ လူရဲက ကားပေါ်မှ ခပ်ဖြည်းဖြည်းဆင်းလိုက်လေသည်။

သူ၏လက်တစ်ဖက်ထဲတွင် အညိုရောင် သားရေလက်ဆွဲအိတ်ငယ်တစ်လုံးကို ဆွဲကိုင်ထားလေ၏။

သူက ကားဘေးတွင်ရပ်လျက် အိမ်တံခါးဝဆီလှမ်းကြည့်လိုက်စဉ်မှာပင် သံဘာဂျာတံခါးကို တစ်စုံတစ်ဦးက လာဖွင့်လေသည်။

တံခါးဝတွင် ရပ်နေသည့် ဖြူဝင်းလှပသော အမျိုးသမီးလေးကို မြင်လိုက်ရသည်၌ လူရဲ မျက်ခုံးပင့်လိုက်မိလေ၏။

''ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်''

အိမ်တံခါးဝမှ လွင့်ဝဲလာသည့် ဆည်းလည်းသံလေးကြောင့် လူရဲ လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး အိမ်ရှေ့လှေကားခုံဆီ လှမ်းတက်လိုက်တော့၏။

''ကျွန်တော် လူရဲပါ။ ဒီအိမ်က ဆရာကြီးပရော်ဖက်ဆာဦးညွန့်လှိုင် ဖိတ်ခေါ်ထားလို့ လာခဲ့တာပါ''

''ဪ . . . ကိုလူရဲလား၊ ကြွပါ . . . ကြွပါ၊ အိမ်ထဲကိုကြွပါရှင်။ ဖေဖေကတော့ မြို့ထဲခဏသွားပါတယ်။ ခဏနေရင်



www.burmeseclassic.com

www.burmeseclassic.com



ပြန်လာမှာပါ''

လူရဲက သူနှင့် အသက်မတိမ်းမယိမ်းခန့်လောက်ရှိမည့် မိန်းမချောလေးကို အံကဲခတ်သလို မသိမသာကြည့်ရင်း ညေ့ခန်း ထဲသို့ လှမ်းဝင်ကာ ကျွန်းဆက်တီခုံတစ်လုံးတွင် ဝင်ထိုင်လိုက် လေသည်။

အမျိုးသမီးချောလေးကလည်း သူ့ရှေ့မှ ဆက်တီခုံတွင် သိမ်မွေ့စွာ ဝင်ထိုင်လိုက်လေ၏။

ပြီးလျှင် သူမက အိမ်တွင်းဘက်ဆီသို့ လှည့်အော်ပြော လိုက်လေသည်။

''ဝါနုရေ ကော်ဖီတစ်ခွက်နဲ့ မုန့်ယူခဲ့ပါကွယ်''

ထို့နောက် သူမက လက်ကလေးပိုက်ကာ ဆက်တီခုံ နောက်ကျောမှီလိုက်လျက် လူရဲအား တည်ငြိမ်စွာပြုံးကြည့်ရင်း မေးလိုက်၏။

''ကိုလူရဲ ဆုံးဖြတ်ပြီးပြီလား''

''ဗျာ''

''သြော် . . . ကိုလူရဲရဲ့လက်ထဲမှာရှိတဲ့ ပျူကြေးပုရပိုက် နဲ့ပတ်သက်ပြီး ဖေဖေက သုတေသနခရီးထွက်ဖို့ဆန္ဒ သိပ် ပြင်းပြနေတယ်ရှင့်။ အဲဒီခရီးကလည်း ကိုလူရဲ ပူးပေါင်းပါဝင် 



ဖြစ်မှာလို့ ဖေဖေက ပြောပြပါတယ်။ ဒါကြောင့် . . . ကိုလူရဲအနေ နဲ့ ယွန်းတို့နဲ့ ပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ်ပြီးပြီလားလို့ မေးတာပါ ရှင်''

''သြော် . . . နာမည်က ယွန်းတဲ့လား''

''ယွန်းမိမိပါရှင်''

''ဒေါက်တာ ယွန်းမိမိပေါ့''

''ယွန်းလို့ပဲခေါ်ပါရှင်''

''ဟုတ်ကဲ့ . . . ကျွန်တော် ဆုံးဖြတ်ပြီးပါပြီ''

''ရှင်''

''သြော် . . . ယွန်းတို့နဲ့အတူ ပူးပေါင်းပါဝင်ဖို့ ဆုံးဖြတ် ပြီးပြီလို့ ပြောတာပါ''

လူရဲ၏စကားကို ကြားလေလျှင် ယွန်းမိမိ၏သမင်မ မျက် ဝန်းလေးများ ဝင်းလက်သွားပြီး မျက်နှာချောချောတွင် အပြုံး ပန်းလေး ပွင့်လန်းသွားပါတော့၏။

''အို . . . ကိုလူရဲရဲ့ဆုံးဖြတ်ချက်ကို ကြားရရင် ဖေဖေက တော့ သိပ်ကို ဝမ်းသာသွားမှာပါပဲရှင်''

အမှန်တော့ လူရဲသည် ဆွေးနွေးစရာရှိသည့်တို့ ဆက် သက် ဆွေးနွေးရန်သာ ဤအိမ်သို့လာခဲ့ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ယွန်းမီမီ၏အလှကို မြင်လိုက်ရမှ ဘာကြောင့်မှန်းမသိ သူမတို့နှင့် သုတေသနခရီး အတူလိုက်ရန် ချက်ချင်းဆုံးဖြတ်လိုက်မိခြင်း ဖြစ်ပါတော့သတည်း။

❋

## အခန်း (၂)

ယောနယ်သို့ ခရီးအစ

ကျောက်နဂါးကိုတွေ့ ရှိခြင်း

လျှို့ဝှက်ဂူဝသို့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

## ယောနယ်သို့ ခရီးအစ

လူရဲ၊ ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်တို့သားအဖနှင့် ကိုဖေအောင်တို့သည် သုတေသနခရီး အတူထွက်ရန် သဘောကိုက်ညီပြီးနောက် သုံးရက်လုံးလုံး အသေးစိတ် တိုင်ပင်ဆွေးနွေးကြကာ ခရီးထွက်ရာတွင် လိုအပ်မည့်ပစ္စည်းပစ္စယ၊ စားရေရိက္ခာ၊ ဆေးဝါး၊ လက်နက်ခဲယမ်းမီးကျောက်တို့ကို စုဆောင်းဝယ်ယူခြင်း ပြုကြရလေ၏။

ခရီးစဉ်အတွက် ကုန်ကျစရိတ်တို့ကို ကျောက်ပွဲစားဖြစ်သော ကိုဖေအောင်က ကျခံရန် တာဝန်ယူထားပြီး ပရော်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဆာကြီးဦးညွန့်လှိုင်က ဘာသာစကားနှင့် ပတ်သက်သည်ကို တာဝန်ယူလေသည်။

ဒေါက်တာမလေးယွန်းမီမီက အဖွဲ့သားအားလုံး၏ကျန်းမာမှုစောင့်ရှောက်ရေးကို တာဝန်ယူလေ၏။

လူရဲကမူ ဤခရီးစဉ်၌ အဓိကအကျဆုံးဖြစ်သော လမ်းညွှန်မြေပုံပါသည့် ရှေးဟောင်းပျူကြေးပုရပိုက်ချပ်တို့ကို ယူဆောင်လာခြင်းအားဖြင့် အဖွဲ့ကို အဓိကအထောက်အကူ ပြုရလေသည်။

ယင်းသို့ တာဝန်ကိုယ်စီယူကြရာ၌ လူရဲက အပိုင်းပိုင်းပြတ်နေသည့် ပုရပိုက်နှစ်ချပ်၏အပိုင်းအစတို့ကို ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်တို့၏လက်သို့မအပ်ဘဲ သူ၏ကျောပိုးအိတ်ထဲမှာသာ ကတ္တီပါစဖြင့် ထုပ်ကာ သိမ်းထားလေ၏။

ခရီးစဉ်အတွင်း ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ကြည့်ရှုရန် လိုအပ်မှ ယင်းပုရပိုက်အပိုင်းအပြတ်တို့ကို ခေတ္တထုတ်ပေးလေ့ ရှိလေသည်။ လက်နက်အဖြစ် ကိုဖေအောင်က လိုင်စင်ဖြင့် ကိုင်ဆောင်သော လျူဂါပစ္စတိုတစ်လက် ယူဆောင်လာပြီး ပရော်ဖက်ဆာကြီးနှင့် လူရဲတို့အတွက် အမဲပစ်ရိုင်ဖယ် တစ်လက်စီနှင့် ကျည်များကိုပါ တာဝန်ယူဖန်တီးပေးလေ၏။





သို့ဖြင့် ဆွေးနွေးစရာရှိသည်တို့ကို ဆွေးနွေးပြီး ဝယ်ခြမ်းစရာရှိသည်တို့ကို ဝယ်ခြမ်းကာ စီစဉ်စရာရှိသည်တို့ကို စီစဉ်ပြီးနောက် ခရီးစတင်ထွက်ခဲ့ကြတော့၏။

လူရဲတို့အဖွဲ့တွင် လူရဲ၊ ပရော်ဖက်ဆာဦးညွန့်လှိုင်၊ ယွန်းမီမီနှင့် ကိုဖေအောင်တို့ပြင် ကိုဖေအောင်၏တပည့် တာတီနှင့် ခေဆင်တို့လည်း ပါဝင်လေသည်။

လူရဲနှင့် ပရော်ဖက်ဆာကြီးတို့၏သဘောတူညီချက်မှာ သူတို့သွားရောက်မည့် သုတေသနခရီးမှ အကျိုးအမြတ် တစ်စုံတစ်ရာ ရရှိလာပါက လူရဲ၊ ပရော်ဖက်ဆာဦးညွန့်လှိုင်၊ ယွန်းမီမီနှင့် ကိုဖေအောင်တို့ လေးဦးအညီအမျှ ခွဲဝေယူကြရန် ဖြစ်၏။

ယင်း သုတေသနခရီးအတွက် ကုန်ကျစရိတ်အားလုံးကို ကိုဖေအောင်က ကျခံရန် တာဝန်ယူခြင်းမှာ ကိုဖေအောင်အား သူ တစ်ဖက်သတ်ကြိုက်နေသည့် ယွန်းမီမီနှင့် လက်ထပ်ပေးရန် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က သဘောတူထားခြင်းကြောင့် ဖြစ်လေသည်။

ပရော်ဖက်ဆာဦးညွန့်လှိုင်နှင့် ကိုဖေအောင်၏ဖခင် ဦးအုန်းခိုင်တို့မှာ ငယ်သူငယ်ချင်းများဖြစ်ကြသည့်အပြင် အစိုးရအရာရှိ အရေးပိုင်တစ်ဦးဖြစ်သော ဦးအုန်းခိုင်က ပရော်ဖက်ဆာ



www.burmeseclassic.com

www.burmeseclassic.com



ဦးညွန့်လှိုင်တို့မိသားစုအပေါ်၌ ကျေးဇူးများစွာရှိသည်ဟု ပရော်ဖက်ဆာကြီးက ပြောပြလေသည်။

''ကျုပ် အိန္ဒိယနိုင်ငံက ဒါဂျီလင်တက္ကသိုလ်မှာ မဟာဘွဲ့အတွက် သင်တန်းသွားတက်ရင်း လက်ထောက်နည်းပြအဖြစ် အလုပ်ဝင်နေတုန်းမှာ ကျုပ်ရဲ့ဇနီးနဲ့ ခုနစ်တန်းကျောင်းသူ သမီးယွန်းမီမီတို့ကို ကျုပ်ရဲ့သူငယ်ချင်းအုန်းခိုင်က စောင့်ရှောက်ကြည့်ရှုထားခဲ့တယ် မောင်လှူရဲ့ ...၊

သမီးငယ်ငယ်ကတည်းက အရွယ်ရောက်လာရင် သူ့သားနဲ့ ပေးစားဖို့ အုန်းခိုင်က ပြောထားခဲ့တာလေ။ ကျုပ်ရဲ့ဇနီး နာတာရှည်ဖြစ်တော့လည်း အုန်းခိုင်တို့လင်မယားကပဲ သူတို့အိမ်ဆီ သားအမိနှစ်ယောက်စလုံးကို ခေါ်ထားပြီး ပြုစုစောင့်ရှောက် ဆေးဝါးကုသပေးခဲ့တယ်ကွဲ့ ...၊

ကျုပ် ဒါဂျီလင်တက္ကသိုလ်ကနေ ခွင့်ယူပြီး မြန်မာပြည် ပြန်လာခဲ့တာမှာ သဘောၤခရီးစဉ် နှောင့်နှေးနေလို့ ဇနီးသည်ရဲ့ အသက်မီရုံလေးရှိတယ်။ ဘာပဲဖြစ်ဖြစ် အုန်းခိုင်တို့ရဲ့ကျေးဇူးက မေ့လို့မရပါဘူးကွယ် ...၊

ကျုပ်ရဲ့ဇနီး ကွယ်လွန်ပြီးတဲ့နောက် သမီးကိုခေါ်ပြီး ကျုပ် ဒါဂျီလင် ပြန်သွားခဲ့တယ်။ သမီးကိုဟိုမှာပဲ ဆရာဝန်ဘွဲ့





တဲ့အထိ ကျောင်းဆက်ထားခဲ့တယ်။ ကျုပ်အလုပ်ကနေထွက်ပြီး မြန်မာပြည်ဆီ သမီးနဲ့အတူ ပြန်လာတော့ အုန်းခိုင်တို့လင်မယား ဘ ကွယ်လွန်သွားခဲ့ကြပြီကွဲ့ ...၊

ဒါပေမဲ့ ... ကျုပ်တို့မိသားစုအပေါ် ကျေးဇူးရှိတဲ့ သူငယ်ချင်းအုန်းခိုင်ကို ပေးထားတဲ့ကတိ အပျက်ခံဖို့ မသင့်ဘူးလေ။ အဲဒါကြောင့် ... မောင်ဖေအောင်ကို သမီးနဲ့လက်ဆက်ပေးဖို့ စီစဉ်ထားရတယ်ကွဲ့ ...၊

ဒါပေမဲ့ သမီးက အိမ်ထောင်မပြုချင်သေးဘူးဆိုပြီး အချိန်ဆွဲထားလို့ ခုအထိ လက်ထပ်မပေးရသေးဘူးကွဲ့။ အခု သူ့ဘဝသနုခရီးအတိုင်းအတာတစ်ခုအထိ အောင်မြင်ပြီးမြောက်ခဲ့ပြီဆိုရင်တော့ ပြန်လာရင် မင်္ဂလာပွဲကျင်းပပေးရမှာပေါ့ကွယ်''

ခရီးမထွက်မီ တစ်ညနေတွင် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်၏နေအိမ်၌ လှူရဲနှင့် နှစ်ဦးတည်းဆုံစဉ် ပရော်ဖက်ဆာကြီး ပြောပြမှ ယွန်းမီမီနှင့် ကိုဖေအောင်တို့၏အခြေအနေကို လှူရဲ သိခဲ့ရခြင်းဖြစ်၏။

''အင်း ... ဒီအတိုင်းဆို ယွန်းမီမီနဲ့ပတ်သက်လို့ ငါ့အတွက် မျှော်လင့်ချက်မရှိတော့သလိုပါလား။ အင်းလေ ... ဘာပဲဖြစ်ဖြစ် ဆရာကြီးရဲ့ခရီးစဉ်မှာ လိုက်ပါပါ့မယ်လို့ ကတိပေး



www.burmeseclassic.com

www.burmeseclassic.com



ထားပြီးမှတော့ ကတိကို ဖျက်လို့မဖြစ်ဘူး။ ငါ လိုက်သွားမှ ဖြစ်မယ်''

ယင်းသို့ဖြင့် လူရဲသည် ခရီးမှာလိုက်ပါခြင်းခဲ့ခြင်းဖြစ်၏။

သူတို့လူစုသည် ဂျစ်ကားစီးလုံးငှားပြီး ရန်ကုန်–မန္တလေး ကားလမ်းမကြီးအတိုင်း ခရီးထွက်လာခဲ့ကြရာ မိတ္ထီလာ၊ ကျောက်ပန်းတောင်း၊ ညောင်ဦးလမ်းအတိုင်း ခရီးနှင်ခဲ့ပြီးလျှင် ညောင်ဦးဆိပ်ကမ်းမှနေ၍ မော်တော်ဖြင့် ဧရာဝတီမြစ်ကြီးကို ဖြတ်ကူးခဲ့ကြလေသည်။

ထို့နောက် ပခုက္ကူတွင် တစ်ညအိပ်ကြပြီး နောက်နေ့နံနက်၌ ဗြိတိသျှအစိုးရ ၁၉၀၀–ပြည့်နှစ်က ခင်းခဲ့သည့် မြေလမ်းအတိုင်း ပခုက္ကူမှ ပေါက်၊ ထိုမှ ထီးလင်းသို့ ခရီးဆက်ခဲ့ကြ၏။

''ပျူရသေ့ကြီး အသဃိရဲ့ စတုတ္ထမြောက်ကြေးပုရပိုက်ချပ်မှာ ရေးဆွဲထားတဲ့ မြေပုံညွှန်းအရဆိုရင် ကျောက်နဂါးကြီးဟာ ထီးလင်းမြို့နဲ့ ဂန့်ဂေါမြို့ရဲ့ကြားက ဆေးမင်းတောရွာကြီးနားမှာ ရှိနိုင်တယ် ဆရာကြီး''

''ဟုတ်တယ် မောင်လူရဲ။ ကျုပ်တို့ အဲဒီဆေးမင်းတောကြီးရွာဆီ ဦးတည်သွားရမယ်ကွဲ့''

''အင်း . . . ဖေဖေရှာဖွေချင်နေတဲ့ ကျောက်နဂါးကြီးရှိတဲ့ နေရာကို ခုဆို အနီးစပ်ဆုံးသိရပြီးနော် အဲဒါဟာ ကိုလူရဲ ဆိုထားတဲ့ ပျူကြေးပုရပိုက်ရဲ့ကျေးဇူးကြောင့်ပဲနော် ဖေဖေ''

''ဟုတ်တာပေါ့ သမီးရယ်။ ဒီခရီးကို မောင်လူရဲကိုယ်တိုင်လိုက်လာလို့လည်း အဆင်ပြေတာပေါ့။ အဲဒီပျူကြေးပုရပိုက်တွေ့သာမရှိရင် ကျောက်နဂါးကြီးရှိရာအရပ်ကို ဖေဖေတို့ ဘယ်လိုမှ ရှာတွေ့မှာမဟုတ်ဘူးကွဲ့''

ပခုက္ကူမြို့မှ ငှားလာခဲ့သည့် ဂျစ်ကားပေါ်တွင် လိုက်ပါခဲ့ကြရင်း စကားတပြောပြောရှိခဲ့ကြရာမှ ဆေးမင်တောကြီးရွာဆီသွားရာလမ်းခွဲအတိုင်း ခရီးနှင်ခဲ့ကြလေသည်။

လူရဲတို့သည် ပေ ၃၀၀၀ ကျော်မြင့်သော ပုံတောင်နှင့် ပုံညာတောင်တန်းကြီးတို့၏ တောင်ခြေဘက်ဆီသို့ ဆက်လက်သွားရမည်ဖြစ်ရာ ထိုခရီးလမ်းမှာ သဲချောင်းများ၊ တောင်ပူစာများ ဆူးချုံတောများ ထူထပ်စွာရှိနေသဖြင့် ကားဆက်သွား၍ မရတော့ချေ။

''ဆရာတို့ ဒီကနေ ခြေလျင်သွားမှရမယ်ဗျ။ ကားသွား၍ မရတော့ဘူး''

''ကောင်းပြီလေ၊ ဒီကနေ ခြေလျင်ခရီးကြမ်း စပြီနဲ့ ပါရဲ့''





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးကားပေါ်မှ ဆင်းကြရတော့သည်။

ကိုဖေအောင်၊ လူရဲ၊ ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်နှင့် ယွန်းမိမိတို့က ကျောပိုးအိတ်တစ်လုံးစီလွယ်ပိုးထားကြပြီး ကိုဖေအောင်၏တပည့် ရေဆင်နှင့် တာတီးတို့နှစ်ဦးက အလေးချိန် အစီးဆုံး ကျောပိုးအိတ်ကြီးတို့ကို လွယ်ပိုးကြလျက် ခြေလျင်ခရီး ကြမ်း စတင်နှင်ကြရတော့၏။

သူတို့သည် သဲချောင်းနှစ်ချောင်းကိုကျော်ဖြတ်ပြီးနောက်မှာမူ တမာတောကို ဖြတ်သန်းကြရရာ တမာပင်ရိပ်အောက်တို့တွင် ခရီးတစ်ထောက်နားကြပြီးလျှင် ညနေစာစားကြရလေသည်။

''ဟိုးက တောင်တန်းကြီးတွေက ပုံတောင်နဲ့ပုံညာ တောင်တန်းကြီးတွေပေါ့ ဟုတ်လား ဖေဖေ''

''အေးပေါ့ သမီးရဲ့။ မြေပုံအရဆိုရင် အဲဒီတောင်တန်းကြီးတွေဟာ ယောဒေသရဲ့ နာမည်ကျော် ပုံတော်ပုံညာတောင်တန်းကြီးတွေပဲ ဖြစ်မှာပေါ့ကွယ်''

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က မြန်မာပြည်မြေပုံကြီးကို မြေပေါ်မှာ ဖြန့်ချကာ မြေပုံကိုကြည့်လိုက်၊ မိမိတို့ရောက်ရှိနေသည့် ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက် လုပ်နေရင်းမှ ပြန်ဖြေလိုက်သည်။





''ဟိုးအနောက်ဘက်က တောင်တန်းကြီးတွေကရော ဖေ''

''အဲဒါ ချင်းတောင်တန်းတွေပဲ သမီးရဲ့''

လူရဲက အနီးရှိ အမြင့်ဆုံးတမာပင်ပေါ်တက်ကာ အရှေ့ဘက်အရပ်ဆီသို့ မျှော်ကြည့်လိုက်ပြီးနောက် ဝမ်းသာစွာ အော်ပြောလေသည်။

''ဆရာကြီးရေ . . . ဟိုးရှေ့က ခင်တန်းလေးကို ကျော်လိုက်ရင် ရှေ့က တောင်တန်းလေးရဲ့ တောင်ခြေမှာ ရွာတစ်ရွာ တွေ့တယ်ဗျ။ အဲဒါ ဆေးမင်တောရွာပဲဖြစ်မယ် ဆရာကြီး''

ထို့နောက်မှာမူ သူတို့သည် လူရဲ လှမ်းတွေ့ရသည့် ရွာလေးဆီသို့ ဦးတည်လျက် ခရီးဆက်ခဲ့ရင်း ညနေဆည်းဆာက ရှိသည်ထက် ရင့်အိုလာပါတော့၏။

✻



www.burmeseclassic.com

www.burmeseclassic.com

## ကျောက်နဂါးကိုတွေ့ရှိခြင်း

လူရဲတို့သည် ခင်တန်းတစ်ခုကို ကျော်ဖြတ်ကာ ရိုးပြတ်လယ်ကွင်းတို့ကို အတန်ကြာဖြတ်လာပြီးနောက်တွင် တောင်တန်းငယ်တစ်ခုကို နောက်ခံပြုထားသည့် ရွာတစ်ရွာအနီးသို့ ရောက်ရှိသွားပါတော့၏။

ယင်းအချိန်ဝယ် အမှောင်ထုက ဖုံးလွှမ်းလာကာ ဟေမာန်ဦးရာသီပေမို့ အေးစိမ့်စိမ့်ဖြစ်လာခဲ့သည်။

သူတို့ရွာလယ်လမ်းမှ ဝင်ရောက်လာချိန်တွင် တိတ်ဆိတ်နေသော တဲအိမ်၊ သစ်သားအိမ်လေးတို့ထဲမှ မီးအလင်း





ရောင်အချို့ ဖြာထွက်လျက်ရှိသည်ကို တွေ့ရ၏။

လက်နှိပ်မီးရောင်တဝင်းဝင်းဖြင့် ရွာလယ်လမ်းအတိုင်း ဝင်ရောက်လာသည့် သူတို့လူစုကို တဲအိမ်တို့၏ ကလားတံခါးများ၊ သစ်သားအိမ်တို့၏ ပြတင်းတံခါးများကြားမှ ရွာသူရွာသားအချို့က ချောင်းကြည့်အကဲခတ် စူးစမ်းလျက် ရှိကြလေသည်။

မြေပြန့်ဒေသမှ လာရောက်ရန် လမ်းပန်းခရီးခက်ခဲလှသည့် ဤယောနယ်ဒေသဆီ လူစိမ်းများ လာရောက်ခဲလှရာ ကျောပိုးအိတ်ကိုယ်စီ၊ လက်နှိပ်မီးရောင် တဝင်းဝင်းနှင့် တန်းစီချက် ဝင်ရောက်လာကြသည့် လူရဲတို့လူစုကို အထူးအဆန်းအဖြစ် ရွာသူရွာသားတို့က အကဲခတ်ကြည့်နေကြခြင်း ဖြစ်သည်။

ဝဲယာမှ ခြံဝိုင်းများထဲသို့ အကဲခတ်ကြည့်ရင်း ရွာထဲဝင်လာခဲ့ကြသည့် လူရဲတို့သည် ခြံဝိုင်းတစ်ခုထဲရှိ အိမ်တစ်ဆောင်အောက်မှ နွားတင်းကုပ်ထဲ၌ ခြင်မီးခိုးတိုက်နေသည့် လူတစ်ဦးကို တွေ့လိုက်ရာ လူရဲက လှမ်းခေါ်လိုက်လေ၏။

"နောင်ကြီး နောင်ကြီး ...ဒီရွာက ဆေးမင်တောရွာလားခင်ဗျ"

ထိုလူက နွားတင်းကုပ်ထဲမှနေ၍ ခြံဝသို့ လှမ်းလျှောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမောင်တို့က ဘယ်သူတွေလဲ၊ ဧည့်သည်တွေလား"

ထိုလူက လူရဲတို့ကို အကဲခတ်သလိုကြည့်ရင်း မေ လိုက်လေ၏။

"ဟုတ်ပါတယ်ခင်ဗျာ၊ ဒီရွာက ဆေးမင်တောရွာလား ခင်ဗျ"

"ဟုတ်တယ် ...ဒါ ဆေးမင်တောရွာပါပဲ။ ဘယ်သူ့ အိမ် လာတာလဲ"

"အဲ ... ရွာ ... ရွာလူကြီးအိမ်သွားချင်လို့ပါ နောင်ကြီး လမ်းညွှန်ပြပေးပါ ခင်ဗျာ"

"ဪ ... ရွာလူကြီးအိမ်လား။ ဟိုးရှေ့က ငါး မြောက် ဝဲဘက်ကခြံပဲ။ ခြေတံရှည်အိမ်မြင့်ကြီးပဲ"

"ဪ ... ဟုတ်ကဲ့၊ ကျေးဇူးပါပဲ"

သို့ဖြင့် လူရဲတို့ ရွာလူကြီးအိမ်သို့ ရောက်ခဲ့ရသည် သဘောကောင်း ဖော်ရွေလှသော ရွာသူကြီးဦးအောင်သိန်းအာ လူရဲတို့က ကျောက်နဂါးကြီးကို ရှေးဟောင်းသုတေသနဖြင့် ကြည့် ရှုလေ့လာရန် လာရောက်ခြင်းဖြစ်ကြောင်း ရှင်းပြရလေ၏

"ကျွန်တော်တို့က သုတေသီတွေပါ အဘ။ ဒီနယ် ဒီဆေးမင်တောရွာနားမှာ ကျောက်နဂါးကြီးရှိတယ်လို့ သတ





ကြားရတာနဲ့ သုတေသနပြု လေ့လာဖို့ ရောက်လာရတာပါ ခင်ဗျ"

"ဪ ... ကျောက်နဂါးကြီးဆီ လာကြတာကိုး"

ဤတွင် မျက်လုံးတို့၌ မျှော်လင့်ခြင်းအရောင် လက် လက်တောက်သွားသည့် ပရော်ဖက်ဆာဦးညွန့်လှိုင်က စိတ်အား ထက်သန်စွာ ဝင်မေးလိုက်သည်။

"ကျောက် ... ကျောက်နဂါးကြီးက တကယ်ရှိတယ်ပေါ့ ဟုတ်လားခင်ဗျ"

"ဟာ ... ရှိပြီလားဗျ။ ဒီရွာရဲ့အရှေ့ဘက်ထိပ်မှာ ထီး ထီးမားမားကြီးရှိပါ့ဗျာ"

"အေးဗျာ ... ရွာလူကြီးရယ် ဝမ်းသာလိုက်တာဗျာ။ အခုသွားကြည့်လို့ရမလား ခင်ဗျ"

"မနက်မှ သွားကြည့်ကြပါဗျာ။ ကျုပ်ကိုယ်တိုင် လိုက်ပို့ ပါ့မယ်။ အခု ဆရာကြီးတို့ ပင်ပန်းလာပါတယ်။ ကျုပ်ရဲ့အိမ်မှာပဲ တည်းပြီး ဒီညအိပ်စက်အနားယူလိုက်ပါဗျာ။ မနက်ကျ တွေ့ရမှာ ပေါ့။ အဲဒီကျောက်နဂါးကြီးက ဘယ်မှထွက်မပြေးပါဘူး ... ဟဲ ဟဲ ဟဲ"

ညဉ့်ကလည်း နက်လာပြီဖြစ်ပြီး တောတောင်တို့ ဝိုင်းရံ



www.burmeseclassic.com

www.burmeseclassic.com



နေသောဒေသမှ အအေးဓာတ်ကလည်း ပိုပိုလာရာ ရွာလူကြီး ဦးအောင်သိန်း၏စကားအတိုင်း ခရီးပန်းလာသည့် လူရဲတို့ ရွာလူကြီး၏အိမ်မှာပင် တည်းခိုအိပ်စက်လိုက်ကြပါ၏။

နောက်နေ့နံနက်မှာမှ သဘောကောင်းလှသည့် ရွာလူကြီးမိသားစုကျွေးသော ကောက်ညှင်းပေါင်းနှင့် အမဲခြောက်ဖုတ်ဆီဆမ်းတို့ကို ရေနွေးကြမ်းပူပူနှင့် အားပါးတရ စားသောက်ကြပြီးနောက် ဆေးမင်တောရွာကြီး၏ အရှေ့ဘက်ဆီ စိတ်အားတက်ကြွစွာ ထွက်လာခဲ့ကြလေသည်။

ကျောပိုးအိတ်များနှင့် ဝန်စည်စလည်တို့ကို ရွာလူကြီးအိမ်မှာ ထားရစ်ခဲ့ကြပြီး လက်နက်များရှိနေသဖြင့် တာတီးနှင့် ရေဆင်တို့ကို အစောင့်အဖြစ် ထားရစ်ခဲ့ကြကာ လူရဲ၊ ပရော်ဖက်ဆာဦးညွန့်လှိုင်၊ ယွန်းမိမိနှင့် ကိုဖေအောင်တို့လေးဦးထဲ ရွာလူကြီးနှင့်အတူ ကျောက်နဂါးကြီးကို ကြည့်ရှုလေ့လာရန် ရွာရှေ့ဘက်ထိပ်ဆီ ထွက်ခဲ့ကြလေသည်။

"အဲဟိုမှာပါဗျား၊ ခင်ဗျားတို့ တွေ့ချင်မြင်ချင်လှတဲ့ ကျောက်နဂါးကြီး"

ဆေးမင်တောရွာကြီး၏အရှေ့ဘက်ထိပ်တွင် ရော ကျောက်နဂါးကြီးကို အကယ်ပင် ထီးထီးမားမားကြီးတွေ့ကြ





ရတော့၏။

"ဟာ ... ကျောက်နဂါးကြီးက တကယ့်ရောမကြီးပါလား"

"ဟုတ်တယ်၊ ရှေးပဝေသဏီကတည်းက တည်ရှိခဲ့တာကွဲ။ ဘယ်ခေတ်ဘယ်ကာလကတည်းက တည်ရှိခဲ့တာလည်းဆိုတာတော့ ကျုပ်တို့ရွာသားတွေ ဘယ်သူမှမသိကြဘူး"

အမောက်ကြီးထောင်ထနေသည့် ကျောက်နဂါးကြီးကား တကယ့် သဘာဝနဂါးကြီးတစ်ကောင်နှယ် အသက်ဝင်လှပေသည်။

"ဒီကျောက်နဂါးကြီးရဲ့ဦးခေါင်းထိပ်အမြင့်ဟာ မြေပြင်ကနေ အတောင် (၂၀) ရှိတယ်ကွဲ့။ အတောင် (၂၀) ဆိုတော့ (၃၀) ပေပေါ့"

"အင်း ... အတော်ကြီးကိုမြင့်တာပါပဲလား"

မှတ်ချက်။ ။

အဆိုပါ ကျောက်နဂါးကြီးသည် ယနေ့ထက်တိုင် မကွေးတိုင်း ထီးလင်းမြို့နယ်အတွင်း ဆေးမင်တောရွာကြီးထိပ်နားတွင် တည်ရှိနေပါသည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com



ကျောက်နဂါးကြီးသည် မြောက်ဘက်အရပ်ကို မျက်နှာ
ကာ ဦးခေါင်းထောင်လျက်ရှိပြီး တောင်ဘက်အရပ်ဆီ ကိုယ်လုံး
က နိမ့်လျော့ဆင်းသွားလျက် အမြီးက မြေထဲနှစ်ဝင်လျက်ရှိပါ၏

ကျောက်နဂါးကြီး၏ခေါင်းအုမောက်ထိပ်အထိ ပေ (၃၀
မြင့်သလို ကိုယ်လုံးအလျားက အတောင် (၃၀) မှ ပေမြင်
တွက်လျှင် (၄၅) ပေ ရှည်လျားလေ၏။

"ဒီကျောက်နဂါးကြီးကို ကျုပ်တို့ရွာသူရွာသားတွေသ
မက အနီးတစ်ဝိုက် ရွာတွေကပါ အလေးအမြတ်ထား ရှိသေကြ
တယ်ကွဲ့။ ဒီဒေသဟာ နတ်ကြီးတယ်လို့ ယူဆကြတဲ့အတွက်
မရှိမသေ မပြုဝံ့ကြဘူး"

လူရဲတို့က ကျောက်နဂါးကြီးကို သေသေချာချာလှည့်
ပတ်ကြည့်ရှုကြ၏။

ကျောက်လွှာအထပ်ထပ်နှင့် တည်ရှိနေသော ကျော
နဂါးကြီး၏သွင်ပြင်ဟန်က ရှုမငြီးအောင် တင့်တယ်လှပေသည်။

နံနက်ပိုင်းတစ်ချိန်လုံး ကျောက်နဂါးကြီးကို စိမ်ပြေနပြေ
လေ့လာကြပြီးနောက် ရွာလူကြီးအိမ်ပြန်ကာ ရေမိုးချိုးကြ၏

ရွာလူကြီးမိသားစုတည်ခင်းသည့် နေ့လယ်စာစားကြပြီး





နောက် ခြံဝိုင်း၏ဝဲဘက်ထောင့်ရှိ သစ်တိုပင်ကြီးအောက်မှ ခုံဝိုင်း၌
နှစ်ဦးတည်းထိုင်မိကြစဉ် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လူရဲကို
ရှေ့လုပ်ငန်းစဉ်အတွက် ဆွေးနွေးတိုင်ပင်လေသည်။

"မောင်လူရဲရေ ကျုပ်တို့ရဲ့ ပထမရည်မှန်းချက်ဖြစ်တဲ့
ကျောက်နဂါးကြီးကိုတော့ အောင်အောင်မြင်မြင် တွေ့ရှိခဲ့ကြပြီးပြီ
ကွဲ့၊ အဲဒီလို ရှာဖွေတွေ့ရှိတာဟာလည်း ပျူကြေးပုရပိုက်ထဲမှာ
ပါတဲ့ မြေပုံအညွှန်းဟာ မှန်ကန်လို့ပဲကွဲ့"

"မြေပုံက နှစ်ခုပါတယ် ခင်ဗျ။ ကျောက်နဂါးကြီးရှိရာ
အရပ်ကို ရည်ညွှန်းတာက မြေပုံတစ်ခု နောက်မြေပုံကတော့
ပျူတို့ရဲ့ လျှို့ဝှက်မြို့တော်ရှိရာအရပ်ဆီ ညွှန်ပြထားတဲ့မြေပုံပဲ
ဖြစ်ရမယ် ဆရာကြီးရဲ့"

"သိပ်ဖြစ်နိုင်တာပေါ့ကွယ်။ မောင်လူရဲကသာ အဲဒီမြေပုံ
ကျုပ်တို့ကို သေချာပြန်ပြဖို့လိုမယ်ကွဲ့"

"ဟုတ်ကဲ့ . . . ကွဲကြေနေတဲ့ ကြေးပြားတွေကို ပြန်စေ့စပ်
ပြီး ဆရာကြီးတို့ကို ပြမှာပါ"

လူရဲက ပရော်ဖက်ဆာဦးညွန့်လှိုင်နှင့် ဆွေးနွေးတိုင်ပင်
နေရာမှ ဝါးနှစ်ရိုက်ခန့် ဝေးကွာသော ခြေတံရှည်အိမ်မြင့်ကြီး၏
ချန်တာဆီ မျက်စိအကြည့်ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရွာလူကြီးဦးအောင်သိန်း၏အိမ်ရှေ့ ဝရန်တာတွင် ယွန်းမိမိနှင့် ကိုဖေအောင်တို့ ဝါးကုလားထိုင်များဖြင့် မျက်နှာချင်းဆိုင်ထိုင်နေကြရင်း အကြောင်းအရာတစ်ခုခုကို အကြိတ်အနယ် ပြောဆိုနေကြသည်ကို လူရဲ သတိပြုမိ၏။

ခဏအကြာတွင် ကိုဖေအောင်က အိမ်ပေါ်မှဆင်းလာပြီး သူ့တပည့် တာတီးနှင့်မြဝင်း (ခေါ်) ရေဆင်တို့နှစ်ယောက်နှင့်အတူ ရွာလယ်လမ်းအတိုင်း ရွာအရှေ့ပိုင်းသို့ ထွက်သွားသည်ကို တွေ့ရသည်။

ကိုဖေအောင်၏မျက်နှာမှာ အတန်ငယ်တင်းမာလျက်ရှိပြီး သူတို့ထိုင်နေသည့် သစ်တိုပင်ကြီးအောက်ဆီ တစ်ချက်လှည့်ကြည့်သွားသည်ကို လူရဲ သတိပြုမိလိုက်၏။

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က အိမ်သာရှိရာ ခြံဝိုင်းကြီး၏နောက်ဘက်ဆီထွက်သွားစဉ် ယွန်းမိမိက အိမ်ပေါ်မှဆင်းလာပြီး သစ်တိုပင်ကြီးရှိရာဆီ ခပ်ဖြည်းဖြည်း လျှောက်လှမ်းလာကာ ပင်စည်ကြီးကို ပတ်ဝိုင်းဆောက်ထားသည့် သစ်သားခုံဝိုင်း၌ အသာဝင်ထိုင်လေသည်။

"ကိုဖေအောင်နဲ့ ဘာတွေ အခြေအတင်ပြောနေတာလဲ ယွန်း"





မျက်နှာအနည်းငယ် ညှိုးနေဟန်ရှိသည့် ယွန်းမိမိအား အကဲခတ်သလိုကြည့်ရင်း လူရဲကမေးလိုက်ခြင်းဖြစ်သည်။

"ကိုဖေအောင်နဲ့ အခြေအတင်ပြောရတာကတော့ ကိုလူရဲနဲ့ပတ်သက်လို့ပါပဲ"

"ဗျာ ... ကျွန်တော်နဲ့ပတ်သက်လို့ ဟုတ်လား"

"ဟုတ်ပါတယ် ကိုလူရဲ။ အဲဒီလူဟာ သဘောကောင်းသလိုလိုရှိပေမယ့် အင်မတန်ကပ်သပ်တဲ့လူရှင့်"

"ဘယ်လို ကပ်သပ်တာလဲဗျာ။ ကျွန်တော်နဲ့ရော ဘယ်လိုပတ်သက်သလဲ"

"ဒီလိုရှင့် ... ကိုဖေအောင်က ကျုန်တဲ့ကြေးပုရပိုက်စအပိုင်းအပြတ်တွေ ကိုလူရဲထိန်းချုပ်ထားတာကို အမြင်မကြည်ဘူး ဖြစ်နေတယ်လေ။ ခရီးလည်း ထွက်လာခဲ့ပြီးပြီ။ ကျောက်နဂါးကြီးကိုလည်း တွေ့ပြီးမှတော့ ကျန်တဲ့ ကြေးပုရပိုက်နှစ်ချပ်အဖေ့ရဲ့လက်အပ်သင့်တယ်လို့ဆိုတယ်။ ယွန်းကတော့ ခရီးထွက်ခင်က သဘောတူထားချက်အတိုင်း အဲဒီပုရပိုက်အပိုင်းအပြတ်တွေကို ကိုလူရဲ့လက်ထဲမှာပဲ ထားတာ ဘာမှ ငြိငြင်စရာမရှိဘူးလို့ ပြောပြတာကို သူက လက်မခံချင်ဘူးလေ"

လူရဲက ခေါင်းတညိတ်ညိတ်လုပ်လိုက်ပြီးမှ အေးဆေး



www.burmeseclassic.com

www.burmeseclassic.com



စွာ ပြန်ပြောသည်။

''မှန်တာပြောရရင် ကျွန်တော့်အနေနဲ့ ယွန်းတို့သားအဖကို ယုံကြည်ပါတယ်။ ဘယ်လိုအခြေအနေပဲရောက်ရောက် ကျွန်တော့်အပေါ် မရိုးမဖြောင့် မတော်မတရားလုပ်မယ်လို့ မထင်ထားပါဘူး။ ဒါပေမဲ့ . . . ကိုဖေအောင်ကိုတော့ ကိုယ်မျက်စိမှိတ်ပြီး မယုံကြည်နိုင်ဘူး။ ဒါ့ကြောင့် ခရီးမထွက်ခင် ဆွေးနွေးညှိနှိုင်းကြကတည်းက ခရီးစဉ်ပြီးဆုံးအောင်မြင်တဲ့အထိ မြေပုံတွေပါတဲ့ ကြေးပုရပိုက်ချပ်တွေကို ကျွန်တော့်ရဲ့လက်ထဲမှာပဲ ထားခွင့်ပြုရမယ်လို့ တောင်းဆိုခဲ့တာပါပဲ''

ယွန်းမိမိက ပြုံးလိုက်သည်။

''ကိုလှူရဲက ကိုဖေအောင့်ကို ဘာဖြစ်လို့မယုံကြည်နိုင်ရတာလဲရှင့်''

''ကျွန်တော် တက္ကသိုလ်တက်တုန်းက တက္ကသိုလ်စာကြည့်တိုက်မှာရှိတဲ့ ရူပသျှတ္တရကျမ်းတစ်စောင်ကို လေ့လာဖတ်ရှုဖူးတယ် ယွန်းရဲ့။ အဲဒီကျမ်းထဲမှာ မျက်ခုံးထူလွန်းပြီး နှာယောင်ပေါ်မှာ မျက်ခုံးနှစ်ခုဆက်သလို ဖြစ်နေသူတွေဟာ အကြံကြီးတတ်တယ်လို့ ဆိုတယ်။ ပြီးတော့ ဆင်ကြည့်ကြည့်တတ်သူတွေဟာ အကောက်ကြံတတ်တယ်လို့ဆိုတယ်''





''အင်း . . . ကိုဖေအောင်ဟာ မျက်ခုံးတအားထူပြီး မျက်ခုံးနှစ်ခုဆက်သလို ဖြစ်နေတာတော့အမှန်ပဲ။ ဆင်ကြည့်ကြည့်တယ်ဆိုတာက ဘယ်လိုမျိုးလဲရှင့်''

''ဆင်ကြည့် ကြည့်တယ်ဆိုတာက မျက်နှာကို ရှေ့တည့်တည့်လှည့်ထားပေမယ့် မျက်ဆံကို ထောင့်ကပ်ပြီး မသိမသာကြည့်တတ်တာမျိုးကိုပြောတာယွန်းရဲ့။ ကိုဖေအောင်ဟာ အဲလိုနဲ့ ကြည့်တတ်တယ်။ အင်း . . . သူများအကြောင်း မကောင်းပြောသလိုဖြစ်တာတော့ မကောင်းဘူးပေါ့ဗျာ။ ဒါပေမဲ့ . . . အဲဒီလိုကြည့်တတ်တဲ့သူမျိုးကိုတော့ ကျွန်တော် သတိထားတယ်။ အထူးသဖြင့် ကိုဖေအောင်ကို သတိထားတယ်။ အဲလိုမျိုး ဝေဖန်ရတာသော့ စိတ်မကောင်းပါဘူး။ မေးလို့သာ ဖြေရတာပါ၊ ယွန်းကို အားနာပါတယ်''

''ယွန်းကို ဘာဖြစ်လို့ အားနာရတာလဲရှင်''

''ဩော် . . . ကိုဖေအောင်ဟာ တစ်ချိန်ကျရင် ယွန်းရဲ့ခင်ပွန်း ဖြစ်လာမယ့်သူ မဟုတ်လား။ ဒါကြောင့် အားနာတာပါ''

''အိုး . . . အဲဒီကိစ္စက သေချာသေးတာမှ မဟုတ်တာ''

''အခု မသေချာပေမယ့် ဒီခရီးက ပြန်လာရင် သေချာရတော့မှာပဲ မဟုတ်လား။ ဆရာကြီးက ယွန်းနဲ့ကိုဖေအောင်ကို



www.burmeseclassic.com

www.burmeseclassic.com



လက်ဆက်ပေးဖို့ ကတိခံထားပြီးပြီလို့ ပြောပါတယ်''

ယွန်းမိမိက သက်ပြင်းလေးချလိုက်သည်။

''ဖေဖေ ကတိခံထားတယ်ဆိုတာတော့ ဟုတ်ပါတယ်။ ဒါပေမဲ့ ... ယွန်းက အဲဒီအစီအစဉ်ကို လက်ခံပါ့မယ်လို့ ယတိပြတ် ကတိမပေးထားသေးပါဘူး။ မှန်တာပြောရရင် အခြေအနေတစ်ရပ်ရပ်ကြောင့်ပဲဖြစ်စေ၊ မိဘချင်းသဘောတူထားလို့ပဲဖြစ်စေ အချစ်မပါဘဲ ယွန်းရဲ့အိမ်ထောင်ရေးကို မထူထောင်ချင်ဘူး''

ယွန်းမိမိ၏ညှိုးလျလျမျက်နှာချောချောလေးကို ကရုဏာသက်စွာ ငေးကြည့်ရင်း လူရဲက ခေါင်းကို ခပ်ဖြည်းဖြည်း ညိတ်လိုက်သည်။

''ဟုတ်တယ် ယွန်း၊ အချစ်မပါဘဲ အိမ်ထောင်ရေးကို ထူထောင်ရင်တော့ ဘဝတစ်လျှောက်လုံး သာယာပျော်ရွှင်မှာ မဟုတ်ဘူး။ ကျွန်တော်လည်း အိမ်ထောင်ပြုတဲ့အခါ အချစ်မပါတဲ့ အိမ်ထောင်ရေးကို မထူထောင်ဘူးလို့ ဆုံးဖြတ်ထားတယ်''

မြေပြင်ကို ငေးစိုက်ကြည့်နေရာမှ ယွန်းမိမိက လူရဲကို စောင်းငဲ့မော့ကြည့်ရင်း ပြုံးလိုက်သည်။

''ကိုလူရဲက ဘွဲ့တောင်ရပြီးပြီပဲ။ ချစ်သူမရှိသေး





ဘူးလား။ ရန်ကုန်တက္ကသိုလ်ကဲ့ကော်တောမှာ သူယောင်မယ်ချောချောလေးတွေ ပေါတယ်လို့ ယွန်း ကြားဖူးပါတယ်''

လူရဲကလည်း ပြုံးလိုက်သည်။

''အဲဒါ သူယောင်မယ်တွေပဲလေ၊ ကိုယ်ချစ်တဲ့သူမှ မဟုတ်ဘဲ''

''အချစ်ဆိုတာ အလှအပကို နှစ်သက်မက်မောခြင်းကနေလည်း ဖြစ်တည်တတ်ပါတယ်။ တက္ကသိုလ်ကျောင်းသူအချောအလှတွေကြားမှာ ကိုလူရဲ နှစ်သက်မိသူတစ်ယောက်ယောက်တော့ ရှိခဲ့ဖူးမှာပါနော်''

ပြုံးမြမြအမူအရာဖြင့် နောက်သလိုလို စသလိုလို တရင်းတနှီးပြောနေသည့် ယွန်းမိမိ၏အပြစ်ကင်းစင်သော မျက်နှာလေးကို ငေးကြည့်ရင်း လူရဲက ခေါင်းကို ခပ်ဖြည်းဖြည်းယမ်းလိုက်သည်။

''ကျွန်တော်ကတော့ အလှအပကို မက်မောလို့ဖြစ်ဖြစ်၊ အနေနီးလို့ပဲဖြစ်ဖြစ် ချစ်မိပါတယ်ဆိုတာမျိုးကို မဖြစ်စေချင်ဘူး။ ယွန်း ... အချစ်ဆိုတာ ဘဝရဲ့အစိတ်အပိုင်းတစ်ခုလို့ ဆိုကြပေမယ့် ဘဝတစ်ခုလုံးကို အချစ်ကပဲ ချမ်းမြေ့စေမှာပါ။ အချစ်မဲ့တဲ့ဘဝဟာ သာယာပျော်ရွှင်မှု ဆိတ်သုဉ်းပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် လှတာလေးကိုမက်လို့ တဒင်္ဂရင်ခုန်လှုပ်ရှားမိလို့ ချစ်သူကို ရွေးခဲ့မိရင်၊ အိမ်ထောင်ဖက်ကို ရွေးခဲ့မိရင် ရေရှည်မှာ တကယ်မချစ်နိုင်တဲ့အခါ သံယောဇဉ်တွေပြတ်တောက်သွားတတ်ပါတယ်။ ဒါ့ကြောင့်လည်း ကိုယ်ချစ်တယ်လို့ယူဆပြီး လက်တွဲခဲ့ပြီးမှ ပြိုကွဲသွားခဲ့ရတဲ့ အိမ်ထောင်ဖက်တွေကို တွေ့နေရတာပေါ့"

တည်ငြိမ်လေးနက်စွာ ပြောနေသည့် လူရဲ၏စကားကို ယွန်းမိမိ စိတ်ဝင်စားသွားသည်။ သူမ၏မျက်နှာလေးကလည်း တည်ကြည်သွားတော့သည်။

"ကိုလူရဲရဲ့စကားက တော်တော်လေးနက်တာပဲ။ ရုပ်ဝတ္ထုပစ္စည်းကို မက်မောလို့ဖြစ်ဖြစ်၊ အလှအပကို မြတ်နိုးမိလို့ဖြစ်ဖြစ်၊ အနေနီးပြီး ရင်ခုန်လှုပ်ရှားမိလို့ပဲဖြစ်ဖြစ် ချစ်သူ အိမ်ထောင်ဖက်ကို ရွေးချယ်ဖို့ မသင့်ဘူးဆိုရင် ဘယ်လိုအခြေအနေ ဘယ်လိုဟာမျိုးမှ ရွေးချယ်သင့်သလဲရှင့်"

"အင်း ... ကျွန်တော်ရဲ့အယူအဆအရပြောရရင်တော့ ကိုယ် တကယ်ကြိုက်နှစ်သက်ပြီး တကယ်ချစ်တဲ့သူကိုပဲ ရွေးချယ်သင့်တယ်။ ဒါမှ အဲဒီအချစ်ဟာ ဘဝတစ်ခုလုံးကို ချမ်းမြေ့စေမယ်၊ အိမ်ထောင်ရေးလည်း ခိုင်မြဲစေမယ်"





"အင်း ... မှန်တာပြောရရင် ယွန်း အဲဒီလောက်အထိ ဆွေးမထားမိဘူး၊ နည်းနည်းထပ်ရှင်းပြပါဦးလား"

"ဒီလိုပါ ယွန်း ... ချစ်သူအိမ်ထောင်ဖက်ရွေးတဲ့အခါ နှစ်ဝတ္ထုပစ္စည်းအပေါ် အထိုက်အလျောက် အခြေခံသင့်ပေမယ့် အကယ်အခြေခံသင့်တာက စိတ်ဝိညာဉ်ပါ၊ စေတသိက်ပါ"

"အား ... ပိုရှုပ်သွားပြီ"

ယွန်းမိမိက မျက်နှာလေးကို လှပစွာ ရှုံ့မဲ့လိုက်လျက် ညည်းညူလိုက်သည်။ လူရဲက ပြုံးလိုက်၏။

"ရှင်းအောင်ပြောရရင်တော့ စိတ်သဘောထားချင်း ကိုက်ညီဖို့ (Harmony) ဖြစ်ဖို့ပါ။ ဆိုလိုတာက အခြေခံစိတ်ဓာတ် ပိုင်းဆိုင်ရာ တူညီနေရမယ် ...၊

ဥပမာအားဖြင့် ကျွန်တော်ဆိုရင် မတရားတာကို မကြိုက်ဘူး။ အတ္တလွန်ကဲတာကို မကြိုက်ဘူး။ သူတစ်ပါးအပေါ် နည်းနည်းလေးလောက်ဖြစ်ဖြစ် ကောက်ကျစ်တာမျိုးကို မကြိုက်ဘူး။ ကိုယ့်အတ္တအတွက် သူတစ်ပါးအပေါ် နင်းချေတာမျိုးကို မကြိုက်ဘူး ...၊

အဲဒီတော့ ကိုယ်ရွေးချယ်တဲ့ချစ်သူ၊ အိမ်ထောင်ဖက်မှာ အဲဒီလိုစိတ်အခြေခံမျိုးရှိမှုဖြစ်မယ်။ အရာရာမှာ သဘောထားချင်း



www.burmeseclassic.com

www.burmeseclassic.com



မတိုက်ဆိုင်နိုင်ပေမယ့် အဲဒီအခြေခံစိတ်ဓာတ်တော့ တူညီမှ ဖြစ်မယ် ...၊

ဒါကြောင့် ကျွန်တော်ဟာ အတ္တကြီးတဲ့မိန်းမမျိုး၊ မိမိနဲ့ မိမိရဲ့မိသားစုအတွက် သူတစ်ပါးအပေါ် ကောက်ကျစ်ယုတ်မာဖို့ တင်စီးစော်ကားဖို့၊ ဖြတ်ဖို့၊ လှီးဖို့ ဝန်မလေးတဲ့ မိန်းမမျိုးကို ဘဝလက်တွဲဖော်အဖြစ် လက်တွဲဖို့ ဘယ်တော့မှမစဉ်းစားဘူး။ သူ ဘယ်လောက်ပဲလှနေပါစေ၊ ချမ်းသာနေပါစေ၊ အနေနီးပြီး ရင်ခုန်လှုပ်ရှားမိပါစေ ကိုယ်ကတော့ ရအောင်ရှောင်မှာပါပဲ"

"အင်း ... အဲဒါကိုတော့ ယွန်းလည်း လက်ခံပါတယ်၊ ဒါပေမဲ့ အတ္တကြီးတဲ့ ဇနီးမောင်နှံတွေ၊ မောက်မာတတ်တဲ့ လင်မယားတွေ၊ သူတစ်ပါးအပေါ် ကြောရမှ ကျေနပ်တဲ့ စုံတွဲတွေ ရှိတယ်နော်"

"ဟုတ်တယ်လေ၊ အဲဒါ သူတို့ချင်း စိတ်သဘောထားကိုက်ညီလို့ (harmony) ဖြစ်နေလို့ပေါ့ ယွန်းရဲ့၊ ကျွန်တော်လို လူမျိုးနဲ့ဆိုရင်တော့ ဖြစ်မှာမဟုတ်ဘူး"

"ဟုတ်ပြီ ... ဟုတ်ပြီ၊ ကိုလူရဲပြောတာကို ယွန်း တော်တော်လေး သဘောပေါက်ပါပြီ။ ချုပ်ပြီးပြောရရင် အတ္တကြီးသူဖြစ်ဖြစ်၊ အတ္တနည်းသူပဲဖြစ်ဖြစ် ကိုယ်နဲ့ သဘောထားကိုက်ညီပြီး





(Harmony) ဖြစ်နေဖို့လိုတယ်ပေါ့ ဟုတ်လား"

"ဟုတ်တယ် ယွန်း။ အဲဒီလိုပဲ ကျွန်တော်တော့ ယူဆတယ်။ ဒါကြောင့် ရှေးတုန်းက အိမ်ထောင်ဘက်ရွေးချယ်ဖို့ သုံးနှစ်သုံးမိုး တစ်ဦးနဲ့တစ်ဦး လေ့လာတယ်ဆိုတာ မိမိနဲ့ ဘယ်လောက်စိတ်သဘောထားကိုက်ညီသလဲ။ သူ့ရဲ့အကျင့်စရိုက်, စာရိတ္တကို မိမိ လက်ခံနိုင်ပါ့မလားဆိုတာကို စောင့်ကြည့်တာပဲလေ၊ တကယ်တော့ တစ်ဦးနဲ့တစ်ဦး စိတ်သဘောထားကိုက်ညီ (Harmony) သည်းဖြစ်မယ်၊ ကိုယ်လည်း တကယ်ချစ်မယ်ဆိုမှ ချစ်သူအဖြစ် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်တာ အကောင်းဆုံးပဲလေ"

"ဟုတ်ပါပြီ ... ဟုတ်ပါပြီ၊ ယွန်းသဘောပေါက်ပါပြီ။ အချစ်အဘိဓမ္မာဆရာကြီးရယ် ... ဟင်း ဟင်း ဟင်း"

ယွန်းမိမိက ရယ်ရယ်မောမောလေး ပြောဆိုလိုက်စဉ် ဖခင် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင် ခြံနောက်ဘက်ပိုင်းမှ လှမ်းလျှောက်လာသဖြင့် စကားပြတ်သွားပါတော့၏။

*



www.burmeseclassic.com

www.burmeseclassic.com

## လျှို့ဝှက်ဂူဝသို့

ကျောက်နဂါးကြီးကို တွေ့ရှိပြီးကတည်းက ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်မှာ လွန်စွာစိတ်အားတက်ကြွလျက် ရှိတော့သည်။

ထိုနေ့မွန်းလွဲ ခုနစ်နာရီခန့်တွင် ရွာလူကြီးဦးအောင်သိန်း၏အိမ်၌ လူရှင်းဆိုက် လူရဲ၊ ပရော်ဖက်ဆာကြီး၊ ယွန်းမိမိနှင့် ကိုဖေအောင်တို့ အိမ်ညှေ့ခန်းမကြီး၏ကြမ်းပြင်ပေါ် စတုတ္ထမြောက်နှင့်ပဥ္စမမြောက် ကြေးပုရပိုက်အပိုင်းအပြတ်တို့ကို ချခင်းဆက်စပ်ကာ လေးဦးသား ခေါင်းချင်းဆိုင်လျက် မြေပုံညွှန်းကို





တ်ရှာဆွေးနွေးကြလေ၏။

"ဒီစတုတ္ထမြောက် ပုရပိုက်ချပ်မှာတော့ ကျောက်နဂါးကြီးတည်ရှိရာကို ညွှန်ပြတဲ့မြေပုံနဲ့ ရသေ့ကြီး အသဖိရဲ့ နောက်ဆုံးနိဂုံးချုပ် မှတ်ချက်တွေပဲ ရေးထိုးထားတယ်ကွဲ့ ...၊

ဟောဒီ ပဥ္စမမြောက်ပုရပိုက်ချပ်မှာတော့ ပျူရှေးဟောင်းမြို့တော်ဆီသွားရာ လျှို့ဝှက်မြေအောက်လှိုဏ်လမ်းရဲ့ မြေပုံကို ရေးဆွဲထားတယ်ကွဲ့"

"အဲဒီစကားဝှက်လင်္ကာကို ဘာသာပြန်ပြပါဦး အန်ကယ်"

"အင်း ...ဒီလိုကွဲ့ မောင်ဖေအောင်ရဲ့၊ သူ့ရဲ့စာသားတွေက ...

အမောင်နာဂရှုကြည့်ရာ
ထန်းသုံးဖြာဖိုခုံလောက်က
တေဇချောင်းစပ်မှာ
မျှော်ပါဦးပ တစ်ကောသ
ရောက်ရသူ့အိမ်ဝ
ဆွေးဆွေးနီစွ တဲ့"

စကားဝှက်လင်္ကာကိုကြားရသည်တွင် အားလုံး ငေးငိုင်



www.burmeseclassic.com

www.burmeseclassic.com



သွားကြပါတော့၏။

"ဟာ . . . ဘာတွေရေးထားမှန်းလည်းမသိဘူး"

ကိုဖေအောင်က မျက်နှာရှုံ့မဲ့ကာ ညည်းညူလိုက်သော်လည်း လူရဲကမူ ကြေးပုရပိုက်အပိုင်းအစတို့ကို မျက်မှောင်ကုတ်လျက် ငေးစိုက်ကြည့်နေ၏။

ပရော်ဖက်ဆာကြီးဦးညွှန့်လှိုင်က ဆေးပြင်းလိပ်တိုကြီးကို မီးညှိဖွာရှိုက်လျက် အိမ်တိုင်တစ်တိုင်အား ကျောမှီထိုင်ကာ မျက်နှာကြက်ထုပ်တန်းတို့ကို မော့ကြည့်ရင်း စဉ်းစားတွေးတောနေလေသည်။

ယွန်းမိမိမှာလည်း သူမ၏ ဖခင်ကြီးကိုတစ်လှည့်၊ ကြေးပုရပိုက်စများကိုတစ်လှည့်ကြည့်နေရင်းမှ မှတ်ချက်စကား ဆိုလိုက်လေ၏။

"အင်း . . . ဒီစတုတ္ထပုရပိုက်ကလက်ာကို ရအောင်မဖော်နိုင်ရင်တော့ ရှေးခရီး ဆက်လို့ရမှာ မဟုတ်တော့ဘူး"

ပရော်ဖက်ဆာကြီးဦးညွှန့်လှိုင်က အိမ်တိုင်မှ ကျောခွာကာ ပုရပိုက် စတို့ကို စိုက်ကြည့်လိုက်ရင်း –

"ဖေဖေ စဉ်းစားမိတာကတော့ နာဂဆိုတာ နဂါးကို ဆိုလိုတာဖြစ်ရမယ် သမီးရဲ့။ ဒီတော့ အမောင်နာဂ ရှုကြည့်ရာ ဆိုတာက နဂါးကြည့်တဲ့နေရာလို့ ဆိုဟန်တူရဲ့"

"နဂါး ဟုတ်လား ဖေဖေ၊ ဘယ်နဂါးများလဲ"

"ဘယ်နဂါးရှိရမှာလဲ သမီးရဲ့။ ဖေဖေတို့ အခုရှာဖွေတွေ့ရှိထားတဲ့ ကျောက်နဂါးကြီးဖြစ်မှာပေါ့"

"ဟင် . . . ဒါဆို ကျောက်နဂါးကြီးက မြောက်ဘက်ဆီမျက်နှာမူထားတာမို့ မြောက်အရပ်လို့ဆိုလိုတာပေါ့ ဟုတ်လား အဖေ"

"အဲဒီလိုပဲ ဖြစ်မယ်ထင်တယ် သမီးရဲ့"

"ဒါဆို ထန်းသုံးဖြာဖိုခုံလောက်က ဆိုတာကရော အဖေ"

"အင်း . . . ဖေဖေအယူအဆပြောရရင် ကျောက်နဂါးကြီးမျက်နှာမူရာ မြောက်အရပ်တည့်တည့်တစ်နေရာမှာ ဖိုခုံသောက်ဆိုင်ပေါက်နေတဲ့ ထန်းပင်သုံးပင်ရှိလိမ့်မယ်ကွဲ့"

"ဟာ . . . ဟုတ်ပြီ၊ ဖြစ်နိုင်တယ်၊ သမီးတို့က အဲဒီထန်းသုံးပင်ကို တွေ့အောင်ရှာရမယ်"

ယွန်းမိမိတို့သားအဖ အခြေအတင်ပြောနေကြသည်ကို ကြားရသည့်လူရဲနှင့် ကိုဖေအောင်တို့မှာ စိတ်ဝင်စားသွားကြပြီး ခေါင်းများထောင်သွားကြတော့၏။





ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



ကိုဖေအောင်က စိတ်အား ထက်သန်စွာ ဝင်ရောက်ဆွေးနွေးတော့သည်။

"တေဇချောင်းစပ်မှာဆိုတော့ အဲဒီထန်းသုံးပင်ကို တွေ့တာနဲ့ တေဇဆိုတဲ့ချောင်းကို တွေ့ရမှာပဲ အန်ကယ်လ် နော"

"အိမ်း ... ဖြစ်နိုင်ပြီလားကွယ်"

"ဒါထက် ဖေဖေ ... မျောပါဦးပ တစ်ကောသဆိုတာကရော ဘယ်လိုအဓိပ္ပာယ်များ ဖြစ်မလဲဟင်"

ဒေါက်တာတင့်ဆွေက ဆေးပြင်းလိပ်ကြီးကို နှုတ်ခမ်းထောင့်စွန်းမှာခဲရင်း စဉ်းစဉ်းစားစားဖြင့်ဖြေသည်။

"အင်း ... မျောပါဦးပ ဆိုတာကတော့ ချောင်းရေနဲ့ မျှောလိုက်သွားဖို့ ညွှန်းတာပဲ သမီးရဲ့။ တစ်ကောသဆိုတာကတော့ ရှေးမြန်မာကြီးတွေရဲ့ အကွာအဝေးအတိုင်းအတာတစ်ခုပဲကွဲ့"

"ရှေးမြန်မာ အကွာအဝေး အတိုင်းအတာ ဟုတ်လား ဖေဖေ"

"အေး ... ဟုတ်တယ်ကွဲ့။ အင်္ဂလိပ်အလျားအတိုင်းအတာမှာ ၁၂ လက်မကို ၁ ပေရှိသလိုပေါ့ သမီးရဲ့"

"မြန်မာမှာရော အဖေ"



"အေး ... ငါ့သမီးက ဆေးပညာရှင်ဖြစ်ပြီး မြန်မာမှုကျတယ်အားနည်းသကိုးကွဲ့။ အင်း ... သမီးအတွက် ဗဟုသုတအဖြစ် ပြောပြမယ်ကွဲ့"

ဤတွင် ပညာဗဟုသုတ လွန်စွာလိုလားသည့် ယွန်းမီမီဘ မှတ်စုစာအုပ်လေးထုတ်ကာ ခဲတံလေးဖြင့် ဖခင်ကြီးပြောသမျှ လိုက်လံမှတ်သားတော့ရာ သူမမှတ်ထားသည့် ရှေးမြန်မာကြီးတို့၏ အကွာအဝေး အတိုင်းတာမှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| | | |
|---|---|---|
| ၁၀ ဆံခြည် | = | ၁ နှမ်း |
| ၆ နှမ်း | = | ၁ မုယော |
| ၄ မုယော | = | ၁ လက်သစ် |
| ၈ လက်သစ် | = | ၁ မိုက် |
| ၃ မိုက် | = | ၁ တောင် |
| ၇ တောင် | = | ၁ တာ |
| ၂၀ တာ | = | ၁ ဥသဘ |
| ၂၀ ဥသဘ | = | ၁ ကောသ |
| ၄ ကောသ | = | ၁ ဂါဝုတ် |
| ၄ ဂါဝုတ် | = | ၁ ယူဇနာ |

ခု နှစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီတော့ သမီးရယ် . . . မြန်မာ့အတိုင်းအတာအရ ၁–ကောသဟာ အင်္ဂလိပ်အတိုင်းအတာနဲ့ဆိုရင် ၄၂၀၀ ပေ ရှိမယ် သမီးရဲ့"

"ဩော် . . . ဒါဆို အဲဒီ တေဇဆိုတဲ့ချောင်းအတိုင်း ပေ ၄၂၀၀ လောက် စုန်ဆင်းသွားရမယ့်သဘောပေါ့နော် ဖေဖေ"

"အင်း . . . အဲဒီအတိုင်းပဲဖြစ်မှာပေါ့ သမီးရယ်"

"လက်ာအရ ရောက်ရသူအိမ်ဝ၊ ဓွေးဓွေးနီစွ ဆိုတာက တော့ အဲဒီလက်ာမှာပါတဲ့ စကားဝှက်တွေကို ဖော်နိုင်ပြီး အဲဒီ လက်ာရဲ့ အညွှန်းအတိုင်း သွားခဲ့ရင် ရှေးဟောင်းပျူတို့ရဲ့ လက်ရှိ ရွှေမြို့တော်ကြီး သသ်ရာဆီသွားရာလမ်းဝဆီ ရောက်မယ်လို့ ဆိုလိုတာပဲ ဖြစ်မယ် ဖေဖေ"

"ဟုတ်တယ် သမီး၊ ဓွေးဓွေးနီဆိုတာကတော့ အဲဒီလမ်း ဝနေရာကိုရောက်မှ ဘာကိုဆိုလိုသလဲလို့ ကြည့်ရမှာပဲ သမီးရေ"

ဤတွင် လှုရဲက ဝင်မေးလိုက်သည်။

"တေဇဆိုတဲ့ချောင်းကိုရော တွေ့ပါ့မလား ဆရာကြီး"

"အိမ်း . . . ဒါကတော့ ရွာလူကြီးကိုမေးရမှာပဲ မောင်လှု ရဲရဲ။ သူတို့က ရွာခံဆိုတော့ ဒီဒေသရဲ့အကြောင်း သူတို့အသိဆုံး ဖြစ်မှာပဲလေ"





"ဘာပဲဖြစ်ဖြစ် ဒီကြေးပုရပိုက်ထဲက ဝှက်စာတွေကို ဖော်လို့ရပြီဆိုတော့ နေရာကျပြီပေါ့ အန်ကယ်"

"ဒါပေါ့ကွယ် . . . ဒီလိုပဲဖြစ်ရမှာပေါ့ မောင်ဖေအောင်ရဲ့ . . . ဟဲ ဟဲ ဟဲ"

"ဒီအတိုင်းဆို သမီးတို့ တော်တော်လေး ခရီးရောက် သာပြီလို့ ဆိုရမှာပဲ ဖေဖေရေ"

လှုရဲမှလွဲ၍ အားလုံးတက်ကြွလျက်ရှိကြသော်လည်း ရွာ လူကြီးပြန်ရောက်လာသည့်အခါမှာမူ စိတ်ဓာတ်ကျ ငေးငိုင်သွား ကြရပြန်ပါ၏။

"တေဇချောင်း ဟုတ်လား ဆရာကြီးတို့။ ကျုပ်တို့ဒေသ ဘစ်ဝိုက်မှာတော့ တေဇချောင်းဆိုတာ လုံးဝမကြားဖူးဘူးဗျ။ ချောင်းကြီးကြီးမားမားကြီးတွေမှာဆိုလည်း ယောချောင်း၊ ကျော ချောင်းတို့ပဲရှိတယ် ဆရာကြီးရဲ့၊ချောင်းသေး ချောင်းမွှားတွေမှာ ဆိုလည်း ပေါက်ကူးချောင်း၊ ကြိမ်တလီချောင်း၊ မမဲဖာချောင်း တို့ပဲ ရှိတယ်ဗျ . . .၊

အေးဗျာ . . . ဒါထက် ကျောက်နဂါးကြီးမျက်နှာမူထားတဲ့ ရွာရဲ့မြောက်ဘက်စူးစူးအရပ်ဆီမှာ ထန်းပင်သုံးပင် ဖိုခုံလောက် ဆိုင်နေတဲ့ဟာ ရှိသလားဗျ . . .၊



www.burmeseclassic.com

www.burmeseclassic.com



အဲ . . . ဒီဒေသမှာ ထန်းပင်တွေ၊ ထန်းတောတွေက အများသားဗျ။ ကျုပ်တို့ရွာနဲ့ မြောက်ဘက်စူးစူးက ပုံတောင်ပုံညာ တောင်ကြောတွေကြားမှာ ကုန်းကမူ လျှိုမြောင်တောင်ကမ်းပါး တွေထူထပ်သလောက် ထန်းပင်ထန်းတောတွေကလည်း လက်ညှိုးထိုးမလွဲဆိုတော့ ဆရာကြီးပြောတဲ့ ထန်းသုံးပင် ဖိုခုံလောက် ဆိုင်ပေါက်နေတာ ရှိမယ်ဆို ရှိနိုင်တာပဲဗျ။ သုံးပင်ဆိုင်မက လေးငါးပင်ဆိုင်လည်း ရှိနိုင်တာပဲ''

အားလုံး တွေဝေသွားကြပြီးမှ ပရော်ဖက်ဆာကြီးဦးညွန့် လှိုင်က သက်ပြင်းမှုတ်ထုတ်လိုက်ပြီးနောက် ယတိပြတ်ပြောလိုက် လေသည်။

''အေးဗျာ . . . ဘာပဲဖြစ်ဖြစ် ကျုပ်တို့သွားစရာရှိတဲ့ ခရီးကို ဆက်သွားကြမယ်ဗျာ။ မနက်ဖြန်မနက်မှာဘဲ ဒီရွာက ထွက်မယ် . . .။

ကျုပ်တို့ကို အစစကူညီခဲ့တဲ့ ရွာလူကြီးနဲ့ ဒီရွာက ရွာသူ ရွာသားတွေကို ကျေးဇူးတင်ပါတယ်ဗျာ''

''ရပါတယ်ဗျာ . . . ဆရာကြီးတို့က ကျုပ်တို့ဒေသရဲ့ သမိုင်းကြောင်းတွေကို လေ့လာသုတေသနပြုဖို့ လာကြတာဆို တော့ ကျုပ်တို့ကလည်း ဂုဏ်ယူပြီး ဝမ်းပမ်းတသာ ကူညီကြတာ





ပါဗျာ။ ကျေးဇူးအထူးတင်ဖို့ မလိုပါဘူး''

''အေးဗျာ . . . ခင်ဗျားတို့ ယောနယ်ကလူတွေဟာ စိတ် ထားဖြူစင်ကြပါပေတယ်၊ ချီးကျူးလေးစားပါတယ်ဗျာ၊ လေးစား ပါတယ်''

*

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် နောက်နေ့နံနက်စောစောမှာပင် လူရဲတို့လူ
သည် ရွာ၏ မြောက်ဖူးဖူးအရပ်ဆီ ဦးတည်ကာ ခရီးဆက်ထွ
ခဲ့ကြပါတော့၏။

ရွာလူကြီး ဦးအောင်သိန်းပြောသည့်အတိုင်း လူရဲတို့
တောတောင်လျှိုမြောင်များစွာကို နှစ်ရက်လုံးလုံး ခက်ခဲစွာ ဖြ
ကျော်ခဲ့ရလေသည်။

ဆောင်းလယ်ကာလမို့သာတော်တော့သည် နွေမိုးဆိုလျှ
မိုးတွင်းကာလ ရေစီးကြမ်းပြီး အန္တရာယ်ကြီးလှသည့် တော
ချောင်းများကို အသက်စွန့် ဖြတ်သန်းကြရမည်ဖြစ်၏။





ယခုတော့ ရေစပ်စပ်ရှိသော သဲချောင်းတို့ကိုသာ မရေ
မတွက်နိုင်အောင် ဖြတ်သန်းခဲ့ကြရသည်။

တောနက်နက်တို့ကို ကျော်ဖြတ်ပြီးတိုင်း လယ်ကွင်းများ၊
စိုက်ခင်းများနှင့် ရွာသိမ်ရွာငယ်တို့ကို တွေ့ရသလို ထန်းတော
တို့ကိုပါ တွေ့ရ၏။

ဤယောနယ်အတွင်းပိုင်းမှ ရွာသိမ်ရွာငယ်တို့မှာ ပြင်ပ
ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေး လွန်စွာခက်ခဲလှသဖြင့်
အခြားမြို့ရွာတို့မှ လူသူတို့ အရောက်အပေါက်နည်းလှပေရာ
မထင်မှတ်ဘဲ ရောက်ရှိလာသည့် လူရဲတို့အုပ်စုကို အထူးအဆန်း
သဖွယ် ဖြစ်နေကြတော့သည်။

အထူးသဖြင့် လူရဲတို့၏လက်ထဲတွင် ပြောင်းတို ပြောင်း
ရှည် သေနတ်များ ကိုင်ဆောင်လာသည်ကိုတွေ့ရသဖြင့် အင်္ဂလိပ်
အစိုးရတပ်ကလား၊ ဓားပြတွေလားဟု ထင်ယောင်ထင်မှားဖြစ်
ကာ လူရဲတို့ ရွာနားချဉ်းကပ်လာသည်ကို လှမ်းတွေ့လိုက်ကြ
သည်နှင့် ရွာသူရွာသားတို့မှာ မိမိတို့၏ တဲအိမ်များထဲ ပြေးဝင်
ကြလေ၏။

ထို့နောက် ရွာလယ်လမ်းအတိုင်း ရွာထဲသို့ ဝင်ရောက်
လာသည့် လူစိမ်းတို့အား ကဲလားတံခါးလေးများ ဟဟဖွင့်ထား



www.burmeseclassic.com

www.burmeseclassic.com



သောကြားမှ ချောင်းကြည့်နေကြလေသည်။

လူရဲတို့လည်း နေ့ခင်းကြောင်တောင်ကြီးတွင် တစ်ရွာလုံး တိတ်ဆိတ်ငြိမ်သက်ကာ လူသူအရိပ်အယောင် လုံးဝမတွေ့ရသည့် အခြေအနေကို ဘဝင်မကျစိုးရွံ့လှသဖြင့် သေနတ် လက်နက်တို့ကို အဆင့်ကိုင်လျက် သတိထားပြီး ရွာကိုဖြတ်သန်းရလေ၏။

''ရွာသူရွာသားတွေက ကျုပ်တို့ကိုမြင်ပြီး အိမ်ထဲ ဝင်ပြေးပုန်းနေကြတာဗျ။ ဟိုမှာတွေ့လား ကဲလားကြားကနေ ချောင်းကြည့်နေကြတယ် မောင်လူရဲရဲ''

''ဟုတ်တယ် ဆရာကြီး။ ကျွန်တော်တို့ ဒီရွာမှာတော့ တည်းလို့မဖြစ်ဘူး''

လူရဲတို့သည် အိမ်ခြေနည်းပြီး ဘုန်းတော်ကြီးကျောင်းမရှိသည့် ရွာငယ်လေးတို့တွင် တည်းခိုခြင်းမပြုဘဲ ဘုန်းတော်ကြီးကျောင်းရှိသည့် လူဦးရေအတန်ငယ်များသော ရွာတို့၌သာ ညအိပ်ရပ်နား တည်းခိုရန် ဆုံးဖြတ်ထားကြသည်။

ခရီးနှင်ရင်း မှောင်လာသည့်အခါ တည်းခိုသင့်သည့် ရွာ မတွေ့ရှိပါက နီးရာတောစပ်တစ်ခုခုမှာပင် ရွက်ဖျင်တဲများထိုးကာ လူရဲ၊ ကိုဖေအောင်တပည့်နှစ်ဦးတို့က အလှည့်ကျ ကင်း





[illegible]ပြီး နားနေအိပ်စက်ကြရလေ၏။

ဘုန်းတော်ကြီးကျောင်းရှိသည့်ရွာတွင် တည်းခိုသည့်အခါ [illegible] ဘုန်းတော်ကြီးကျောင်းသို့သွားပြီး ကျောင်းထိုင်ဘုန်းတော်[illegible] ပါလာသည့်မုန့်ထုပ်များနှင့် အသားဘူးအချို့ ဆက်ကပ်[illegible]ါန်းကာ တစ်ညတာတည်းခိုနေထိုင်ခွင့် တောင်းရလေသည်။

''အိမ်း ... ဒကာကြီးတို့ရေ၊ ကျုပ်တို့ဒေသဟာ ပြင်ပ[illegible]သတွေနဲ့ လမ်းပန်းဆက်သွယ်ရေး တအားခက်ခဲတော့ ဘယ်မှ[illegible] အဆက်အသွယ်မရှိဘဲ သီးခြားကြီးလို ဖြစ်နေကြတယ် [illegible]ကြီးတို့ရဲ့ ...၊

လူသူအရောက်အပေါက်ကလည်း နည်းလွန်းတော့ [illegible]မ်းမြင်ရင် အင်္ဂလိပ်အစိုးရရဲ့လူတွေလား၊ ဒါမှမဟုတ် ဓားပြ[illegible]များလား၊ ရပ်ရွာကိုအန္တရာယ်ပြုမယ့်သူတွေလားလို့ သံသယ[illegible] ကြောက်လန့်ကြလေ့ရှိတယ်ကွဲ့''

''တပည့်တော်တို့က ဒီဒေသရဲ့အကြောင်း သုတေသန[illegible] လာကြတဲ့ပညာရှင်အဖွဲ့ပါ ဘုန်းဘုန်း''

''အေးပါကွယ် ... ကျုပ်ကတော့ သဘောပေါက်ပါ[illegible] ရွာလူကြီးတွေကိုခေါ်ပြီးလည်း အကျိုးအကြောင်း ပြောပြပ[illegible] ဒီရွာမှာ တည်းခိုနေထိုင်တုန်းတော့ 'ဘာမှမပူကြပါနဲ့''



www.burmeseclassic.com

www.burmeseclassic.com



လမ်းခရီး၌ တွေ့ကြုံရသည့် ရွာတို့ကို ထိုသို့သောနည်း တို့ဖြင့် ဖြတ်ကျော်ကာ ရွာနီးချုပ်စပ်ရှိ ထန်းတောတို့တွင် လေ့လာ စူးစမ်းရ၏။

သို့လျှင် ဖွဲနပဲကြီးစွာ စူးစမ်းရှာဖွေခဲ့မှု၏ အကျိုးဖလ အဖြစ် ငါးရက်မြောက်သောနေ့ မနက်စာစားပြီးသည့်နောက် ပုံတောင်ပုံညာတောင်ကြောတို့နှင့် နီးလာသည့် ထန်းတောတစ်ခု ထဲ ဝင်ရောက်ခဲ့ကြရာ တစ်ပင်နှင့်တစ်ဝင် နှစ်လံခန့်အကွာအဝေး ရှိသည့် ဖိုခုံလောက်ဆိုင်ပေါက်နေသော ထန်းပင်အမြင့်ကြီးသုံးပင် ကို တွေ့ကြရတော့၏။

"ဟာ . . . ဖိုခုံလောက်ဆိုင် ထန်းသုံးပင်ကိုတော့ တွေ့ပြီ ဟေ့"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ဝမ်းသာအားရ အော် ပြောလိုက်သော်လည်း ကိုဖေအောင်က ဝန်းကျင်အနှံ့သို့ မျက်စိ ကစားကြည့်လိုက်ပြီးနောက် စိတ်ပျက်လက်ပျက် ခေါင်းခါလိုက် လေသည်။

"အန်ကယ် ကြေးပုရပိုက်ကလက်ာထဲမှာ ထန်းသုံးပင် ဖိုခုံလောက်က တေဇချောင်းစပ်မှာလို့ ဆိုထားတယ် မဟုတ်လား ဒီတော့ အဲဒီထန်းသုံးပင်ဟာ တေဇလို့နာမည်တွင်တဲ့ ချောင်း





ဘေး ရှိရမှာလေဗျာ။ ခုဟာက ဒီနားမှာ ဘာချောင်းမှ မရှိပါလား"

ဤတွင် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်တို့သည် ယင်း ထန်းတောရှိသည့် ရွာ၏ဘုန်းတော်ကြီးကျောင်းသို့ သွားရောက် စုံစမ်းကြလေ၏။

သူတို့က သူတို့ကိုယ်သူတို့ လေ့လာရေးလာသော ပညာ ရှင်များအဖြစ်လျှောက်တင်ကြပြီး နောက် ရွာခံဘုန်းတော်ကြီးအား အကြောင်းကို လျှောက်ထားမေးမြန်းကြလေသည်။

"ဒီဒေသတစ်ဝိုက်မှာ တေဇဆိုတဲ့ချောင်း ရှိတယ်မဟုတ် လား ဘုရား။ တပည့်တော်တို့က အဲဒီချောင်းစပ်မှာ လေ့လာစရာ ရှိလို့ပါ"

"တေဇချောင်း ဟုတ်လား . . . ဒကာကြီး၊ ကျုပ်မွေးက တည်းက ဒီရွာ ဒီဒေသမှာ နေထိုင်ကျင်လည်လာတာ ဒကာကြီး တို့ရဲ့ တေဇဆိုတဲ့နာမည်နဲ့ ချောင်းတော့ ကြားတောင်မကြားဖူး ဘူးကွဲ့"

လူရဲကလွဲ၍ အားလုံး စိတ်ဓာတ်ကျသွားကြတော့၏။ ဘုန်းတော်ကြီးအား မုန့်ထုပ်အချို့ဖြင့် ဟန်တော့ နှုတ် ဆက်ပြီးနောက် ယင်းဘုန်းတော်ကြီးကျောင်းပေါ်မှ ခေါင်းငိုက်စိုက် ဖြစ်ကျ ဆင်းသက်လာကြရတော့သည်။

ခု နစ် စဉ် ကြယ် စာ ပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟူး ...ခက်ပြီ သမီးရေ၊ ခဲလေသမျှ သဲရေကျ ထင်ပါရဲ့။ ဆင်ကောင်ကြီး အမြီးကျမှတစ်ဆိုတာလို ဒီလောက် ခရီးကြီး နှင်လာခဲ့ပြီးမှ တေဇချောင်းကို ရှာမရတာနဲ့ ရန်ကုန်ပြန်ရ မလို ဖြစ်နေပြီကွယ့် ...ဟူး"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်မှာ ဖိုခုံလောက်ဆိုင်ထန်း သုံးပင်ထဲမှ ထန်းတစ်ပင်၏ပင်စည်ကို ကျောမှီထိုင်ရင်း စိတ်ပျက် စကားဆိုကာ သက်ပြင်းကြီးတချချ ဖြစ်နေတော့သည်။

ယွန်းမိမိသည်လည်း ဖခင်ကြီး၏အနီးတွင် စိတ်မာတ်ကျ စွာ ငေးငေးငိုင်ငိုင် ထိုင်နေတော့၏။

ကိုဖေအောင်သည်လည်း ငွေကြေးများစွာ စိုက်ထုတ်၍ ကျခံကာ ဤခရီးရှည်ကြီးထွက်လာပြီးမှ လာရာလမ်းအတိုင်း အကျိုးမဲ့ ပြန်ရမည်ကို ဘဝင်မကျဖြစ်ကာ စိတ်ပျက်ပျက်ဖြင့် ရေခဲတောင်တံဆိပ် စီးကရက်ကိုသာ တစ်လိပ်ပြီးတစ်လိပ် မီး ရှိုက်လျက်ရှိတော့သည်။

လူရဲက ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်နှင့် ယွန်းမိမိ၏ အနီးတွင် လာထိုင်ပြီး စကားစလိုက်သည်။

"ဆရာကြီးနဲ့ ယွန်းကို ကျွန်တော့်ရဲ့ထင်မြင်ယူဆချက် ပြောပြချင်ပါတယ်"





"ဩော် ...အေး ...ပြောလေ ပြောပါ"

"ကျွန်တော် တက္ကသိုလ်တက်ရင်းနဲ့ ဝေဒပညာရပ်တွေ ကို လေ့လာဖူးတယ် ဆရာကြီးရဲ့။ ဝေဒပညာရပ်တစ်ခုဖြစ်တဲ့ ဆန်း အလင်္ကာပညာရပ်မှာ အရပ်ဒေသ (၈) ခုကို ပရိဝါရ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇ၊ ဌာန၊ သိရီဆိုပြီး သတ်မှတ်ထားတယ် ဆရာကြီးရဲ့ ...।

ဒါကြောင့် ကြေးပုရပိုက်ထဲက လင်္ကာစာဝှက်ထဲမှာ တေဇချောင်းလို့ ဆိုထားတာဟာ ဆန်းအလင်္ကာပညာအရ တေဇ အရပ်မှာရှိတဲ့ ချောင်းလို့ ဆိုလိုဟန်ရှိတယ် ဆရာကြီးရဲ့"

"ဟေ ...ဟုတ်လား၊ အဲ သေ သေသေချာချာ ရှင်းပြ ပြီး မောင်လူရဲရယ် စိတ်ဝင်စားစရာပါလား"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လမ်းစပျောက်နေရာမှ မျှော်လင့်ချက်ရောင်ခြည်တစ်ခု တွေ့လိုက်ရသည့်နှယ် ဝမ်းသာ အားရ စိတ်ဝင်တစားမေးလေရာ –

လူရဲက သူ၏ကျောပိုးအိတ်ထဲမှ စာရွက်လွတ်တစ်ရွက် ကိုထုတ်ယူလိုက်ပြီး ယင်းစာရွက်ပေါ်၌ ပတ်ကားဖောင်တိန်ဖြင့် ဆန်းအလင်္ကာနည်းအရ အရပ်ဒေသတို့ကို ခွဲခြားထားပုံအား အောက်ဖော်ပြပါအတိုင်း အဌလက်ခွင်ဖြင့် ရေးဆွဲပြလိုက်ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| တနင်္ဂနွေ<br>ဂဟပတိ | အရှေ့<br>တနင်္လာ<br>တေဇ | အင်္ဂါ<br>ဉာန |
| ဘုမ္မိ<br>မြောက်<br>သောကြာ | | ဗုဒ္ဓဟူး<br>တောင်<br>သိရီ |
| နာဂရ<br>ရာဟု | အာယု<br>ကြာသပတေး<br>အနောက် | ပရိဝါရ<br>စနေ |

''အဲဒီအရပ်ရှစ်မျက်နှာမှာ ပရိဝါရက စတယ်ဆရာကြီး ရဲ့။ ထန်းပင်တွေကို ဗဟိုပြုရမှာဆိုတော့ ထန်းဆိုတာ တ ထ၊ ဒ၊ ဓ၊ န စနေနံ။ ဒါကြောင့် စနေထောင့်ကနေစပြီး ပ ဝါရ၊ အာယု၊ နာဂရ၊ ဘုမ္မိ၊ ဂဟပတိ၊ တေဇဆိုပြီး အရပ်အ ရေတွက်သတ်မှတ်လိုက်တဲ့အခါ တေဇအရပ်ဟာ အရှေ့အ ဖြစ်နေတယ် မဟုတ်လား ဆရာကြီး''





လူရဲက သူရေးဆွဲထားသည့် အဋ္ဌလက်ခွင်၌ တေဇ အရပ်ဖြစ်သော အရှေ့အရပ်ကို လက်ညှိုးထောက်ပြလျက် သေ ချာရှင်းပြလိုက်လေသည်။

''သြော် ... ဒါဆို ကျုပ်တို့က ဒီထန်းသုံးပင်ဖိုခုံလောက် နေရာကနေ အရှေ့တည့်တည့်ကိုဆက်သွားပြီး တွေ့တဲ့ချောင်း အတိုင်း စုန်ဆင်းသွားရမှာပေါ့ ဟုတ်လား မောင်လူရဲ''

''ဟုတ်တာပေါ့ ဆရာကြီး''

''ဟာ ... ဒါဆို နေရာကျပြီပေါ့''

ယခုမှ အားလုံး ရွှင်ရွှင်လန်းလန်း တက်တက်ကြွကြွ ရှိန်ဖြစ်သွားကြတော့၏။

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လူရဲ၏ပခုံးကိုပုတ်ကာ ကိုက်လှဲစွာ ချီးကျူးစကားဆိုလေသည်။

''မောင်လူရဲရေ ... မောင်ရင်တော်ပါပေတယ်ကွာ။ အား ... ပညာရပ်တစ်ခုဟာ သေချာလေ့လာဆည်းပူးထားရင် တစ်နေရာမဟုတ် တစ်နေရာမှာ အသုံးဝင်စမြဲပဲကွ ...၊

ကဲ ... အချိန်ရှိတုန်း အရှေ့စူးစူးအရပ်ဆီ ခရီးဆက်ကြ ို့ဟေ့''

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က အားလုံးကို ဆော်ဩ



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး သူကိုယ်တိုင် တက်တက်ကြွကြွ ထရပ်လိုက်ကာ ကျောင်း အိတ်ကို ကောက်လွယ်လိုက်တော့၏။

သူတို့လူစုသည် ထန်းသုံးပင်ဖိုခုံလောက်ဆိုင်ရာအရပ်မှ အရှေ့ရှူးရှူးသို့ ဦးတည်လျက် ခရီးနှင်လာကြရာ လူနေအိမ်ခြေ ရပ်ရွာ လုံးဝမတွေ့ရတော့ဘဲ တောကြီးမျက်မည်းထဲ တရွေ့ရွေ့ တိုးဝင်လာကြရလေ၏။

''တော်တော် တောနက်လာပါလား''

''ဟုတ်တယ် ... တောက ထူလွန်းတယ်။ လူသူ အရောက်အပေါက် တော်တော်နည်းမှာပဲ။ သားကောင်တွေရဲ့ အန္တရာယ်ကို တော်တော်သတိထားရမယ် ဆရာကြီး''

သူတို့ နှစ်နာရီနီးပါးမျှ တောင်ရိုးတစ်ရိုးနှင့် လျှိုနက်ကြီး တစ်ခုထဲ ခက်ခက်ခဲခဲ ခရီးနှင်လာကြရာ ယွန်းမီမီမှာ မိန်းမသား ဖြစ်သည့်အတိုင်း ကျောက်တုံးကျောက်ဆိုင်တို့ကို ကျော်လွှား ဖြတ်သန်းရာ၌ မကြာခဏ ချော်လဲလျက် ရှိလေ၏။

ကိုဖေအောင်က ရှေ့ဆုံးမှနေ၍ ဝင်ချက်စတာရပီတား ရိုင်ဖယ်ကို အသင့်ကိုင်လျက် ဦးဆောင်ကာ သွားလျက်ရှိသလို သူ့နောက်မှ လိုက်ပါလျက်ရှိသော ပရော်ဖက်ဆာကြီးဦးညွန့်လှိုင် က ခါးမှ ခါးပတ်တွင် သေနတ်အိတ်ဖြင့် ကိုး(လ်)ထအမျိုးအစား





ခြောက်လုံးပြူးကို ချိတ်ဆွဲထားလေသည်။

လူရဲက နှစ်လုံးပြူးသေနတ်ကို လက်ယာလက်ဖြင့် ကိုင် ဆွဲလျက် လက်ဝဲလက်က ယွန်းမီမီ၏လက်မောင်းတစ်ဖက်ကို မကြာခဏ ထိန်းကိုင်၍ဖေးမကာ ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်၏ နောက်မှ လိုက်ပါလာလေ၏။

ယွန်းမီမီမှာ မကြာခဏ ယိုင်ယိုင်သွားသဖြင့် လူရဲ၏ ဖေးကူမှုကို အားပြုလျက် ခရီးနှင်နေရလေသည်။

သူတို့လူတန်း၏ နောက်ဆုံးမှနေ၍ တာတီးနှင့် မြဝင်း (ခေါ်) ရေဆင်တို့က ခါးတွင် မားကောက်ကိုယ်စီကို ချိတ်ဆွဲလျက် လိုက်ပါလာကြလေ၏။

သူတို့သည် သစ်ရာ၊ အင်ကြင်း၊ ကညင်၊ ဘန့်ပွေးပင် ကြီးများ ပေါက်ရောက်နေသည့် တောင်စောင်းတစ်ခုကို ကျော် ဖြတ်ခဲ့ကြပြီးနောက် တောင်ကုန်းတစ်ခုပေါ် ထပ်တက်လာကြစဉ် ဝါးသပွတ်ချုံနွယ်တောတစ်ခုအနီး ရောက်လာသည်တွင် –

''ရှူး ခရှုး ခရှုး ခရှုး''

ရုတ်တရက် နှာမှုတ်သံနှင့်အတူ ဝါးတစ်ရိုက်ခန့်အကွာမှ ဝါးသပွတ်ချုံကြီး လှုပ်သွားပြီး တောဝက်ကြီးတစ်ကောင်၏ခေါင်း မည်းမည်းကြီး ချုံတောထဲမှ ရုတ်တရက် ထွက်ပေါ်လာလေ၏။



www.burmeseclassic.com

www.burmeseclassic.com



လူရဲရော ဖေအောင်ပါ သေနတ်တို့ကို အသင့်ပြင်လိုက်ကြတော့၏။

"တောဝက်ကြီးဟေ့ အားလုံး သတိထားကြ"

ဖေအောင်က အော်ဟစ်သတိပေးလိုက်သလို လူရဲလည်း ယွန်းမီမီကို သူ့နောက်ကျောဆီပို့လိုက်ပြီးလျှင် နှစ်လုံးပြူးသေနတ်၏မောင်းထိန်းခလုတ်ကို ရှေ့သို့တွန်းပို့လိုက်လျက် တောဝက်ကြီးကို အသင့်ချိန်ထားလိုက်လေသည်။

"ရှူး ခရှူး ခရှူး"

တောဝက်ကြီးက ရှေ့ခြေနှစ်ဖက်ဖြင့် မြေကြီးကို ဒေါသတကြီး မာန်သွင်းကာ ယက်လိုက်ပြီးသည်နှင့် ဆင်ခြေလျှောအတိုင်း တစ်ဟုန်ထိုး ကဆုန်ချ ပြေးလာတော့၏။

"ဒိုင်း"

ရှေ့ဆုံးမှ ဖေအောင်က တောဝက်ကြီးကို ဦးစွာပစ်လိုက်ပြီးနောက် နံဘေးသို့ ရုတ်ချည်း လှိမ့်ချလိုက်လေသည်။ ဖေအောင်ပစ်လိုက်သည့် ရိုင်ဖယ်(လ်)ကျည်က တောဝက်ကြီးကို ရုပ်ထိရုံထိသွားသဖြင့် ယင်းတောဝက်ကြီး၏အဟုန်ကို ဟန့်တားနိုင်ခြင်းမရှိဘဲ ဝါးလုံးထိုးပြေးဝင်လာသည့် တောဝက်ကြီးက ဖေအောင့်အား အစွယ်ကြီးများဖြင့် ပက်ထည့်လိုက်တော့၏။





သို့သော် ဖေအောင်က လျှပ်တစ်ပြက် အချိန်မီရှောင်လိုက်နိုင်သဖြင့်သာ အူမပွင့်သွားခြင်းဖြစ်လေသည်။

တောဝက်ကြီး တစ်ရှိန်ထိုးပြေးဝင်လာသဖြင့် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က နောက်သို့ ရုတ်ခနဲ ခုန်ရှောင်လိုက်ရာ တောဝက်ကြီးက သူ့ရှေ့မှ ရထားတစ်စင်းနှယ် ဖြတ်ပြေးသွားတော့၏။

လူရဲက တောဝက်ကြီး၏ပြေးလမ်းမှ ကြိုရှောင်ထားပြီး ယွန်းမီမီကိုပါ သူ့နောက်သို့တွန်းပို့ထားကာ တောဝက်ကြီး ရုတ်ခနဲ ဝါးလုံးထိုးပြေးလာသည်တွင် ယင်းတောဝက်ကြီး၏လက်ပြင်နောက်ဘက်သို့ နှစ်လုံးပြူးဖြင့် အနီးကပ်ပစ်ထည့်လိုက်တော့သည်။

"ဒိုင်း"

ကော်ဒိုက်ယမ်းအား၏ ပေါက်ကွဲသံနှင့်အတူ တောဝက်ကြီးမှာ ပစ်လဲကျသွားပြီး ဆင်ခြေလျှောအတိုင်း လိမ့်ဆင်းသွားကာ သင်ဂဒူပင်ကြီး၏ခြေရင်း၌ ဘုန်းဘုန်းလဲကျလျက် ရှိတော့၏။

"ရှူး ခရှူး ခရှူး"

သို့သော် တောဝက်ကြီးမှာ ရုတ်တရက် အသက်မထွက်



www.burmeseclassic.com

www.burmeseclassic.com



သေးဘဲ နာနာကြည်းကြည်း မာန်ဖီလျက် ကုန်းရုန်းထမည်ပြုစဉ် တာတီးက ဝေါ်ရခါး ဓားကောက်ကြီးဖြင့် ခုန်ဝင်သွားပြီး တောဝက်ကြီး၏ဇက်ကို အားပါးတရ လွှဲခုတ်ချလိုက်တော့သည်။

"ဒုတ်"

တာတီးက ရဲရင့်စွာ ဆက်တိုက်ခုတ်ချလိုက်မှ တောဝက်ကြီးမှာ သွေးအလိမ်းလိမ်းဖြင့် သေပွဲဝင်သွားပါတော့၏။

လူရဲက သတ္တိရှိလှသော တာတီးကို စိတ်ထဲမှ ကြိတ်ချီးကျူးလိုက်မိသည်။

"အင်း . . . တာတီးက တော်တောသတ္တိကောင်းတာပဲ။ အင်မတန် အန္တရာယ်ကြီးတဲ့ တောဝက်ကို ဓားနဲ့ဝင်ခုတ်ရဲတာ နည်းတဲ့သတ္တိ မဟုတ်ဘူး"

ညနေလည်းစောင်းလုပြီမို့ ယင်းနေရာ၏အထက်တောင်ကမ်းပါးယံကပ်လျက်နေရာမှာပင် သူတို့စခန်းချလိုက်ကြပြီး ညမှောင်ရီသမ်းလာချိန်တွင် တောဝက်သားကင်ဖြင့် ညစာထမင်းကို အားပါးတရ မြိန်မြိန်ယှက်ယှက်ကြီး စားလိုက်ကြပါတော့၏။

"ဒီနေရာက တကယ့်တောနက်ခေါင်ခေါင်ကြီးပဲ မောင်လူရဲရေ။ ရှေ့လျှောက် သားရဲတွေရဲ့အန္တရာယ် ပိုကြီးလာနိုင်တယ်။ ကျုပ်တို့ သတိပိုရှိမှဖြစ်မယ်ကွဲ့"

ခု နှစ် စဉ် ကြယ် စာ ပေ



"ဟုတ်တယ် ဆရာကြီး။ ကျွန်တော်တို့ ပိုပြီး ဂရုစိုက်ရအပေါ့ခင်ဗျာ"

"အေးကွယ် . . . မောင်လူရဲကတော့ တကယ့်ကိုအားကိုးရပါပေတယ်။ မောင်လူရဲနဲ့ လက်တွဲမိခဲ့တာ ကျုပ် အတော်ကံကောင်းတာပဲ . . . ဟဲ ဟဲ ဟဲ"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လူရဲကို လှိုက်လှိုက်လှဲလှဲ ချီးကျူးလိုက်စဉ် ဖေအောင်က လူရဲအား မျက်လုံးစွေကြည့်ပြီးနောက် နှုတ်ခမ်းကို မဲ့လိုက်လေသည်။

*

www.burmeseclassic.com

နောက်နေ့မနက် ခရီးဆက်ခဲ့သည့်အခါမှာမူ ကျော
တောင်စောင်းမတ်မတ်ကြီးပေါ်မှနေ၍ လျှိုနက်ကြီးထဲ ခဲရာခဲဆ
ဆင်းလာသည်တွင် လျှိုအခြေရောက်သည်နှင့် တသွင်သွင်
ဆင်းနေသည့် သဲချောင်းတစ်ချောင်းကို တွေ့ရတော့၏။

"တေဇအရပ်က ချောင်းဆိုတာ ဒီချောင်းပဲဖြစ်ရမယ်
ဆရာကြီး"

"ဟုတ်နိုင်တာပေါ့ကွယ်"

ပေါင်လယ်ခန့်သာနက်သည့် ချောင်းရေက ကြည်လ
အေးမြလှပေရာ သူတို့လူစု ရေအေးအေးဖြင့် မျက်နှာသစ်လို





ကြည်၍ များစွာ လန်းဆန်းသွားကြပါတော့၏။

ရေဘူးတို့ထဲသို့ ရေကို ဖြည့်လိုက်ကြပြီးလျှင် ယင်း
ချောင်းအတိုင်း ချောင်းစပ်မှ လျှောက်လှမ်းခဲ့ကြပါတော့သည်။

"မျောပါဦးပ၊ တကောသဆိုတဲ့ စကားအရ ဒီသဲချောင်း
ရှုန်အတိုင်း (၆) ဖာလုံကျော်ကျော်လောက် သွားရမှာပဲကွဲ့"

"တစ်မိုင်နီးနီးလောက်ကို သွားရဦးမှာပဲ အန်ကယ်"

"ဟုတ်တယ် မောင်ဖေအောင်ရေ၊ ဘာပဲဖြစ်ဖြစ် ပျူ
ဘက်ဆီသွားရာလမ်းနဲ့ နီးသည့်ထက်နီးလာပြီလို့ပဲ မှတ်ပါ
ကွယ်"

ဖွဲနပဲကြီးလှသည့် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က
အောင့်ကိုပင် အားပေးလိုက်သေးသည်။

သူတို့သည် ကွေ့ကွေ့ကောက်ကောက် ချောင်းရိုးလေး၏
ပြန်အတိုင်း လျှောက်လှမ်းလာခဲ့ကြသည်တွင် သဲသောင်ကမ်း
သည့်နေရာတို့တွင် ကမ်းပေါ်မှတက်လျှောက်ကြပြီး ကျောက်
ကျောက်ဆောင်များကြားမှ အရှိန်ပြင်းစွာ ဖြတ်စီးသည့်နေရာ
ဘက်ဝယ် ချောင်းရေထဲဆင်းကာ လျှောက်လှမ်းကြရလေ
သည်။

ချောင်းကမ်းစပ်နေရာက ဒူးဆစ်ခန့်သာ နက်သဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တော်ပါသေး၏။

သူတို့ ချောင်းရိုးအတိုင်းလျှောက်လှမ်းလာကြစဉ် ချော
ကမ်းစပ်နှစ်ဘက်ရှိ ပျဉ်းကတိုး၊ သစ်ရာ၊ မလွှ၊ အင်၊ ကညို
အင်ကြင်း စသည့် ပင်ယံမြင့်တို့ပေါ်မှ မျောက်လွှဲကျော်တို့
ခုန်ပျံပြေးလွှားသံ၊ အော်ဟစ်ဆူညံသံ၊ တောလုံငှက်ယော်တို့
ဟစ်ကြွေးသံ၊ တစ်တီတူးမောင်နှံ၏ ချစ်တေးသံတို့အပြင် အသေ
တစ်နေရာဆီမှ ဆတ်တစ်သံ တရိန်တရိန်တို့ကိုပါ ကြားနေရ
သစ်ကိုင်းသစ်ခက်တို့က ညို့နေအောင် အုံ့ဆိုင်းနေသဖြင့်
ရောင်ပင် မမြင်တွေ့ရတော့ချေ။

သို့ဖြင့် သူတို့လူစုသည် (၆) ဖာလုံကျော်ကျော်ခန့် ခွဲ
ကြီးစွာဖြင့် လျှောက်လှမ်းလာခဲ့ပြီးသည်တွင် ချောင်း၏ဝဲဘ
ကမ်းစပ်၌ ရဲရဲနီစွေးနေသည့် တောပန်းရိုင်းများ ဖူးပွင့်နေသော
ရောမချုံကြီးကိုတွေ့ကြရတော့၏။

''ဟာ . . . ပန်းတွေရဲရဲတောက် ဖူးပွင့်နေတာ လှမှ
လား''

''ဟုတ်ပါရဲ့ကွယ်''

ဖေအောင်နှင့် ပရော်ဖက်ဆာကြီးဦးညွှန့်လှိုင်တို့က ဝဲ
ပြန်ခန့်သာ ကျယ်ပြန့်သည့် ချောင်း၏တစ်ဖက်ကမ်းဆီမှ ပန်း





တို့ကို ငေးမောကြည့်နေသလို ယွန်းမိမိသည်လည်း စွေးစွေးနီနေ
သည့် တောပန်းရိုင်းတို့ကို သဘောကျစွာ စူးစူးစိုက်စိုက်လေး
ငေးကြည့်နေလေသည်။

လူရဲကမူ ဒူးဆစ်ခန့်နက်သည့် ချောင်းစပ်၌ ခါးထောက်
ကြည့်ရင်း ဝမ်းသာအားရ အော်ပြောလိုက်တော့၏။

''ကျွန်တော်တို့ရှာနေတဲ့ ပျူမြို့တော်ဆီသွားရာလမ်းဝကို
ရောက်ပြီ ဆရာကြီးတို့ရေ၊ ရောက်ပြီဗျ . . . ဟား ဟား ဟား''

''ဟာ . . . ဟုတ်တာပေါ့၊ ဟိုကြေးပုရပိုက်ကလက်ာ
အဆုံးသတ်မှာ ရောက်ရသူ့အိမ်ဝ စွေးစွေးနီစွလို့ ဆိုထားလေ
သော့ အိမ်ဝနဲ့တူတဲ့ လျှို့ဝှက်ဂူဝကိုတွေ့ပြီထင်တယ်ဟေ့''

သူတို့ ဝမ်းသာအားရဖြင့် သဲချောင်းလေး၏ တစ်ဖက်
ကမ်းဆီ ဖြတ်ကူးကြသည်။

ရေစီးကကြမ်းပြီး ချောင်းလယ်တွင် ခါးစောင်းလောက်
အထိ နစ်သဖြင့် ချောင်းကြမ်းပြင်ကို မနည်းခြေကုပ်ကာ ဂရု
စား ဖြတ်ကျော်ရသည့်တိုင် ခန္ဓာကိုယ်တို့ ယိုင်ယိုင်သွားသော
ကြောင့် တစ်ဦးကိုတစ်ဦး ဖေးမတွဲကိုင်ကြရ၏။

ဖေအောင်က ရိုင်ဖယ်သေနတ်ကို မြှောက်ကိုင်ကာ
ဒုတိယမှ ဖြတ်ကူးလျက်ရှိပြီး ပရော်ဖက်ဆာကြီးမှာ ခြောက်လုံးပြူး



www.burmeseclassic.com

www.burmeseclassic.com



ကို လက်တစ်ဖက်ဖြင့် မြှောက်ကိုင်လျက် ခပ်ယိုင်ယိုင် ဖြတ်ကူး
လေရာ တာတီးက ဖေးမကူတွဲနေရ၏။

လူရဲက နှစ်လုံးပြူးသေနတ်ကို ကျော၌လွယ်ထားလျက်
ယွန်းမီမီကို ဖေးမတွဲခေါ်လာရသည်။

မြဝင်း (ခေါ်) ရေဆင်ကမူ နောက်ဆုံးမှလိုက်ပါလာ
သည်။

သူတို့လူစု တစ်ဖက်ချောင်းစပ်နားရောက်လုလုတွင်
ချောင်းရေပြင်နှင့် ထိလုနီးနီး ကိုင်းကျနေသည့် ကညင်ကိုင်းကြီး
ပေါ်မှ သားရဲကောင်တစ်ကောင်၏ နှာမှုတ်သံကို ရုတ်တရက်
ကြားလိုက်ရသည်။

"ဖြီး"

"ဟာ ... မြွေဟောက်ကြီး"

ဖေအောင်၏အထိတ်တလန့်အသံကြောင့် ထိတ်လန့်
တကြား ကြည့်လိုက်ကြရာ ကညင်ကိုင်းပေါ်မှ ပါးပျဉ်းထောင်
လျှောဆင်းလာသည့် မြွေဟောက်မည်းမည်းကြီးကို တွေ့လိုက်ကြ
ရ၏။

"ဟာ ... တောကြီးမြွေဟောက်ကြီးပဲ။ နည်းတဲ့ကောင်
ကြီးမဟုတ်ဘူး မောင်ဖေအောင်ရေ သတိထားဟေ့"





သို့သော် တောကြီးမြွေဟောက်က ဟင်းရည်သောက်
...းကန်လုံးခန့်ရှိသော ပါးပျဉ်းကြီးကိုခွက်လျက် မာန်ဖီကာ ရေ
...င်ထက်သို့ လျှောခနဲဆင်းလာသည့်တွင် ဖေအောင်မှာ သေနတ်
...င့်ထိုးချိန်ရန်ပင် အချိန်မရတော့သဖြင့် နောက်သို့ ကိုယ်ကို
...မန်းကတန်း လှန်ချလိုက်ရလေ၏။

"ဖွမ်း"

ဖေအောင်မှာ ရေထဲ ပက်လက်လန်ကျကာ မျောပါ
...ားစဉ် တောကြီးမြွေဟောက်ကြီးမှာ ရေပြင်ပေါ် ရောက်ရှိလာ
... ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်ထံ လွန့်လွန့်လွန့်လွန့်ဖြင့် လျင်
...စွာ ကူးခတ်လာတော့သည်။

"အောင်မယ်လေး လုပ်ပါဦး"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ထိတ်လန့်တကြား
...ော်ဟစ်ရင်း လက်ထဲမှခြောက်လုံးပြူးဖြင့် မြွေကြီးကို ပစ်ထည့်
...က်သော်လည်း ကြောက်အားလန့်လားပစ်ရခြင်းကြောင့် ပစ်
...ာက လွဲသွား၏။

တောကြီးမြွေဟောက်ကြီးမှာ ပရော်ဖက်ဆာကြီးနှင့်
...ပ်လံကွာခန့် ရောက်လာချိန်တွင် ပါးပျဉ်းကိုထောင်ကာ ပေါက်
... အားယူလိုက်တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ...

"ဒိန်း"

လူရဲက နှစ်လုံးပြူးသေနတ်ဖြင့် မြွေကြီး၏ပါးပျဉ်ခွ
ချက်ကြီးကို ပစ်ထည့်လိုက်ရာ တောကြီးမြွေဟောက်မှာ ခေါင်
ပြတ်ထွက်သွားတော့၏။

သို့တိုင် သူ၏မည်းပြောင်နေသော ကိုယ်လုံးကြီးက မှေ
သို့ အရှိန်ဖြင့်ရောက်ရှိလာပြီး ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်
ခန္ဓာကိုယ်ကို ရစ်ပတ်တော့သည်။

"ဟာ ... လုပ်ကြပါဦး"

လူရဲက ယင်းမြွေကြီးကို ဖြည်ပေးလိုက်ပြီး ရေထဲပစ်
လိုက်ရာ ရေစီးဖြင့် မျောပါသွားပါတော့၏။

"ဟူး .... တော်ပါသေးရဲ့ကွာ၊ မောင်လူရဲ ကယ်
လို့ပဲ"

"ဟုတ်တယ်နော် ဖေဖေ၊ သမီးဖြင့် ရုတ်တရက်ဆိုတော
ဘာလုပ်လို့ ဘာကိုင်ရမှန်းကိုမသိဘူး။ ကိုလူရဲက တည်တည်
ငြိမ်နဲ့ အပိုင်ပစ်လိုက်နိုင်လို့"

ရေစီးဖြင့် ဝါးတစ်ရိုက်ခန့်ပါသွားသည့်မေအောင် 
ရောက်လာရာ အနီရောင်ပန်းပွင့်များ ဆုပ်ဆုပ်ခဲခဲ ရဲရဲနီ





ာင် ဖူးပွင့်နေသော ပန်းချုံကြီးကို ရှင်းလင်းကြတော့၏။

ယင်းပန်းရုံကြီး၏ တစ်စိတ်တစ်ဒေသ ရှင်းလင်းသွား
ည့်တွင် ပန်းရုံဖြင့် ဖုံးကွယ်နေသော ဂူပေါက်ဝကို တွေ့ရပါ
ာ့သတည်း။

*

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)

ထူးဆန်းသောဂူလိုဏ်ကြီး

သင်္ချာအကျဉ်းသား

ဘုရင်မသို့လာ

အေးငြိမ်းရာသို့

လောဘသားတို့၏ကြမ္မာဆိုး

မိစ္ဆာရှင်းပွဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

## ထူးဆန်းသော ဂူလိုဏ်ကြီး

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လက်ပတ်နာရီကို ကြည့်လိုက်ရာ နေ့လယ် ၂–နာရီကျော်ရုံရှိသေးသည်ကို တွေ့သဖြင့် ဂူလိုဏ်လမ်းထဲ ဝင်ရန် ဆုံးဖြတ်လိုက်လေသည်။

"ကဲ ... ကျားမီးအိမ်တွေနဲ့ လက်နှိပ်ဓာတ်မီးတွေ အသင့်ပြင်ကြဟေ့။ ဒီဂူလိုဏ်လမ်းထဲ ဝင်ကြမယ်"

ဂူအဝသည် ရေစပ်နှင့် တစ်လံခန့်အကွာရှိ တောင်ကမ်းပါးယံကြီး၏အောက်ခြေ၌ တည်ရှိလေသည်။ သဘာဝအလျောက် ဖြစ်ပေါ်နေသော လိုဏ်ဂူမှာ လေးပေပတ်လည်ခန့်သာ ကျယ်



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် သူတို့လူစုမှာ လေးဘက်မထောက်ယုံတမယ် ခါးကိုင်းလျက် ဝင်ကြရလေသည်။

ထုံးစံအတိုင်း ဖေအောင်က ကျားမီးအိမ်ကို လက်တစ်ဖက်ဖြင့် ကိုင်မြှောက်လျက် ရှေ့ဆုံးမှ ဦးဆောင်ဝင်ရောက်ပြီးလျှင် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က လက်ယာဘက်လက်တွင် ခြောက်လုံးပြူးကို အသင့်ကိုင်လျက် လက်ဝဲလက်ထဲမှ လက်နှိပ်မီးဖြင့် ဟိုသည်ထိုးကြည့်ရင်း နောက်မှလိုက်ပါလေ၏။

လူရဲက နှစ်လုံးပြူးသေနတ်ကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း သူတို့နောက်မှ လိုက်ပါခဲ့ရကာ ယွန်းမိမိက လက်နှိပ်ဓာတ်မီးဖြင့် ဂူကြမ်းပြင်နှင့်ဂူနံရံတို့ကို ဂရုပြုထိုးကြည့်ရင်း လူရဲ၏နောက်မှ ကပ်လိုက်လာလေသည်။

တာတီးက လက်တစ်ဖက်ဖြင့် ကျားမီးအိမ်ကိုကိုင်မြှောက်လျက် အခြားလက်ထဲတွင် ဂေါ်ရခါးဓားကောက်ကြီးကို အသင့်ကိုင်စွဲကာ လူရဲတို့၏နောက်မှ လိုက်ပါလာလေ၏။

မြဝင်း (ခေါ်) ရေဆင်က နောက်ဆုံးမှလိုက်ပါလာပြီး အသင့်ယူဆောင်လာသည့် အဝါရောင်ဖဲပြားအစလေးများကို လှိုဏ်ကြမ်းပြင်တစ်လျှောက် ဆယ်ပေခန့်အကွာမှာ တစ်ခုကျ ချထားရစ်ခဲ့လေသည်။





ထိုသို့ ပြုလုပ်ရခြင်းမှာ ဤဂူလိုဏ်လမ်းအတိုင်း ပြန်ထွက်သည့်အခါ လမ်းမမှားစေရန် ဖြစ်၏။

ကွေ့ကွေ့ကောက်ကောက် ဂူလိုဏ်လမ်းမှာ ကိုက်သုံးဆယ်ခန့်ဝင်လာပြီးနောက်တွင် ဂူအမိုးက မြင့်မြင့်လာရာ သူတို့ထဲမှ အရပ်အရှည်ဆုံးဖြစ်ကြသော တာတီးနှင့် မြဝင်းတို့ မတ်မတ်လျှောက်လျှင်ပင် ဦးခေါင်း ကောင်းစွာ လွတ်လာလေသည်။

ဂူကြမ်းပြင်မှာ ညီညာခြင်းမရှိဘဲ အချို့နေရာတို့တွင် ရေညှိတို့ဖြင့် ချော်လျက်ရှိရာ ယွန်းမိမိမှာ မကြာခဏ လူရဲ၏ လက်မောင်းကို မှေးကိုင်ကာ လိုက်ပါရလေ၏။

ရက်အတန်ကြာခရီးအတူနှင်ခဲ့ရသည့်အပြင် လူရဲက ယွန်း မိမိကို တစ်လမ်းလုံး ဖေးမတွဲခေါ်ခဲ့ရသဖြင့် သူတို့နှစ်ဦးမှာ ရင်းနှီးသည်ထက် ရင်းနှီးလာခဲ့ကြပြီး ယွန်းမိမိအနေဖြင့် မည်သို့ ခံစားရမည်မသိသော်လည်း လူရဲမှာမူ သူမနှင့်ထိတွေ့မိတိုင်း ရင်ခုန်နေရလေသည်။

ဖြစ်နိုင်လျှင် သူမနှင့် ကမ္ဘာဆုံးသည်အထိ ခရီးနှင်လိုက်ချင်သည်။

သို့သော် ဤခရီးစဉ်ကြီးအောင်မြင်ခဲ့ပါက ယွန်းမိမိမှာ ခင်ကြီးပေးထားသည့်ကတိအတိုင်း ဖေအောင်ကို လက်ထပ်ရ



www.burmeseclassic.com

www.burmeseclassic.com



မည်ဖြစ်ရာ သူမနှင့်ပတ်သက်ပြီး သူ့အနေနှင့် ရင်မခုန်သင့်ကြောင်း လူရဲ သိပါသည်။

"အင်း ... ဘာပဲဖြစ်ဖြစ် ငါဟာ ယွန်းနဲ့ပတ်သက်ရင် စောင့်စည်းရမယ့်ဝတ္တရားရှိတယ်။ စောင့်ထိန်းရမယ့်တာဝန် ရှိတယ်"

လူရဲက သူ့ကိုယ်သူ စိတ်ထဲမှ ဆုံးမနေမိသော်လည်း သူမနှင့် ထိတွေ့မိတိုင်း အကြည့်ချင်းဆုံမိတိုင်း ရင်တဒိန်းဒိန်း ခုန်လှုပ်ခြင်းကို ထိန်းမရချေ။

"အင်း ... အဲဒါကို အချစ်လို့ခေါ်သလားမသိဘူး။ ဘယ်မိန်းကလေးအပေါ်မှာမှ ရင်မခုန်ဖူးပဲ ယွန်းနဲ့ကျမှ ငါ့ရင်တွေ ရှာအားခုန်နေမိတယ်"

တကယ်တော့ ယွန်းမီမီ၏မျက်ဝန်းအကြည့် နူးညံ့သောစကားသံတို့တွင်လည်း သူ့အပေါ်ထားရှိသည့် သံယောဇဉ် အငွေ့အသက်တို့ဖြင့် ထုံမွှန်းလျက်ရှိကြောင်း သူ သတိပြုမိသည်။

"ကဲဟေ့ ဒီမှာနားကြမယ်"

နှစ်နာရီနီးပါးမျှ ခရီးနှင်ခဲ့ကြပြီးနောက် ပေသုံးဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့် ဂူလိုဏ်ကြီးဆီ သူတို့ရောက်ရှိသွားကြရာ ထိုနေရာ၌ စခန်းချရပ်နားရန် ပရော်ဖက်ဆာကြီး ဦးညွှန့်





လှိုင်က ဆုံးဖြတ်လိုက်ခြင်းဖြစ်၏။

ယင်းဂူလိုဏ်ကြီး၏အမိုးမှာ ပေသုံးဆယ်ခန့်မြင့်ပြီး ဂူကြမ်းပြင်၏ ဝဲဘက်အခြမ်းသည် ခြောက်သွေ့ညီညာလျက်ရှိရာ ထိုနေရာမှာပင် စခန်းချလိုက်ကြသည်။

ဂူကြီး၏လက်ယာဘက်အခြမ်းမှမူ ကျောက်ကြိုကျောက်ကြားတို့မှ ရေတို့ စိမ့်ထွက်လျက်ရှိနေပြီး ကြည်လင်စိမ်းမြနေသည့် ကျောက်စက်ကျွန်ရေတို့က အိုင်တစ်အိုင်လိုဖြစ်ပေါ်နေလေသည်။

ထို့ကြောင့် ရေလည်းရှိသည့် ထိုနေရာတွင် ပရော်ဖက်ဆာကြီးဦးညွှန့်လှိုင်က စခန်းချညအိပ်ရပ်နားရန် ဆုံးဖြတ်လိုက်ခြင်း ဖြစ်ပေ၏။

သူတို့သည် မှောင်မည်းနေသောဂူကြီးထဲတွင် ကျားမီးအိမ်တို့၏အလင်းကို အားပြုလျက် ညစာကို ဝက်သားကင်၊ အသားဘူး၊ ပေါင်မုန့်တို့ဖြင့် ဖြစ်သလို စားလိုက်ကြပြီးနောက် အိပ်ရာလိပ်များ ဖြန့်ခင်းကာ အိပ်စက်ကြရလေ၏။

ဖေအောင်၊ လူရဲ၊ တာတီးနှင့် မြဝင်း (ခေါ်) ရေဆင်တို့က တစ်ဦးလျှင် နှစ်နာရီနှုန်း ကင်းစောင့်ရကာ ကျားမီးအိမ်ကိုလည်း တစ်လုံးတည်း ထွန်းထားရလေသည်။

ထိုသို့ဖြင့် ကွေ့ကွေ့ကောက်ကောက် ဂူလိုဏ်လမ်း



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း နာရီပေါင်းများစွာ ခရီးဆက်ကြရာ ဂူလိုဏ်လမ်းခွဲများနှင့် တွေ့တိုင်း ကြေးပုရပိုက်ထဲမှ မြေပုံကိုကြည့်ကာ ဆက်လက် ခရီးနှင်ခဲ့ကြလေ၏။

သူတို့သည် ယင်းသို့ ဂူလိုဏ်လမ်းအတိုင်း လျှောက်လှမ်း ခဲ့ကြရာတွင် တစ်ခါတစ်ရံ၌ ဂူလိုဏ်လမ်းသည် အောက်ဘက်သို့ များစွာနိမ့်ဆင်းသွားပြီး ကျောက်နံရံအကြိုအကြားမှ စဉ်ဆက် မပြတ်ထွက်ရှိနေသော ရေတို့ကြောင့် ဂူလိုဏ်လမ်းတစ်လျှောက် ရေတို့ ပြည့်လျှက်ရှိရာ ပေါင်လယ်ခန့်၊ ခါးစောင်းခန့်နက်သည့် ရေထဲမှပင် လိုဏ်လမ်းအတိုင်း လျှောက်လှမ်းခဲ့ရလေသည်။

ရောမကင်းမလက်မည်းအုပ်စုကြီးနှင့် တိုးခဲ့ရသည်မှ လွဲ၍ လိုဏ်လမ်းတစ်လျောက်တွင် ကြီးကြီးမားမား အန္တရာယ် မကြုံခဲ့ရချေ။

ယင်း ကင်းမလက်မည်းတို့ကို ရေနံဆီလောင်း မီးရှို့ကာ ရှင်းလင်းခဲ့ရ၏။

''အင်း . . . ဒီဂူလိုဏ်လမ်းခရီးမှာ အန္တရာယ်သိပ်မကြုံရ ပေမယ့် မကြာခဏတွေ့ရတဲ့ ဂူလိုဏ်လမ်းခွဲတွေထဲမှာ မှားယွင်း ပြီး ဝင်သွားမိရင် ဝင်္ကပါထဲရောက်သွားမှာ စိုးရိမ်ရတယ်ကွဲ့''

''ဟုတ်တယ်နော် အန်ကယ်။ ကျွန်တော်တို့မှာ





[illegible]ပုရပိုက်က 'မြေပုံပါလာပေလို့ပဲ၊ နို့မို့ဆို မလွယ်ဘူး''

ထိုသို့ဖြင့် သူတို့သည် ဂူလိုဏ်လမ်းကြီးထဲ သုံးညအိပ် [illegible] ဖွဲ့နပဲကြီးစွာ ခရီးနှင်ခဲ့ကြရာ ထူးဆန်းလှသော ရောမ [illegible]ထဲ ရောက်ရှိသွားကြပါတော့၏။

''ဟာ . . . ဒီဂူကြီးထဲမှာ သစ်ပင်တွေ၊ ပန်းချုံတွေပါ [illegible] နေရောင်မရဘဲ ဘယ့်နှယ် ဒီလိုဂူကြီးထဲမှာ အပင်တွေ [illegible]အရှိန်း ပေါက်ရောက်နေပါလိမ့်''

ပေသုံးလေးဆယ်ခန့်မြင့်ပြီး ပေငါးဆယ်ပတ်လည်ခန့် [illegible]ယ်ဝန်းသည့် ရောမ ဂူကြီးထဲတွင် စိမ်းလန်းသောပန်းပင်များ [illegible]ချုံများ ပေါက်ရောက်လျှက်ရှိပြီး ထူးခြားသည်မှာ ပန်းပွင့်တစ် [illegible] မတွေ့ရခြင်းပင်။

''ပန်းပင်တွေက အဖူးအငုံတွေပဲရှိတယ်နော်။ အပွင့် [illegible]လို့ မရှိကြဘူး''

''ဟာ . . . ဒီ ဒီမှာ သစ်သီးတွေ''

ပန်းရုံတစ်ရုံတွင် အနီရောင်သစ်သီးများ ပြွပ်သိပ်သီး [illegible]ရှိသည်ကို တွေ့ရရာ ဖေအောင်က ထိုအသီးတို့ကို ဝမ်းသာ [illegible] လက်ညှိုးညွှန်ပြလေသည်

ပန်းသီးအငယ်စားခန့်ရှိသော နီနီရဲရဲ အသီးတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝင်းမှည့်နေကာ စားချင်စဖွယ် တွဲရရွဲ သီးလျက် ရှိကြချေ

“ဟော့ ဒီမှာ ... ဘယ်လိုအသီးအနှံမှန်းမသိဘဲ သွား မစားကြနဲ့နော်”

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က အော်ဟစ်ဟန့်တား လိုက်ရာ အသီးအနှံတို့ဆီ လက်လှမ်းနေသည့် ဖေအောင် လက်တွန့်ခနဲ ဖြစ်သွားရလေ၏။

သူတို့သည် ကျားမီးအိမ်များကိုမြှောက်ကိုင်လျက် လည်ကောင်း၊ လက်နှိပ်ဓာတ်မီးတို့ဖြင့် ဝန်းကျင်အနှံ့ ထိုးကြည့် လည်းကောင်း ထူးခြားလှပသော ပန်းရုံပန်းချုံများကို လှည့်ပ ကြည့်ရင်း ထူးဆန်းလှသည့်နေရာတစ်ခုဆီ ရောက်ရှိနေသ ခံစားလာရ၏။

ထိုသို့ ကြည့်ရှုလေ့လာနေရင်း မြဝင်း (ခေါ်) ရေဆင် ခါးမှရေဘူးကို ဖြုတ်ကာ မော့သောက်လိုက်ပြီးနောက် လက် ထဲသို့ ရေအနည်းငယ် လောင်းထည့်လိုက်လျက် ထိုရေတို့ မျက်နှာနှင့် ကုပ်ပိုးတို့ကို ပွတ်သပ်လိုက်၏။

ပြီးလျှင် လက်ကိုခါလိုက်ရာ လက်မှရေစက်ရေပေါက် သည် သူ့အနီးရှိ ပန်းရုံတစ်ရုံအား စင်ဝင်သွားသည်တွင် ရေစက် ရေပေါက်တို့ထိလိုက်သည်နှင့် ယင်းပန်းရုံမှ အဝါရောင်ပန်း





တို့သည် ချက်ချင်းလှပစွာ ပွင့်အာလာကြသည်ကို အံ့အားသင့် ဖွယ် တွေ့မြင်ကြရလေသည်။

“ဟော ... ရေစက်လေးတွေထိတာနဲ့ ပန်းတွေပွင့်လာ ပါလား”

မြဝင်း (ခေါ်) ရေဆင်က အံ့ဩတကြီး ပြောလိုက်သလို လှပသောပန်းပွင့်လေးများကို တွေ့ရသည်တွင် ယွန်းမိမိမှာ မိန်းမ သားပီပီ နှစ်သက်သဘောကျသွားပြီး ယင်းပန်းရုံအနီးသို့ ချဉ်းကပ်လာကာ ပန်းတစ်ပွင့်ကို ခူးရန် လက်လှမ်းလိုက်လေ သည်။

“ဟယ် ... လှလိုက်တဲ့ပန်းလေးတွေ”

“သမီး မခူးနဲ့ မခူးနဲ့၊ အဲဒီပန်းတွေကို မထိနဲ့”

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က စိုးရိမ်တကြီး အော်ဟစ် တားမြစ်လိုက်သဖြင့် ယွန်းမိမိက လက်ကို ရုတ်လိုက်ရ၏။

“ဘာဖြစ်လို့လဲ ဖေဖေရဲ့”

“သမီး ကိုယ်မရောက်ဖူးတဲ့ဒေသက ထူးထူးခြားခြား ပေါက်ရောက်နေတဲ့ ဖန်းပွင့်တွေ၊ သစ်သီးတွေကို မထိတွေ့တာ အကောင်းဆုံးပဲ”

လူရဲကလည်း ဝင်ရောက်သတိပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ယွန်း၊ နေရောင်မရဘဲ ဒီလို ဂူကြီးထဲမှာ ပေါက်ရောက်နေတဲ့ ပန်းပွင့်တွေ၊ သစ်သီးပင်တွေဟာ သာမန် မဟုတ်နိုင်ဘူး။ ပြီးတော့ ပေဘာဒီကြေးပုရပိုက်က မြေပုံမှာလည်း ဒီဂူကြီးရှိတဲ့နေရာမှာ ကြက်ခြေခတ်ထားတာ တွေ့ရတယ်၊ ဒါဟာ သတိပေးမှုဖြစ်နိုင်တယ်။ သူတို့ကိုမထိတွေ့တာ အကောင်းဆုံး ပါပဲ"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်ကလည်း ဆက်လက်ရှင်းပြ လေသည်။

"သမီး ... ဖေဖေ ဒါကျိုလင်တက္ကသိုလ်မှာ အမှုထမ်း တုန်းက ထူးဆန်းတဲ့ပန်းပင်၊ သစ်ပင်တွေအကြောင်း ဗြိတိသျှလူ မျိုး သုတေသီတစ်ဦး ရေးသားပြုစုထားတဲ့ ရုက္ခဗေဒကျမ်းတစ် စောင်ကို ဖတ်ဖူးတယ်။ သူရေးထားတဲ့အထဲက အဆိပ်ရှိတဲ့ ပန်းပင်တွေအကြောင်း ရေးထားတာကို ဖေဖေသတိရလို့ သမီးကို တားမြစ်လိုက်ရတာပဲ။ ဥပမာအားဖြင့် နတ်ဆိုးရဲ့ခေါင်းဆောင်ပန်း လို့ အမည်ရတဲ့ (aconitum) ဆိုတဲ့ပန်းဆိုရင် သူ့ကို ထိမိကိုင်မိ လိုက်တာနဲ့ ထူးဆန်းတဲ့အဖျားရောဂါတစ်မျိုးကို ခံစားရပြီး ကိုယ် တွင်းအင်္ဂါတွေ ပျက်စီးသွားရတယ်တဲ့၊ မရှုမလှသေပွဲဝင်ရတယ်တဲ့ သမီးရဲ့။ အဲဒီလိုအဆိပ်ပြင်းတဲ့ပန်းမျိုးဟာ တောင်အမေရိကတိုက်





အမဇုံမြစ်ဝှမ်းက တောနက်ကြီးတွေထဲက ဂူကြီးတွေထဲမှာ တွေ့ရ တတ်တယ်လို့ ဆိုတယ်ကွဲ့။ ဒီဂူကြီးထဲက ပန်းတွေ၊ သစ်သီးတွေ ဟာလည်း အဲဒီလိုမျိုး မဟုတ်ဘူးလို့ မပြောနိုင်ဘူးလေ"

"ကဲ ... ဒါဆို သမီး အဲဒီပန်းတွေကို မတို့မထိဘူး။ ဒါပေမဲ့ ... ရေနဲ့တော့ ပက်ကြည့်မယ်"

ယွန်းမီမီက ပြောပြောဆိုဆို ခါး၌ချိတ်ဆွဲထားသည့် ရေဘူးကိုဖြုတ်ကာ ရေဘူးထဲမှရေတို့ဖြင့် ပန်းရုံပန်းချုံတို့ကို လိုက် ဖြန်းလိုက်တော့၏။

ရေနှင့်ထိတွေ့လိုက်သည်နှင့် ချက်ချင်းဆိုသလိုပင် ပန်း ရုံ ပန်းချုံတို့မှ ပန်းဖူးပန်းငုံတို့သည် လှပစွာ ပွင့်အာလာကြသည် ကို တအံ့တဩ တွေ့ရလေသည်။

"အို ... ပန်းရောင်စုံတွေ ဖူးပွင့်လာပြီပဲ။ လှလိုက်တာ လှလိုက်တာ"

ထူးဆန်းသော ပန်းရောင်စုံတို့ လှပစွာ ဖူးပွင့်လာသလို ဂူကြီးမှာ တဖြည်းဖြည်း လင်းလက်လာသည်ကို အံ့သြတကြီး တွေ့ကြရတော့၏။

"ဟာ ... ဂူထဲမှာ အလင်းရောင်ရလာပြီပဲ။ ထူးဆန်း လိုက်တာ"



www.burmeseclassic.com

www.burmeseclassic.com



ဂူလိုဏ်ကြီးတစ်ခုလုံး လင်းကျင်းသွားအောင် မည်သည့်နေရာမှ အလင်းတန်းဖြူဖြူတို့ ထွက်ပေါ်နေသည်ကို သူတို့အားလုံး လိုက်လံရှာဖွေကြည့်ရှုကြရာ –

''ဟော . . . ဟိုအဖြူရောင်ပန်းတွေကနေ အလင်းထွက်ပေါ်နေတာပဲ''

ဖေအောင် ညွှန်ပြသည့် ဖြူဖြူဖွေးဖွေး ဆုပ်ဆုပ်ခဲခဲ ပန်းပွင့်ကြီးများက အမြင့်ဆုံး ပန်းချုံကြီး၏အပေါ်၌ ငွားငွားစွင့်စွင့် ပွင့်လျက်ရှိပြီး ယင်းပန်းပွင့်ကြီးတို့၏ ပွင့်လွှာချပ်ဖြူဖြူတို့မှနေ၍ ရောင်စဉ်ဖြူဖြူတို့ မီးစုံးတို့နှယ် လင်းလက်လျက်ရှိလေသည်။

''အတော်ထူးခြားတဲ့ ပန်းတွေပါလား ဖေဖေ''

''အေးကွယ် . . . ဖေဖေတို့တော့ အရာရာ အဆန်းချည်းတွေ့နေရပါလား''

''ဟုတ်တယ်နော် ဖေဖေ။ သမီးတော့ အိပ်မက်ကမ္ဘာထဲရောက်နေသလိုပဲ''

ယွန်းမီမီသည် လှပသောပန်းရောင်စုံများကို လိုက်ကြည့်ရင်း စိတ်ထဲတွင် ကြည်နူးလာသဖြင့် ရေစက်ရေပေါက်များနှင့် မထိတွေ့ရသေးသည့် ပန်းပွိုးပန်းငုံတို့ကိုပါ ချော့ဖြင့် လိုက်ဖြန်းပက်နေတော့သည်။





ရေစက်ရေပေါက်တို့နှင့် ထိတွေ့သမျှ ပန်းငုံပန်းဖူးတို့ပွင့်လာရာ ဂူလိုဏ်ကြီးတစ်ခုလုံးမှာ ပန်းရောင်စုံတောကြီးဖြစ်သွားသလားထင်ရ၏။

''လှလိုက်တာနော် အရမ်းလှတာပဲ''

ယွန်းမီမီမှာ ဆယ်ကျော်သက်မလေးနှယ် သဘောကျနေသဖြင့် လက်ခုပ်လက်ဝါးလေးများပင် တီးမိတော့သည်။

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်ကမူ ထူးဆန်းလှသည့် ပန်းပွင့်ပန်းသီးတို့ကို မထိမတွေ့ဘဲ အနီးကပ်လိုက်လံကြည့်ရှုနေလာလျက် ရှိလေသည်။

လှရဲက ကျောပိုးအိတ်ထဲမှ ကင်မရာကိုထုတ်ကာ ပန်းပွင့်တို့ကိုလိုက်ရိုက်နေလေသည်။

ဖေအောင်ကမူ ပန်းပွင့်၊ သစ်သီးတို့၏ အလှအပတို့ကို စိတ်မဝင်စားဘဲ ဂူလိုဏ်ကြီးအနှံ့ လိုက်လံကြည့်ရှု စူးစမ်းလျက်ရှိရာ မှောင်ရိပ်ကျနေသည့်ပန်းရုံတို့အောက်တွင် လူအရိုးစု သုံးလေးခုကို အစုအပြုံလိုက် တွေ့ရသဖြင့် လွန်စွာ အံ့အားသင့်သွားတော့၏။

''ဟာ . . . လူအရိုးစုတွေပါလား''

''အင်း . . . ခေါင်းတခြား ကိုယ်တခြား ဖြစ်နေပုံထောက်

www.burmeseclassic.com



တော့ ခေါင်းဖြတ်အသတ်ခံထားကြရပုံပဲ''

ထူးခြားသည်မှာ ထိုလူအရိုးစုတို့တွင် အဝတ်အစား လက်ဝတ်တန်ဆာ တစ်စုံတစ်ရာ ဆင်မြန်းထားခြင်းမရှိသည့် အပြင် ဓား လက်နက်စသည့် ကိရိယာတစ်စုံတစ်ရာလည်း မတွေ့ရချေ။

''ဘယ်လိုလူတွေရဲ့ အရိုးစုတွေပါလိမ့်။ ရှေးကျောင်း ခေတ်လူသားတွေများလား''

ထိုစဉ်မှာပင် မွှေးရနံ့တစ်စုံတစ်ရာကို သူ စတင် ရှူရှိုက် လိုက်မိခြင်းဖြစ်သည်။

''ဖေဖေ မွှေးလိုက်တာနော်''

''အေး ၊... ဟုတ်တယ် သမီးရေ၊ ပန်းရနံ့တွေက ဘယ်က ထွက်လာတာပါလား''

''ကော်ရှ သမီးနောက်ဆုံးရေပက်ဖြန်းလိုက်လို့ ပွင့်လာတဲ့ ပန်းတွေက မွှေးတာဖြစ်မယ် ဖေဖေ''

လွန်စွာ မွှေးပျံ့သော ပန်းရနံ့တို့က ဂူလိုဏ်ကြီးအနှံ့ တဖြည်းဖြည်း ကြိုင်လှိုင်လာတော့၏။

''အား ... မွှေးလိုက်တာ၊ ဘယ်လိုမွှေးမှန်းမသိဘူး''

မွှေးရနံ့တို့က ကြိုင်လှိုင်သည်ထက် ကြိုင်လှိုင်လာပြီး မွှေးအီအီကြီးဖြစ်လာကာ ခဏအတွင်းမှာပင် ယွန်းမိမိတို့





အားလုံးမှာ ခေါင်းတို့ မူးနောက်လာတော့သည်။

''အား ... မွှေးအီအီကြီးနဲ့ ခေါင်းတောင်မူးလာပြီ၊ မူး ... မူးလိုက်တာ''

''အလိုလေး မူး ... မူးတယ်''

ထူးဆန်းသောပန်းတို့၏ မွှေးရနံ့တို့ကြောင့် သူတို့အားလုံး မှာ မူးဝေလာပြီးလျှင် ဂူလိုဏ်ကြီး၏ ကြမ်းပြင်ပေါ် ဒူးညွှတ်ကျ ကာ သတိလစ်သွားကြပါတော့၏။

❋

www.burmeseclassic.com

www.burmeseclassic.com

## သသ်ရှာအကျဉ်းသား

လူရဲတို့မည်မျှကြာအောင် သတိလစ်သွားပြီး မည်သို့ဆက်လက်ဖြစ်ပျက်သည်မသိ။ သတိပြန်ရလာသည့်အခါတွင်မူ သူတို့လူစုအားလုံးမှာ လက်ပြန်ကြိုးများတုပ်လျက် ကျောက်တိုင်တစ်တိုင်စီ၌ ကျောကပ်ချည်နှောင်ခြင်းခံထားရကြောင်း ထိတ်လန့်ဖွယ် တွေ့ရှိရလေသည်။

သူတို့ကို တစ်လံစီမျှခြားပြီး ကျောက်တိုင်ငယ်တို့၌ တုပ်နှောင်ထားကြကာ သူတို့၏ရှေ့ ဝါးတစ်ရိုက်ခန့်အကွာ၌ မီးတောက်မီးလျှံတို့ ဟဲဟဲထတောက်လောင်နေသည့် ရောမမီးပုံကြီး





ကို တွေ့ရလေသည်။

သူတို့သည် မူလဝတ်ထားသော အဝတ်အစားတို့ကို ဝတ်လျက်ပင် ချုပ်နှောင်ခံထားရခြင်းဖြစ်၏။

"ငါ ငါတို့ကို ဘယ်သူတွေကများ ဖမ်းထားတာပါလိမ့်။ လူရိုင်းတွေများလား"

သို့သော် သူတို့ကိုဖမ်းထားသူများမှာ လူရိုင်းများမဖြစ်နိုင်ဟု လူရဲ တွေးလိုက်မိ၏။

"ကို ကိုလူရဲ သတိရလာပြီလား"

သူ့ဝဲဘက်၌ ချုပ်နှောင်ခံထားရသည့် ယွန်းမိမိက လေသံဖြင့် မေးလိုက်သဖြင့် လူရဲက ခေါင်းလှည့်ကြည့်လိုက်လေသည်။

"အင်း ... သတိရပါပြီ ယွန်း"

ခဏချင်းမှာပင် လူရဲ၏လက်ယာဘက်ရှိ ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်ပါ သတိရလာပြီး ဖေအောင်နှင့်တပည့်နှစ်ဦးကတော့ စောစောကပဲ သတိပြန်ရလာခဲ့ပြီးဖြစ်သည်။

"ကိုလူရဲ ... ယွန်းတို့ကို လူရိုင်းတွေက ဖမ်းထားတာတော့ မဟုတ်ပါဘူးနော်"

"မဟုတ်နိုင်ဘူး ယွန်း။ ဟိုမှာတွေ့နေရတဲ့ ကျောက်



www.burmeseclassic.com

www.burmeseclassic.com



အဆောက်အဦတွေက လက်ရာအတော် အဆင့်မြင့်တာပဲ''

ညအမှောင်ထုလွှမ်းမိုးလျက်ရှိသော်လည်း လူရဲတို့က မီးရောင်များ လင်းလက်လျက်ရှိသော ဝန်းကျင်မှ အဆောက်အဦတို့ကို မြင်တွေ့နေရလေသည်။

တကယ်တော့ သူတို့သည် ကုန်းမြင့်တစ်ခုပေါ်ရှိ ကျောက်သားလွင်ပြင်ပေါ်တွင် ချုပ်နှောင်ခံထားရခြင်းဖြစ်ပြီး သူတို့၏ရှေ့မှ မီးပုံကြီး၏ရှေ့ဆယ်ကိုက်ခန့်အကွာသည် ကျောက်သားလွင်ပြင်၏အစွန်ဖြစ်ပေ၏။

ယင်းကျောက်သားလွင်ပြင်၏အစွန်း ဟိုမှာဘက်တွင် ချိုင့်ဝှမ်းကြီးချောက်ကြီးတစ်ခု ရှိနေပုံရပြီး ထိုချိုင့်ဝှမ်းကြီးအောက်မှ အစပြုလျက် ဒယ်အိုးပက်လက်သဏ္ဍာန် အဝန်းအဝိုင်းတစ်ခုလုံးတွင် သစ်ပင်များ၊ ပန်းချုံပန်းရုံများနှင့်အတူ ကျောက်သားအဆောက်အဦဖြူဖြူတို့ကို လရောင်ဖြင့် မြင်တွေ့နေရလေသည်။

ထိုကျောက်သားအဆောက်အဦတို့၏ ပြတင်းပေါက်တို့ထဲမှ မီးရောင်တို့ အံထွက်လျက်ရှိသော်လည်း လူရိပ်လူယောင်ကိုမှ မတွေ့မြင်ရချေ။

''ကိုလူရဲ . . . ယွန်းတို့ အိန္ဒိယနိုင်ငံဘက်များ ရောက်နေသလား၊ ဘင်္ဂလားနိုင်ငံလည်း ဖြစ်နိုင်တယ်နော်''





ထိုစဉ် ညလေပြည်နှင့်အတူ ခရုသင်းမှုတ်သံတစ်ခုက လွင့်မျောထွက်ပေါ်လာလေသည်။

''ဟူ . . . ဝူ . . . ဝူ . . . ဝူ''

ယင်းနောက် ကြေးမောင်းတီးသံတစ်ခုက ဖြည်းဖြည်းမှန်မှန် အချက်ကျကျ ထွက်ပေါ်လာတော့၏။

''ဒူ . . . ဒူ . . . ဒူ''

ထို့နောက်တွင်မူ ဗုံတီးသံ၊ စောင်းညှင်းခတ်သံတို့က လွမ်းမောဖွယ် တေးဂီတသံအဖြစ် လရောင်ဝန်းခသည့် ခေါင်းညည်းယံဝယ် သာယာနာပျော်ဖွယ် လွင့်မျောလို့နေတော့သည်။

''ကြားလား ယွန်း၊ သာယာညှင်းပျောင်းတဲ့ ဂီတသံတွေ''

''ဟုတ်တယ်နော် ကိုလူရဲ၊ တူရိယာတီးခတ်သံတွေက သာယာလိုက်တာ၊ လူရိုင်းတွေဆိုရင် ကြမ်းတမ်းတဲ့ဗုံတီးသံမျိုးပဲ ကြားရမှာပေါ့''

''ဟုတ်တယ် ယွန်း၊ ပြီးတော့ အခုကြားရတဲ့ ဂီတသံဟာ ပုဂံခေတ်က ဂီတသံစဉ်နဲ့ ခပ်ဆင်ဆင်တူ မနေဘူးလား၊ ပုဂံခေတ်က ဂီတသံရော ယွန်းကြားဖူးလား''

''ကြားဖူးတယ် ကိုလူရဲ၊ ဖေဖေနဲ့အတူ မန္တလေးရောက်



www.burmeseclassic.com

www.burmeseclassic.com



တုန်းက ဂရိတ်ဦးဖိုးစိန်ရဲ့ဇာတ်ပွဲမှာ ပုဂံအကနဲ့ ပုဂံဂီတ တင်ဆက်တာကြည့်ဖူး ကြားဖူးတယ်။ ဟုတ်တယ်၊ အခုကြားနေရတဲ့ ဂီတသံဟာ ပုဂံဂီတသံနဲ့ ခပ်ဆင်ဆင်တူတယ်''

လူရဲနှင့် ယွန်းမိမိတို့ပြောကြားသည့်စကားတို့ကို ကြားနေရသော ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က သူတို့ဘက်သို့ ခေါင်းလှည့်ကြည့်ပြီး လှမ်းပြောလိုက်လေသည်။

''ဟုတ်တယ် မောင်လူရဲ။ အခုကြားနေရတဲ့ တီးသံမှုတ်သံတွေဟာ ပုဂံခေတ်က တီးခတ်လေ့ရှိတဲ့ တီးလုံးသံမျိုးပဲကွဲ့။ ဒါ . . . ဒါဆို ကျုပ်တို့ဟာ''

''ဟုတ်တယ် ဆရာကြီး၊ ကျွန်တော်တို့တော့ ပျူမြို့တော်ကြီး သသ်ရာခေတ်ရောက်နေပြီ ထင်တယ်ဗျ''

''ဟာ . . . ဒါဆို ဝမ်းသာစရာပဲကွာ။ ကျုပ်တို့ရဲ့ရည်မှန်းချက် တကယ့်ကိုအောင်မြင်ပြီပေါ့။ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလိုဖြစ်နေတဲ့ လက်ကျန်ပျူလူမျိုးတွေရဲ့ ခေတ်သစ်မြို့တော်ကြီးကို ကျုပ်တို့ ရှာဖွေတွေ့ရှိခဲ့ပြီပဲ။ ဝမ်းသာလိုက်ပါဘိကွယ်''

''ဝမ်းသာမနေနဲ့ အန်ကယ်။ ခုပဲ ကျွန်တော်တို့ဟာ သူတို့ရဲ့အကျဉ်းသားဖြစ်နေရပြီ၊ မကြာခင် အသတ်ခံရဖို့များတယ်။ ဒါနဲ့တောင် အန်ကယ်က ဝမ်းသာနေရသလားဗျာ''





ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်ဘက်သို့ ခေါင်းလှည့်ကာ ဖေအောင်က မျက်နှာရှုံ့မဲ့လျက် ပြောလိုက်ခြင်းဖြစ်သည်။

''မောင်ဖေအောင်ရဲ့ ပျူတွေက ကျုပ်တို့ကို သတ်မယ်မထင်ပါဘူးကွဲ့။ သူတို့ရဲ့နယ်ထဲ ကျူးကျော်ဝင်ရောက်လာသူတွေဟာ ဘယ်သူတွေ၊ ဘယ်လိုလူစားမျိုးတွေမှန်း မသိသေးလို့သာ သူတို့ ဖမ်းဆီးထားတာ ဖြစ်မှာပါကွယ် . . .၊

ကျုပ်ရှော မောင်လူရဲပါ ပျူတွေရဲ့ဘာသာစကားကို ပြောဆိုနားလည်တာပဲဟာ။ သူတို့ကို ကျုပ်တို့ဟာ သမိုင်းသုတေသီတွေသာဖြစ်ကြောင်း၊ သူတို့ကို ရန်ပြုမယ့်သူတွေမဟုတ်ကြောင်း ရှင်းပြရင် ကျုပ်တို့ကို အန္တရာယ်မပြုလောက်ပါဘူး။ ခုလို ချုပ်နှောင်ထားရာကနေလွှတ်ပြီး အထူးဧည့်သည်တော်တွေအဖြစ် တခုတ်တရတောင် ပြုစုဧည့်ခံလိုက်ဦးမယ်''

''ကျွန်တော်တော့ သိပ်မထင်ဘူး။ သူတို့လို ရှေးဟောင်းသူတွေဟာ အယူအစွဲသိပ်ကြီးကြတယ် အန်ကယ်ရဲ့။ အထူးသဖြင့် သူတို့လို ပြင်ပကမ္ဘာနဲ့ ကင်းကင်းနေချင်လို့ ခုလို လျှို့ဝှက်မြို့တော်ကြီးမှာ သီးသန့်နစ်ထောင်နဲ့ချီပြီး နေထိုင်ခဲ့သူတွေဟာ သူတို့ရဲ့အကြောင်း ပြင်ပကမ္ဘာကသိသွားမှာကို သိပ်စိုးရိမ်မှာပါပဲ။ ဒါကြောင့် ပြင်ပကမ္ဘာကနေ သူတို့ရဲ့လျှို့ဝှက်မြို့တော်သို



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာသူတွေကို ချမ်းသာပေးမှာမဟုတ်ဘူး။ အဲဒီလိုပဲ သူတို့ရဲ့ လျှို့ဝှက်မြို့တော်ထဲ ရောက်လာသူတွေကိုလည်း ပြင်ပကမ္ဘာဆီ ထွက်ခွင့်ပြုမှာမဟုတ်ဘူး။ သတ်ပစ်မှာ သေချာတယ်''

''မောင်ဖေအောင်ရယ် ပျူတွေဟာ ရှေးခေတ်လူသားတွေ ဆိုပေမယ့် ယဉ်ကျေးမှု အဆင့်မြင့်သူတွေပါကွဲ့။ ဒီလောက် ရိုင်းစိုင်းကြမ်းကြုတ်မယ် မထင်ပါဘူး။ လူလူချင်း အဲဒီလောက် မရက်စက်နိုင်ပါဘူးကွဲ့''

''ကျွန်တော်တော့ အဲဒီလိုမထင်ဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော်က သူတို့ခေါင်းဖြတ်သတ်ထားတဲ့ အလောင်းတွေကို တွေ့ထားလို့ပဲ''

''ဘယ် ဘယ်လို အလောင်းတွေ တွေ့ထားတယ်ဟုတ်လား။ ဘယ် ဘယ်မှာတွေ့တာလဲ မောင်ဖေအောင်''

''ကျွန်တော်တို့ မူးမေ့လဲကျပြီး အဖမ်းခံခဲ့ရတဲ့ ဟိုဂူလိုဏ်ကြီးထဲမှာပေါ့ အန်ကယ်ရဲ့။ မှောင်ရိပ်ကျနေတဲ့ ပန်းရုံတွေအောက်မှာ ခေါင်းတခြား ကိုယ်တခြားဖြစ်နေတဲ့ အရိုးစု လေးစုကို ကျွန်တော်တွေ့ခဲ့ရတယ်ဗျ''

''ဟေ ... ဟုတ်လား''

''ဟုတ်တယ် အန်ကယ်၊ ကြည့်ရတာတော့ ဒီပျူမြို့တော်





ကြီးကနေ ထွက်ခွာဖို့ ကြိုးစားခဲ့သူတွေနဲ့တူတယ်ဗျ။ ဘာဖြစ်လို့လဲဆိုတော့ ပျူတွေက သူတို့ကို ခေါင်းဖြတ်သတ်ပြီးတဲ့နောက် သူတို့ရဲ့ အဝတ်အစားတွေနဲ့ လက်ဝတ်တန်ဆာတွေကို အားလုံး ချွတ်ယူသွားကြတယ်ဗျ။ လက်နက်တစ်ခုခုတောင် မထားရစ်ခဲ့ကြဘူး။ သူတို့ရည်ရွယ်ပုံက တကယ်လို့ ပြင်ပကမ္ဘာကလူတွေ အဲဒီဂူကြီးဆီ မတော်တဆရောက်လာရင်တောင် ပျူအဝတ်အစား လည်ဆွဲတန်ဆာတွေ၊ ပျူတွေကိုင်နေကျလက်နက်တွေကို မတွေ့မမြင်စေချင်ဘူးနဲ့တူတယ်ဗျ။ ဒါကြောင့် လက်စဖျောက်သွားကြပြီး အလောင်းတွေကို ဒီအတိုင်း ပစ်ထားခဲ့ကြတာဗျ''

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က သူ၏ရှေ့တည့်တည့်မှ လှုပ်ရှားမှုမဲ့စွာ ငြိမ်သက်နေသည့် ပျူမြို့တော်ကြီးကို ငေးကြည့်လိုက်ရင်း သက်ပြင်းကြီးမှုတ်ထုတ်လိုက်လေသည်။

''ဟူး ... ဒီအတိုင်းဆိုရင်တော့ သိပ်လွယ်မယ်မထင်ဘူး မောင်ဖေအောင်ရေ။ မင်းရဲ့တွေးဆချက်ကလည်း ဖြစ်နိုင်တာပဲကွာ။ ဘာပဲဖြစ်ဖြစ်လေ ကျုပ်တို့ကို သူတို့နားလည်ခွင့်လွှတ်နိုင်အောင်တော့ ကြိုးစားရမှာပဲပေါ့ကွယ်''

ထိုစဉ် ကျောက်လှင်ပြင်ဖျာဝဲဘက်အစွန်းမှ လူတစ်ဦး၏ ဦးခေါင်းတစ်ခုပေါ်လာပြီး ထိုမှ ပခုံး၊ ခါးတို့ အဆင့်ဆင့်ပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်ကို လှမ်းတွေ့ရလေ၏။

ယင်းနေရာတွင် လှေကားထစ်များရှိနေပြီး ပျူစစ်သည် တစ်ဦး လှေကားအတိုင်း တက်လာဟန်ရှိလေသည်။

မကြာမီအရပ်အတော်မြင့်ကာ ကြံ့ခိုင်ညိုမောင်းသော ခန္ဓာရှိသည့် ပျူစစ်သည်ကြီးသည် အဲမောင်းလှံကို ကိုင်ဆောင်လျက် ကျောက်လွင်ပြင်ပေါ် ရောက်လာပြီးနောက် သူတို့ရှေ့မှ ဖြတ်လျှောက်သွားလေ၏။

ထိုသူကို လှမ်းကြည့်ရင်း လူရဲက မှတ်ချက်စကားဆို လိုက်တော့သည်။

"ဟုတ်တယ် . . . သူဟာ ပျူလူမျိုးပဲ။ ပျူတွေဟာ ဘဲဥပုံမျက်နှာရှိပြီး ပါးစပ်ကျယ်၊ နှုတ်ခမ်းထူ၊ နှာခေါင်းကြီး နားပေါက်ကျယ်ကြတယ်လို့ ကျောက်စာ၊ မင်စာတွေမှာ ဖတ်ရှု တယ်။ ဒီလူ့ရုပ်မျိုးပဲ"

ဇော်ဂျီဦးထုပ်သဏ္ဌာန်ပေါင်းအပြာရောင်ကို ဆောင်း ထားပြီး ခန္ဓာကိုယ်အထက်ပိုင်းတွင် မည်သည့်အဝတ်အစားမှ ဝတ်စားထားခြင်းမရှိသော ထိုပျူစစ်သည်ကြီးသည် ပခုံးထက်မှ နောက်ကျောဆီသို့ အပြာရောင်ဝတ်ရုံကြီးချထားရာ ခြေလှမ်း လှမ်းလိုက်တိုင်း လေအဟုန်ဝယ် ဝတ်ရုံပြာကြီးက ကျောဘက်၌





အလွင့်လွင့် ဖြစ်နေပုံမှာ ကြည့်ကောင်းလှပေသည်။

"ဟုတ်တယ် မောင်လူရဲ၊ အဲဒီလူဟာ သရေခေတ္တရာ ပျူမျိုးနွယ်ပဲ။ သရေခေတ္တရာပျူတွေဟာ အပြာရောင်ကို နှစ်သက်လေ့ရှိတယ်လို့ ကျုပ် သိထားတယ်"

ပျူစစ်သည်ကြီးသည် ခါး၌ ကျားခေါင်းပုံပါသည့် ကြေးခါးပတ်ခေါင်းကြီးနှင့် ခါးပတ်ကိုပတ်ထားကာ ခါးအောက်တွင် အပြာရောင်ချည်သားအိတ်ရှည်သဏ္ဌာန်ဘောင်းဘီလိုလိုကို ဝတ်ဆင်ထားလေသည်။

သူ၏နား၌ နားကွင်းကြီးများဝတ်ဆင်ထားပြီး လက်မောင်းလက်ဖျံတို့၌ ငွေလက်ကြပ်၊ လက်ပတ်တို့ ဝတ်ဆင်ထားသည်။ ထိုပျူစစ်သည်ကြီးသည် လူရဲတို့ဘက်သို့ လုံးဝ လှည့်မကြည့်ဘဲ မီးပုံကြီးဆီသို့တန်းသွားကာ ယောက်ျားကြီး ခြေသလုံးခန့်ရှိသော ထင်းချောင်းတို့ကို မီးပုံထဲ ထိုးထည့်လျက် မီးရှိန်မြှင့်လိုက်လေသည်။

ဆောင်းညက အေးရသည့်အထဲ တောင်စောင်းမြင့်ပေါ် ရောက်နေရသည့် လူရဲတို့လူစုမှာ နှင်းဆွတ်လေရှိုင်းတို့၏ ဟူးဟူး အေးရား တိုက်ခတ်နေမှုကြောင့် ဘွေးခဲမတတ် ခံစားနေရသော်လည်း ယခုကဲ့သို့ အလျှံတညီးညီး တောက်လောင်နေသည့်



www.burmeseclassic.com

www.burmeseclassic.com



မိုးပုံကြီး၏အပူရှိန်ကြောင့် အတော်လေး နေသာထိုင်သာ ရှိနေရတော့၏။

ပျူစစ်သည်ကြီးက ထင်းထိုးပြီး နောက်လှည့်ထွက်လာစဉ် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ပျူဘာသာစကားဖြင့် လှမ်းခေါ်လိုက်လေသည်။

''ဟေ့ . . . ရဲမက် ရဲမက် ဒီကိုလာပါဦးကွဲ့''

ပျူစစ်သည်ကြီးမှာ ခြေလှမ်း တုံ့ခနဲရပ်သွားကာ သူ့ထံ မယုံနိုင်သော မျက်လုံးများဖြင့် ငေးကြောင်ကြည့်နေတော့၏။

ထို့နောက်တွင်မူ ပျူစစ်သည်ကြီးသည် ဖျတ်ခနဲ သင်ဝင်လာပြီး အကျဉ်းသားခြောက်ယောက်တို့အား ချုပ်နှောင်ထားသော ကျောက်တိုင်များဆီ ခြေလှမ်းကျဲကြီးများဖြင့် အံ့မောင်းလုံးအသင့်ကိုင်လျက် လှမ်းလျှောက်လာတော့၏။

''ဟေ့ ရဲမက် ကျုပ်တို့ကို ဘာဖြစ်လို့ ဖမ်းထားရတာလဲ''

ပျူစစ်သည်ကြီးက အသံထွက်ပေါ်လာရာဆီသို့ စူးစူးစိုက်လှမ်းကြည့်လိုက်ပြီးလျှင် ချက်ချင်းဆိုသလိုပင် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်၏ရှေ့သို့ ရောက်ရှိလာတော့၏။

''သင် သင်က ကျုပ်တို့ရဲ့စကားကို ပြောတတ်တယ် ဟုတ်လား''





ပျူစစ်သည်ကြီးက အံ့သြတကြီးမေးလိုက်လေသည်။ သူ၏စကားကို အခြားသူများ နားလည်အောင် လူရဲက ဘာသာပြန်ရှင်းပြပေးလျက်ရှိလေသည်။

''ဟုတ်တယ်၊ ပြောတတ်ပါတယ်။ ကျုပ်တို့ဟာ ပြင်ပခေတ်မီတိုးတက်နေတဲ့ ကမ္ဘာကြီးကနေလာကြတဲ့ သမိုင်းသုတေသီတွေပါကွဲ့''

''အင်း . . . အဲဒီလိုပြင်ပကမ္ဘာကလူတွေ ရောက်မလာအောင် ဂမ္ဘီရနည်းနဲ့ စီမံထားတဲ့ မရဏာတံခါးဝဂူလိုဏ်ကြီးထဲမှာ သင်တို့ လဲပြိုကျသတိလစ်နေတာကို တွေ့ရလို့ ကျုပ်တို့က ဘုရင်မအမိန့်နဲ့ ဖမ်းဆီးခဲ့ကြတယ်လေ''

''ဘယ်လို ဘုရင်မအမိန့်ဟုတ်လား။ ဒါဆို ဒီပျူမြို့တော်ကြီးကို ဘုရင်မတစ်ပါးက အုပ်ချုပ်နေတယ်ပေါ့။ ဟုတ်လား''

''ဟုတ်ပါတယ်၊ ဘုရင်မသိဿလာက အုပ်ချုပ်နေတာပါ''

''ဟုတ်ပြီ၊ ကျုပ်တို့ အဲဒီဘုရင်မသိဿလာကို တွေ့ချင်တယ်''

''သင်တို့က ရာဇဝတ်သားတွေပဲ။ ရာဇဝတ်သားမှ နက်အာရုံတက်တာနဲ့ ခေါင်းဖြတ်ကွပ်မျက်ခံရမယ့် ရာဇဝတ်သားတွေပဲ။ ဒီတော့ သင်တို့လိုရာဇဝတ်သားတွေအနေနဲ့ ဘုရင်မ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့ခွင့်မရနိုင်ဘူး"

"နေပါဦး ... ကျုပ်တို့မှာသာ အပြစ်ရှိလို့ သတ်ရမှာလဲ"

ပျူစစ်သည်ကြီးက နှုတ်ခမ်းထူထူကြီးကို မဲ့လိုက်ပြီး ပြောသည်။

"သင်တို့ဟာ ကျုပ်တို့ရဲ့လျှို့ဝှက်မြို့တော်ဆီ ကျူးကျော်ရောက်ရှိလာတဲ့သူတွေပဲ။ ကျုပ်တို့ လျှို့ဝှက်မြို့တော်ဆီ ကျူးကျော်ဝင်လာသူတွေနဲ့ ထွက်ပြေးချင်သူတွေအတွက် ဒီ သသ်ရွှေမြို့တော်ကြီးရဲ့ ဥပဒေကတော့ သေဒဏ်ပဲ"

"ကောင်းပါပြီ၊ ဒါပေမဲ့ ကျုပ်တို့ကိုမစီရင်ခင် ကျုပ်တို့ဟာ ကျူးကျော်သူတွေမဟုတ်ဘူး။ ရှေးဟောင်းသမိုင်းအမှန်တွေကို စူးစမ်းရှာဖွေနေတဲ့ သမိုင်းပညာရှင်တွေသာဖြစ်ကြောင်း ဘုရင်မဆီ လျှောက်တင်ပေးပါဗျာ"

"ကောင်းပြီလေ၊ သင်တို့ပြောလိုရာကို လျှောက်ထားပြောပြပေးပါ့မယ်"

ပျူစစ်သည်ကြီးက ဒါပဲပြောပြီး ဝတ်ရုံပြာကြီး တလွှားလွှားဖြင့် လှမ်းလျှောက်ထွက်ခွာသွားတော့၏။

သူက ကျောက်လွင်ပြင်၏ဝဲဘက်စွန်းရှိ ကျောက်သားလှေ ကားထစ်များအတိုင်း ဆင်းသက်ကာ ပျောက်ကွယ်သွား





တော့၏။

"ကဲ ... မပြောလား အန်ကယ်။ ကျွန်တော်တို့ကို ပျူတွေက အဆုံးစီရင်ကြလိမ့်မယ်လို့"

"အေးပါ မောင်ဖေအောင်ရယ် ... အေးပါ။ ဒါပေမဲ့ ကျုပ်တို့ကတော့ အဆုံးအစီရင်မခံရခင် ဘုရင်မနဲ့တွေ့ခွင့်ရဖို့ ကြံဆောင်ရမှာပဲကွဲ့"

ထိုစဉ် လူရဲတို့ရှိရာအရပ်နှင့် မျက်စောင်းထိုးရှိ ကျောက်ဖြူသားဖွေးဖွေးတို့ဖြင့် လှပစွာ တည်ဆောက်ထားသော အဆောက်အဦဆီမှ တူရိယာပစ္စည်းတို့၏ တီးခတ်သံနှင့်အတူ အမျိုးသမီးငယ်တစ်ဦး၏ ဆွဲဆွဲငင်ငင် သီဆိုလိုက်သော တေးသီချင်းသံက ညှဉ်းညှဉ်းညံ့ညံ့လေး ထွက်ပေါ်လာပါတော့၏။

လူရဲတို့သည် လွမ်းဆွတ်ဖွယ် ထိုတေးသံလေးကို နားဆင်ရင်း လရောင်အောက်၌ လှပစွာငြိမ်သက်နေသည့် ပျူမြို့တော်ကြီးကို ငေးကြည့်ရင်း အာရုဏ်ရောက်သည်နှင့် ရက်စက်စွာ သတ်ဖြတ်စီရင်ခြင်းခံရတော့မည်ဟူသော အတွေးတစ်စ ရင်ထဲဝင်လာသည်နှင့် သက်ပြင်းမောကိုသာ အခါခါချနေမိကြပါတော့၏။

✻



www.burmeseclassic.com

www.burmeseclassic.com

## ဘုရင်မသျှီလာ

အရှေ့စူးစူးအရပ်ဆီမှ ရောင်နီပျို့လာပြီဖြစ်၏။

လူရဲတို့တစ်စုစည်း ကြိုးတုပ်ခံထားရသည့် ကျောက်တိုင်တို့တွင် တစ်မေ့း နှစ်မေ့းမျှ အိပ်ပျော်သလိုလို ဖြစ်သွားကြရာမှ ညဦးအမှောင်ထု တဖြည်းဖြည်းပျောက်ကွယ်စပြုပြီး နံနက်ခင်းရောင်ခြည်တို့ လင်းလက်စပြုလာချိန်တွင် မကြာမီ သေရတော့မည်ဟူသောအတွေးကြောင့် ရင်ထဲဝယ် ထိတ်လန့်တုန်လှုပ်မှု အသီးသီးဖြစ်သွားကြရပါတော့၏။ သူတို့၏ရှေ့ရှိ မီးပုံကြီးသည်လည်း မီးငြိမ်းသွားပြီ ဖြစ်ပါသည်။





နံနက်ခင်းရောင်ခြည် လင်းလက်စပြုလာသည်နှင့် အုံ့ဆိုင်းနေသည့် နှင်းဖြူတို့က တဖြည်းဖြည်း ပါးလျားလို့သွားတော့သည်။

မြို့တော်ကြီး၏ တစ်နေရာဆီမှ ခရုသင်းမှုတ်သံ ထွက်ပေါ်လာပြီး –

"တူ တူ၊ ဟူ ဟူ ဟူ၊ တူ တူ တူ"

ကြေးမှောင်းထုသံကြီး အချက်မှန်မှန်ဖြင့် လေးလေးပင်ပင် ထွက်ပေါ်လာပြီးသည်နှင့် –

"ဒူ ဒူ ဒူ ဒူ"

ပျူတို့၏ သသ်ရာမြို့တော်ကြီးသည် စတင်သက်ဝင်လှုပ်ရှားလာတော့သည်။

ဧရိယာအကျယ်အဝန်းအားဖြင့် ကိုက် (၇၀၀) ပတ်လည်ခန့်ရှိသည့် ဒယ်အိုးသဏ္ဍာန် မြို့တည်ရာအရပ်မှာ ကျောက်တောင်ကြီးများ ပတ်ပတ်လည်ဝိုင်းနေပြီး စိမ်းစိမ်းညို့ညို့ သစ်ပင်ပန်းပင်များလည်း ချိုင့်ဝှမ်းကြီးအနှံ့ ပေါက်ရောက်လျက်ရှိသဖြင့် သာယာအေးချမ်းဆိတ်ငြိမ်လှ၏။

ယင်းသို့ ဆိတ်ငြိမ်နေသည့် မြို့တော်ကြီး၏ ဒယ်အိုးသဏ္ဍာန် ချိုင့်ဝှမ်းထဲမှ တောင်စောင်း တောင်ခါးပန်းတို့တွင်



www.burmeseclassic.com

www.burmeseclassic.com



လေးထောင့်ပုံ ကျောက်သားဖြူတိုက်အိမ်ပုလေးများမှာ ဟိုနေရာတစ်လုံး၊ သည်နေရာတစ်လုံး တည်ရှိနေပြီး ထိုတိုက်အိမ်လေးတို့ထဲမှ ပျူမြို့တော်သူ မြို့တော်သားတို့ အလျှိုလျှိုထွက်လာသည်ကို တွေ့နေရလေသည်။

အချို့ ကျောက်သားအိမ်တို့မှာ သီးသန့်တည်ဆောက်ထားကြသော်လည်း အချို့အိမ်တို့မှာမူ ကျောက်တောင်ကြီးတို့၏ ကျောက်သားနံရံတို့ကိုထွင်းကာ ပြတင်းပေါက်၊ တံခါးပေါက်တို့ကို လုပသေသပ်စွာ ဖောက်ထားလေ၏။

ထိုသို့သော ကျောက်ဖြူသားတိုက်အိမ်လေးတို့ထဲမှ ထွက်လာကြသည့် အမျိုးသမီးတို့မှာ အပြာရင့်ရောင်နှင့် အပြာနုရောင် ချည်ထည်ကိုယ်ကြပ်အကျီများ၊ အပြောက်အမွန်းများသည့် လွန်းချိတ်လွန်းပျံထည်တို့ကို လက်တို လက်ရှည် အမျိုးမျိုး ဝတ်ဆင်ထားကြပြီးလျှင် ခါး၌ ခါးပန်းကြိုး၊ အနီရောင်တို့ ရစ်ပတ်ထားကြလေသည်။

ခါးအောက်ပိုင်းတွင်မူ ချည်ထည်၊ လွန်းချိတ်လွန်းပျံထည်တို့ကို အိတ်ရှည်ပုံစံမျိုးဝတ်ဆင်ထားကြကာ ဆံပင်ရှည်ထားကြပြီး မုန့်ဝိုင်းသဏ္ဌာန် ထုံးဖွဲ့လျက် ဆံထုံးတို့၏အောက်ခြေတွင် ပုလဲကုံးတို့ကို ပတ်ခွေဆင်မြန်းထားကြလေသည်။ အချို့အမျိုး





သမီးတို့ကမူ ငွေခါးပတ်များ ပတ်ထားကြလေ၏။

အမျိုးသမီးအများစုမှာ ပုတီးလည်ဆွဲတို့ ဆွဲထားကြပြီး ပဝါပါးတို့ကို လည်၌ရစ်ပတ်ကာ ပဝါစကို ကျောနောက်တွင် တလျားချထားကြလေသည်။ သူမတို့သည် ဖိတ်ဖိတ်တောက်နေသည့် ရွှေနားကပ်များ၊ သတ္တုလက်စည်းလက်ကြပ်တို့ကို ဝတ်ဆင်ထားကြကာ သားမွေးယပ်တောင်တို့ကို ကိုယ်စီကိုင်စွဲထားကြလေ၏။

ပျူအမျိုးသားအများစုမှာမူ ဆံပင်ရှည်ထားကာ ဆံပင်ကို နောက်သို့လှန်ဖြီးထားကြပြီး နောက်စေ့၌ ထုံးဖွဲ့လျက် ငွေပြားဖြင့် ရစ်နှောင်ထားကြလေသည်။

သူတို့သည် ငွေပြားလည်ဆွဲတို့ကို ဆွဲထားကြပြီး အကျီဗလာနှင့် ကျားခေါင်းပုံ ကြေးခါးပတ်၊ ငွေခါးပတ်တို့ကို ပတ်ထားကြလေသည်။

ခါးအောက်ပိုင်းတွင်မူ လွန်းချိတ်တို့ကို အိတ်ရှည်အသွင်မျိုးဖြင့် ဝတ်ဆင်ထားကြလေသည်။

ခါး၌မူ ဓားရှည်ကိုယ်စီကို ငွေဓားအိမ်၊ ကျောက်စီရွှေဓားအိမ်များဖြင့် ချိတ်ဆွဲထားကြရလေသည်။

ထူးခြားသည်မှာ ပျူအမျိုးသားများရော အမျိုးသမီးတို့ပါ



www.burmeseclassic.com

www.burmeseclassic.com



ခြေဗလာများဖြင့် ဖြစ်၏။ ခြေနင်းများ ဝတ်ဆင်ခြင်းမရှိချေ။

ထိုပျူအမျိုးသား အမျိုးသမီးတို့သည် တောင်စောင်း တစ်ခုတွင်ရှိသော အကြီးဆုံး ကျောက်ဖြူသားအဆောက်အဦကြီး ဆီသို့ ဦးတည်လျက် တရွေ့ရွေ့ လှမ်းသွားလျက်ရှိလေသည်။

ယင်းသို့ သသ်ရာမြို့တော်ကြီးမှ ပျူလူမျိုးတို့၏ လှုပ်ရှား မှုတို့ကို လူရဲတို့က အပေါ်စီးမှအတိုင်းသား မြင်နေရခြင်းဖြစ်၏။

စကားသံများမကြားရဘဲ မောင်းသံတဒူဒူသာ အချက် မှန်မှန်ကြီးကြားနေရပြီး တိတ်ဆိတ်စွာ လှုပ်ရှားသွားလာနေကြ သည့် ပျူလူမျိုးတို့ကိုစိတ်ဝင်တစားငေးကြည့်နေရင်းမှ ပရော်ဖက် ဆာကြီးဦးညွန့်လှိုင်က လူရဲဘက်သို့ ခေါင်းလှည့်ကြည့်ကာ ပြော လိုက်လေသည်။

"မောင်လူရဲရေ ... ညတုန်းက ဟိုပျူစစ်သည်ကြီးပြော သွားတော့ ကျုပ်တို့ကို အရဏ်တက်တာနဲ့ ကွပ်မျက်မယ်ဆိုပြီး ခုထိ ဘာမှမလုပ်သေးပါလား"

"ဟုတ်တယ် ဆရာကြီး။ သူတို့ ဘယ်လိုအစီအစဉ် ပြောင်းသွားသလဲမသိဘူး။ ပြီးတော့ ဟိုကျောက်ဖြူသား အဆောက်အဦကြီးဆီ စောစောစီးစီး လူတွေ ဘာအတွက်သွားနေ ကြသလဲ မသိဘူး"





ထိုသို့ ဇဝေဇဝါအတွေးများဖြင့် သူတို့၏ အနာဂတ် အတွက် သောကပွားနေကြစဉ် ကျောက်လှိုင်ပြင်၏ဝဲဘက်မှ လှေကားအတိုင်း စစ်သည်ရဲမက်သုံးဦး တက်လာပါတော့၏။

ရှေ့ဆုံးမှ စစ်သည်ကြီးမှာ ဖောင်းအနီရောင်ကို ခေါင်း၌ ဆောင်းထားပြီး ကျောဘက်၌ အနီရောင်ကတ္တီပါခြုံလွှာကြီးကို ဖားလားချထားကာ ခါးမှ ငွေခါးပတ်တွင် ကျောက်စီရွှေဓားအိမ် ဖြင့် ဓားရှည်တစ်လက် ချိတ်ဆွဲထားလေသည်။

ထိုသူမှာ စစ်သည်အကြီးအကဲတစ်ဦးဖြစ်ဟန်တူပြီး သူ့ နောက်မှ အပြာရောင်ဖောင်းဆောင်းထားကာ အပြာရောင်ခြုံလွှာ ကြီးများ ဆင်မြန်းထားသည့် ရဲမက်နှစ်ဦးအနက် တစ်ဦးမှာ ညက လာသွားသည့်ရဲမက်ကြီးပင် ဖြစ်ပါ၏။

ထိုရဲမက်နှစ်ဦးက ဘာမပြောညာမပြောဖြင့် လူရဲတို့အား တုပ်နှောင်ထားသည့် ကြိုးတို့ကို ဖြည်ပေးလေသည်။

ကြိုးပြေသွားသူများလည်း ညောင်းညာလှသဖြင့် ခြေ ညောင်းလက်ဆန့် လုပ်နေကြရာ သူတို့ကိုကြည့်နေသည့် ရဲမက် အကြီးအကဲ၏ မျက်လုံးအကြည့်တို့တွင် တင်းမာမှုမတွေ့ရသဖြင့် အခြေအနေကတော့ ဆိုးပုံမရချေ။

အားလုံးကို ကြိုးဖြည်ပေးပြီးမှ ရဲမက်အကြီးအကဲက



www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့လူစုထဲတွင် အသက်အကြီးဆုံးဖြစ်သည့် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်၏မျက်နှာကို တည့်တည့်ကြည့်လျက် မိတ်ဆက်စကားဆိုလေသည်။

''သင်တို့က ကျုပ်တို့ဗျူစကားကို ပြောတတ်တယ်လို့ အတ္တကပြောတယ်။ ကျုပ်ရဲ့နာမည်က မန္တပါ။ စစ်ကဲကြီးမန္တပါပဲ။ သင်တို့က ကျုပ်တို့ရဲ့ပျူစကားပြောတတ်တယ်ဆိုလို့ ကျုပ်တို့ရဲ့ ဘုရင်မ သျှီလာက စိတ်ဝင်စားပြီး သင်တို့ကိုကွပ်မျက်ဖို့ကိစ္စ ရပ်တန့်ထားဖို့ အမိန့်ချမှတ်ထားတယ်''

''ဩော် ... ဝမ်းသာစရာပေါ့ စစ်ကဲကြီးရယ်''

''ဒါထက် သင်တို့ဟာ သမိုင်းသုတေသီတွေဆို ဟုတ်လား''

''ဟုတ်ပါတယ် စစ်ကဲကြီး။ သမိုင်းဝင်နေရာဒေသတွေကို လိုက်လေ့လာနေကြသူတွေပါ။ အဲဒီလို လေ့လာရင်းနဲ့ ဒီနေရာရောက်လာတာပါ''

''အင်း ... သင်တို့ဟာ သမိုင်းသုတေသီတွေဆိုလို့ ဘုရင်မက သင်တို့ကို စိတ်ဝင်စားပြီး အခေါ်ခိုင်းလိုက်ပါတယ်''

''ဗျာ ... ကျုပ်တို့ကို ခေါ်ခိုင်းလိုက်တယ် ဟုတ်လား။ ကောင်းတာပေါ့ဗျာ။ ကျုပ်တို့ကလည်း ခင်ဗျားတို့ရဲ့ဘုရင်မနဲ့





သိပ်တွေ့ချင်နေတာဗျ''

''အင်း ... သင်တို့ကို အခုလွှတ်ရုံးတော်ဆီ ခေါ်သွားရမယ်ဗျ။ အဲဒီလွှတ်ရုံးမှာ ဘုရင်မက သင်တို့ကိုမေးစရာရှိတာ မေးမြန်းလိမ့်မယ်။ သင်တို့ဟာ ကျုပ်တို့မြို့တော်ကြီးအတွက် အန္တရာယ်ပြုမယ့်သူတွေ ဟုတ်မဟုတ် ဘုရင်မက စစ်ဆေးမှာပါပဲ၊ အဲဒီလိုစစ်ဆေးပြီးမှ ဘုရင်မက သင်တို့ကိုဘယ်လိုစီရင်ရမယ်၊ ဘယ်လိုစီမံရမယ်၊ ဘယ်လိုသဘောထားရမယ်ဆိုတာကို လွှတ်ရုံးအမတ်ကြီးတွေရယ်၊ နတ်ဆရာကြီး ဂေါ်သလရယ်၊ မြို့တော်သူမြို့တော်သားတွေရယ်ရဲ့ ရှေ့မှောက်မှာ အမိန့်ချမှတ်ရမှာ ဖြစ်တယ်။ သင်တို့ ကံကောင်းပါစေလို့ ကျုပ် ဆုတောင်းပေးလိုက်ပါတယ်''

စိတ်သဘောထားပြည့်ဝပုံရသော စစ်ကဲကြီးမန္တ၏စကားအရ မိမိတို့၏ အနာဂတ်အရေးမှာ စိတ်မအေးရသေးကြောင်း လူရဲတို့ သဘောပေါက်လိုက်ကြ၏။

''နေပါဦး စစ်ကဲကြီးရဲ့ ... စောစောကပြောတဲ့အထဲက နတ်ဆရာကြီး ဂေါ်သလဆိုတာ ဘယ်သူလဲဗျ''

လူရဲက ဝင်မေးလိုက်ခြင်းဖြစ်သည်။

''နတ်ဆရာကြီးဂေါ်သလဟာ ဒီမြို့တော်ကြီးရဲ့ ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ရေးဆိုင်ရာ အကြီးအကဲလေကွယ်''

''ဗျာ ပျူ ပျူလူမျိုးတွေဟာ ဗုဒ္ဓဘာသာနဲ့ ဖြတ်ဝါဒကို ယုံကြည်ကိုးကွယ်ကြတာမဟုတ်ဘူးလား စစ်ကဲကြီးရဲ့''

''အင်း . . . ကျုပ်တို့ရဲ့ ဘိုးဘွားတွေလက်ထက်ကတော့ ဗုဒ္ဓဘာသာပဲ ကိုးကွယ်ခဲ့ကြတာပါ။ ဒါပေမဲ့ နောက်ပိုင်းမှာ နတ်ဆရာတွေက လွှမ်းမိုးလာခဲ့တာပါပဲ။ ခုအချိန်မှာတော့ ကျုပ်တို့မြို့တော်ကြီး သည်ရာမှာ နတ်ဆရာကြီး ဂေါ်သလက ဘာသာရေးရော၊ အုပ်ချုပ်ရေးပိုင်းမှာပါ ဩဇာကြီးမားနေတယ်။ သင်တို့ သူ့ကို သတိသာထားပေရော့''

''ဘာဖြစ်လို့များလဲဗျ''

''နတ်ဆရာကြီးဂေါ်သလက အသိပညာမြင့်တဲ့သူ အကြားအမြင်များသူတွေကို မနှစ်သက်ဘူး။ သင်တို့ဟာ ကမ္ဘာသစ်ကလာသူတွေလို့ သူသိထားတော့ သင်တို့ဟာ အကြားအမြင်များသူတွေဖြစ်တယ်လို့ သူကယူဆတယ်လေ။ အဲလိုလူတွေကို သူက သိပ်မုန်းတယ်။ ဒါကြောင့် ကင်းအဖွဲ့က ကင်းလှည့်ရင်း သင်တို့ကိုဖမ်းမိလာတော့ ကွပ်မျက်ပစ်ဖို့ ဘုရင်မကို သူက တိုက်တွန်းခဲ့တယ်''

''ဘုရင်မကလည်း သင်တို့ကို မနက်အရုဏ်တက်တာနဲ့





ကွပ်မျက်ပစ်ဖို့ အမိန့်ပေးခဲ့တယ်။ ဒါပေမဲ့ သင်တို့ဟာ ကျုပ်တို့ရဲ့ စကားပြောတတ်ကြောင်း၊ သမိုင်းသုတေသီပညာရှင်တွေ ဖြစ်ကြောင်း ဘုရင်မသိသွားတော့ ရုတ်ချည်းမကွပ်မျက်သေးဘဲ လွှတ်ရုံးတော်တင်ပြီး အားလုံးရဲ့ရှေ့မှောက်မှာ စစ်ဆေးမေးမြန်းဖို့ အမိန့်ချမှတ်ခဲ့တာပဲ''

''ကဲ ကဲ . . . မကြာခင် လွှတ်ရုံးတော် စတင်တော့မယ်။ ကျုပ်တို့နဲ့လိုက်ခဲ့ကြ''

သို့ဖြင့် စစ်ကဲကြီးမန္တက ရှေ့မှ ဦးဆောင်သွားပြီး လူရဲတို့က သူ့နောက်မှတန်းစီလိုက်ကြရကာ ပျူစစ်သည်နှစ်ဦးက နောက်ဆုံးမှ အဲမောင်းလှံတံတို့ ကိုင်စွဲလျက် လိုက်ပါလာကြလေသည်။

ဦးစွာ ကျောက်လွင်ပြင်ကြီး၏ဝဲဘက်ရှိ ကျောက်သားလှေကားထစ်များအတိုင်း ပေနှစ်ဆယ်ခန့် ဆင်းသက်ခဲ့ရလေ၏။

ယင်းနောက် ပန်းရောင်စုံစတို့နှင့် လှပဝေဆာနေသည့် ပန်းရုံ ပန်းချုံတို့ကြားရှိ ကျောက်ပြားခင်းလမ်းအတိုင်း ကွေ့ကွေ့ကောက်ကောက် လျှောက်လှမ်းခဲ့ရလေသည်။

ကျောက်သားလှေကားထစ်များအတိုင်း ကွေ့ပတ်တက်လာပြီးသည့်နောက်မှာတော့ ကျောက်သားဖြူဖြူတို့ဖြင့် တည်

www.burmeseclassic.com



ဆောက်ထားသည့် ခမ်းနားလှသော လွှတ်ရုံတော်ကြီးဆီ ရော
ရှိသွားပါတော့၏။

ပျူရဲမက်စစ်သည်များ စောင့်ကြပ်လျက်ရှိသည့် လွှတ်
တော်ကြီး၏အပေါ်သို့ ကျောက်သားဖြူဖြူလှေကားထစ်
အတိုင်း အဖြူရောင်ကျောက်သားတိုင်လုံးကြီးများကြားမှ
တက်လာကြရပြီးနောက် ကျယ်ဝန်းခံ့ညားလှသည့် လွှတ်ရုံ
ကြီး၏ ခန်းမဆောင်ကြီးထဲ ရောက်ရှိသွားကြပါတော့သည်

ကျယ်ဝန်းရှည်လျားလှသည့် ကျောက်သားခန်းမကြီ
အလယ်မှ မင်းလမ်းမကို အနီရောင်ကျောက်ပြားများခင်းထ
ဘေးတစ်ဖက်တစ်ချက်ရှိ အပြာရောင်ကျောက်ပြားတို့ ခင်း
သည့် လွှတ်တော်ရင်ပြင်တစ်ခုလုံး၌ လူသူပရိသတ်ပြည့်ကြ
နေရာယူထိုင်နေကြသည်ကို တွေ့ရလေသည်။

လွှတ်ရုံးတော်ကြီး၏ ထိပ်ဆုံးကျောက်စင်မြင့်
ကျောက်ဖြူသားပလ္လင်ကိုတွေ့ရပြီး ပလ္လင်ပေါ်၌ မည်သူမျှ
ချေ။

ကျောက်ဖြူသားပလ္လင်၏ ရှေ့ဝဲဘက်၌ အနီ
ဗောင်းအရှည်ကြီးများခေါင်းဆောင်းထားလျက် ကတ္တီပါဝ
ရှည်ရှည်ကြီးများဝတ်ဆင်ကာ ရွှေစလွယ်များ တစ်စောင်း





ထားကြသည့် အမတ်ကြီးတို့အဖွဲ့ ထိုင်နေကြလေသည်။

ကျောက်ဖြူသားပလ္လင်၏ လက်ယာဘက်၌မူ နပူးအနား
တင်၌ ရွှေခြည်ထိုးကွပ်ထားသည့် အနက်ရောင်ဗောင်းရှည်ကြီးကို
ဦးခေါင်း၌ဆောင်းထားပြီး အနားသားတို့၌ ရွှေခြည်ထိုးကွပ်ထား
သော အနက်ရောင်ကတ္တီပါဝတ်ရုံကြီးလွှမ်းခြုံထားသည့် အသက်
၆၀-ခန့် မျက်နှာရှည်ရှည်နှင့် ပုဂ္ဂိုလ်ကြီးက ငြိမ်သက်စွာထိုင်
လျက်ရှိ၏။ အနီပုဂ္ဂိုလ်ကြီးသည်ကား နတ်ဆရာကြီး ဂေါ်သလပင်
ဖြစ်ပါချိမ့်မည်။

လွှတ်ရုံးအမတ်ကြီးများရော နတ်ဆရာကြီး ဂေါ်သလပါ
ကျောက်ကြမ်းပြင်ထက်တွင် ခင်းထားသည့် မွေးပွကော်ဇောအပေါ်
၌ ထိုင်နေကြခြင်းဖြစ်၏။

လူရဲတို့လူစုကမူ ကျောက်ဖြူသားပလ္လင်ရှေ့ လေးငါး
တိုက်ခန့်အကွာတွင် ထိုင်ကြရပြီး ဤလွှတ်ရုံးတော်ကြီးအတွင်းရှိ
အခြားသူများတို့ကဲ့သို့ပင် ပဆစ်တုပ်ထိုင်ကြရခြင်းဖြစ်၏။

လူရဲတို့ရောက်ရှိပြီး ခဏအကြာမှာပင် ကြေးမောင်းထု
သံနှင့် စည်ချီတီးသံတို့ မြည်ဟိန်းလာတော့သည်။

"နောင် ဒိုင်း"

"နောင် ဒိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"နောင် ဒိုင်း"

စောစောက လူရဲတို့လူစုကို ဝိုင်းကြည့်ကာ အချင်းချင်း တီးတိုးဝေဖန်သံ ညံလျက်ရှိကြသော လွှတ်ရုံးတော်ကြီးထဲမှ ထံ သတ်ကြီးမှာ မီးကို ရေနှင့်သတ်သည့်နှယ် ငြိမ်သွားကြပါတော့၏

ယင်းသို့ မောင်းတီးသံ၊ စည်တီးသံတို့ မြည်ဟိန်းနေ စဉ်မှာပင် ကျောက်ဖြူသားပလ္လင်၏နောက်မှ အပြာရောင်ကတ္တီပါ လိုက်ကာကြီးက တဖြည်းဖြည်းနှစ်ခြမ်းကွဲသွားပြီးလျှင် အဖြူ ရောင်ဝတ်ရုံပါးပါး ဝတ်ဆင်ထားသည့် ဘုရင်မသျှီလာက ရာဇ ပလ္လင်ပေါ် ကြေနွေအပြည့်ဖြင့် တစ်လှမ်းချင်း ထွက်လာပါတော့သည်။

ဘုရင်မ၏အလှကို တွေ့မြင်လိုက်ရသည်တွင် အခြား များကဲ့သို့ပင် လူရဲလည်း လွန်စွာအံ့အားသင့်သွားရလေ၏

"ဟား ... ဘုရင်မက အတော်လှတာပါလား"

သသ်ရာပျူမြို့တော်ကြီး၏ အရှင်သခင်ဘုရင်မ သျှီလာ သည်ကား အခြားပျူအမျိုးသမီးများထက် အသားအရောင် ပို လှပကာ နှင်းပွင့်နှယ် ဖွေးဖွေးဖြူသည့် အသားရောင်ရှိလေသည်

အခြားပျူအမျိုးသမီးတို့ကဲ့သို့လည်း ပါးစပ်ကျယ်ခြင်း နှုတ်ခမ်းထူခြင်း၊ နားပေါက်ကျယ်ခြင်း မရှိချေ။

သူမက ရွှေပန်းကနုတ်များဖြင့် အပြောက်အမွှန်းဖော်





ထားသည့် အဖြူရောင်ကိုယ်ကျပ်အင်္ကျီကိုဝတ်ထားပြီး ပဝါပါး ဖြူဖြူကို ခြုံလွှားထား၏။

ဘုရင်မသျှီလာသည် ကျောက်မျက်ရတနာများ စီခြယ် ထားသည့် ရွှေသရဖူကို ဦးခေါင်းထက်တွင် ခံ့ညားစွာ ဆောင်း ထားပြီး ပိတုန်းရောင်ဆံနွယ်ရှည်တို့ကို ကျောနောက်တွင် ဖား လျားချထားလေသည်။

စိန်နားကပ်၊ စိန်လည်ဆွဲ၊ ရွှေလက်စည်း၊ ကျောက်စိမ်း လက်ကောက်များအပြင် နဂါးခေါင်းပုံပါသည့် ရွှေခြေကျင်းတို့ကို ဝတ်ဆင်ထားပြီး ခါး၌ ရွှေခါးပတ်ပတ်ထားကာ ခါးပတ်ခေါင်း၌ ကျောက်များနီနီရဲရဲကို မြှုပ်နှံထားလေ၏။

ဘုရင်မသည် ခန္ဓာကိုယ်အောက်ပိုင်းတွင် 'ကိုင်မန်' ဟုခေါ်သည့် ဒူးဖုံးသော ရွှေခြည်ထိုးပိတ်ဖြူကို ဝတ်ဆင်ကာ ရွှေခြည်ပဝါပါးဖြူဖြူကို တစ်ကိုယ်လုံး လွှမ်းခြုံထားလေသည်။

ဘုရင်မသည် ကျောက်မျက်စီခြယ်ထားသည့် ရွှေလက် ကိုင်ရိုးတပ်သားမြီးယပ်ကို ကိုင်စွဲလျက်။

ရွှေနားကွပ်ကျောက်ဖြူသားပလ္လင်ပေါ် ရာဇပလ္လင်ကြေနွေဖြင့် ထိုင်လိုက်သည်တွင် ချပ်ဝတ်တန်ဆာအပြည့်ဝတ်ဆင်ထားကြ သည့် ညိုညိုမောင်းမောင်း ကိုယ်ရံတော်စစ်သည်နှစ်ဦးက ဓားဝ



www.burmeseclassic.com

www.burmeseclassic.com



ပလ္လင်၏ ဘေးတစ်ဖက်တစ်ချက်၌ အဲမောင်းလုံတံကို အသွား ထောင်ကိုင်လျက် မားမားရပ်ကြလေ၏။

ထိုခဏ၌ ကြေးမောင်းတီးသံ၊ စည်တီးသံတို့ ရပ်တန့်သွားကြကာ မောင်းဖြူပေါင်းလျက် ပိတ်ဖြူဝတ်ထားပြီး ငွေရောင်စလွယ် လွယ်ထားသူတစ်ဦးက ရာဇပလ္လင်၏ဝဲယာဘက် ဘေး၌ရပ်ကာ ခရုသင်းကို မှုတ်လေသည်။

''တူ တူ ဟူ ဟူ ဟူ ဟူ''

ခရုသင်းကို ဆွဲဆွဲငင်ငင် မှုတ်ပြီးသည်နှင့် လွှတ်ရုံးတော်ကြီးတစ်ခုလုံးမှာ အပ်ကျသံပင်ကြားရလောက်အောင် ဆိတ်ဆိတ်ငြိမ်သွားတော့သည်။

ထိုအခါ ရာဇပလ္လင်ထက်မှ ဘုရင်မသျှီဇာက စူးရဲတောက်လက်သော မျက်ဝန်းတို့ဖြင့် ကမ္ဘာသစ်မှလာသော အကျဉ်းသားညီ့သည်တို့ကို လေ့လာအကဲခတ်ရှုစားခြင်း ပြုလေ၏။

ဘုရင်မသည် လက်ယာလက်ထဲမှ သားမြီးယပ်ကို လက်ဝဲ လက်ဖဝါးသို့ ခပ်ဖြည်းဖြည်းတစ်ချက်ချင်း တဖျပ်ဖျပ်ခတ်လျက်မှ မေးမြန်းစစ်ဆေးမှုကို စတင်လေတော့သည်။

''သင်တို့ ဘယ်အရပ်ဒေသကနေ လာပါသလဲ''





''မြန်မာပြည်ကလာပါတယ် ဘုရင်မ ခင်ဗျာ''

''မြန်မာဆိုတာ ပေါက္ကံရာမကနေစပြီး ဖြစ်ပေါ်လာတဲ့ တိုင်းပြည်မဟုတ်လား''

''သမိုင်းပညာရှင်တွေရဲ့ အမြင်အယူအဆတွေ ကွဲပြားမှု ရှိပါတယ် ဘုရင်မခင်ဗျာ။ တချို့ပညာရှင်တွေက မြန်မာဆိုတာ ပုဂံကစတယ်လို့ ယူဆကြပြီး တချို့ပညာရှင်တွေက လွန်ခဲ့တဲ့ နှစ်ပေါင်း (၂၀၀၀) ကျော်ကာလမှာ ပေါ်ထွန်းခဲ့တဲ့ တကောင်းကနေ စတယ်လို့ ယူဆကြပါတယ်။ ဒါကြောင့် မြန်မာအစ တကောင်းက ဆိုရိုးရှိပါတယ်''

''တကောင်းပြည်ကြီးဟာ ကျွန်ုပ်ရဲ့ ဘိုးဘေးဘီဘင် နွယ်အဦးအဖျား ပန်ထွာဘုရင်မကြီး စိုးစံခဲ့တဲ့ ဗိဿနိုး တိုင်းပြည်ကြီးနဲ့ ကျွန်ုပ်ရဲ့ ဘိုးဘေးဘီဘင် ဒွတ္တဘောင်မင်းကြီးရဲ့ သရေခေတ္တရာပြည်ကြီး မပေါ်ထွန်းခင်ကတည်းက ပေါ်ထွန်းခဲ့တဲ့ တိုင်းပြည်မဟုတ်လား''

''ဟုတ်ပါတယ် ဘုရင်မ၊ တကယ်တော့ တကောင်း၊ ဗိဿနိုး၊ သရေခေတ္တရာ၊ ဟန်လင်း စတဲ့ခေတ်က ပျူလူမျိုးနဲ့ ဘုရင်မတို့ဟာ မျိုးနွယ်တူတွေ ဖြစ်ကြပါတယ်''

လူရဲ၏ ရဲရင့်သောအဖြေစကားကို ဘုရင်မက နှစ်သက်



www.burmeseclassic.com

www.burmeseclassic.com



သဘောကျဟန်ဖြင့်ပြုံးလိုက်ရာ သန္တာရောင်နီစွေးစွေး နှင်းဆီဖူး နှုတ်ခမ်းနှစ်လွှာကြားမှ ပုလဲရောင်သွားဖြူဖြူဖွေးဖွေးတို့ကို လက်ခနဲ ဖြစ်ရလေသည်။

ပျူအမတ်ကြီးများမှစ၍ လွှတ်သဘင်သို့ လာရောက်လေ့လာစောင့်ကြပ်နေကြသည့် ပျူလူမျိုး မြို့တော်သူ မြို့တော်သားတို့မှာ သူတို့၏ ပျူဘာသာစကားကို ကျွမ်းကျင်စွာ ပြောနိုင်သည့် လူရဲအား သဘောကျနှစ်ခြိုက်စွာ ဝိုင်းကြည့်နေကြလေသည်။

နတ်ဆရာကြီးဂေါသလကမူ ထူထဲသော မျက်ခုံးမွေးမည်းမည်းတို့အောက်မှ မျက်တွင်းအချိုင့်ထဲရှိ မြွေဟောက်မျက်လုံးတို့နှယ် စူးစူးနက်နက် မျက်လုံးလေးများဖြင့် မျက်မှောင်ကုတ်စွေကြည့်လိုက်ရင်း ထူထဲကျယ်ပြောလှသည့် နှုတ်ခမ်းကြီးကို မဲ့လိုက်လေ၏။

"သင့်နာမည် ဘယ်သူလဲ"

"လူရဲပါ"

ဤတွင် လူရဲက သူ့အဖွဲ့သားအားလုံးနှင့် ဘုရင်မသို့လာအား မိတ်ဆက်ပေးလိုက်လေသည်။

ဘုရင်မသည် လူရဲပြီးလျှင် ယွန်းမီမီကို စိတ်အဝင်စားဆုံး





ဖြစ်ဟန်ရှိ၏။

ယွန်းမီမီသည် သူမလို မိန်းမချောတစ်ဦးဖြစ်သည့်အပြင် ဆေးသမားတော်တစ်ဦးဖြစ်ကြောင်းလည်း သိရသဖြင့် စိတ်ဝင်စားခြင်းဖြစ်ပုံရလေသည်။

ဂျာကင်လက်ပြတ်၊ ရှပ်အင်္ကျီကွက်ကြား၊ ဘောင်းဘီရှည်တို့ ဝတ်ဆင်ထားကာ ဆံပင်တိုဂုတ်ဝဲနှင့် ယွန်းမီမီ၏ ဝတ်ထားဆင်ယင်ပုံက သူ့မအတွက် အထူးအဆန်း ဖြစ်နေဟန်တူလေ၏။

"ကမ္ဘာသစ်သူလေးကလည်း အတော်လှပြီး ချစ်စရာကောင်းသူလေးပဲ"

ဘုရင်မသည် ယွန်းမီမီ၏အလှကို ချီးကျူးပြီးနောက် လူရဲကို ဆက်လက်မေးမြန်းပြန်သည်။

"အမောင်လူရဲတို့က ကျွန်ုပ်တို့ရဲ့မြို့တော်ဆီ ဘာ့အတွက်ကြောင့် လာကြတာလဲ"

ဤတွင် လူရဲက ပျူမျိုးနွယ်ဖြစ်ဟန်ရှိသော ရဟန်းတစ်ပါးနှင့် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်တို့ အိန္ဒိယပြည်တွင် ဆုံဆည်းမိခဲ့ကြစဉ်က ဤမြို့တော်တည်ရှိကြောင်း သတင်းအစရခဲ့ပုံ။

သူတော်စင်တစ်ပါး ရေးသားမှတ်တမ်းပြုထားခဲ့သည့်



www.burmeseclassic.com

www.burmeseclassic.com



ကြေးပုရပိုက်ဟောင်းတစ်ခုမှနေ၍ ဤပျူလူမျိုး၄က်မြို့တော်ကြီး ရှိကြောင်း သတင်းအစအနရပုံတို့ကို ရှင်းပြလိုက်လေသည်။

"ဒါကြောင့် လွန်ခဲ့တဲ့နှစ်ပေါင်း နှစ်ထောင်လောက်က ပေါ်ထွန်းခဲ့တဲ့ ရှေးခေတ်ပျူတွေရဲ့ အဆက်အနွယ် ပျူလူမျိုးတွေဟာ ဒီနေ့အထိ မြို့ပြတည်ထောင်နေထိုင်နေတယ်ဆိုတာ ယုံနိုင်ဖွယ်မရှိတာနဲ့ ဒဏ္ဍာရီလိုလို၊ ပုံပြင်လိုလို သမိုင်းထဲကနေ ပျောက်ဆုံးနေတဲ့ မြို့တော်လိုလိုဖြစ်နေတဲ့ ဒီသသ်ရာမြို့တော် တကယ်ရှိ မရှိ သိချင်တဲ့အတွက် စွန့်စားရှာဖွေလာခဲ့ကြတာပါ ဘုရင်မ"

ထိုအခါ ဘုရင်မက အကျဉ်းသားညွှန်းသည်တို့ထံမှ သိမ်းဆည်းရမိသည်တို့ကို ယူဆောင်လာရန် စစ်ကဲကြီးမန္တအား အမိန့်ပေးလိုက်ရာ စစ်ကဲကြီးမန္တလည်း ဘုရင်မအား အရိုအသေပြုပြီးနောက် ထိုင်ရာမှ ခပ်ရို့ရို့ရပ်လိုက်လေသည်။

ထို့နောက် သူသည် လွှတ်ရုံးထဲမှထွက်ခွာသွားပြီး လွှတ်ရုံး၏ဘေးဘက်ရှိ သူ၏ ရုံးခန်းထဲ၌ သိမ်ဆည်းထားသော ကျောပိုးအိတ်တို့ကို အခြားရဲမက်နှစ်ဦး၏ ကူညီသယ်မှုဖြင့် လွှတ်ရုံးတော်ဆီ ယူဆောင်လာကြကာ ဘုရင်မ၏ရှေ့တွင် အိတ်တို့ကို အိတ်သွန်ဖာမှောက်ချထားလိုက်ပါတော့၏။

သိမ်းဆည်းရမိထားသည့် ပြောင်းရှည်၊ ပြောင်းတို





နှတ်များနှင့် ဂေါ်ရခါးဓားကောက်တို့ကိုပါ ကြမ်းပြင်တွင် အရီချထားလိုက်ရာ လူရဲ၏ကင်မရာပင်ပါရှိလေသည်။

ဘုရင်မက ယင်းကင်မရာကို သားမြီးယပ်ဖြင့် ညွှန်ပြ မေးလိုက်လေသည်။

"အဲဒါ ဘာလဲ"

"ဓာတ်ပုံရိုက်တဲ့ကင်မရာပါ"

ဘုရင်မသျှိလာ၊ာ စင်ရော်တောင်မျက်ခုံးလှလှလေးတို့ အတွန့်ချိုးလိုက်၏။

"ဘာတဲ့ ဓာတ်ပုံကင်မရာ ဟုတ်လား၊ အဲဒီါဘာလဲ"

"ဒီလိုပါ ဘုရင်မ၊ အဲဒီကိရိယာကို ကင်မရာလို့ခေါ်ပါတယ်။ အဲဒီကင်မရာနဲ့ ဘုရင်ကိုချိန်ပြီး ခလုတ်နှိပ်လိုက်ရင် စက္ကူပြားပေါ်မှာ ဘုရင်မရဲ့ရုပ်ပုံ ထင်သွားပါတယ်။ အဲဒါကို ဓာတ်ပုံလို့ခေါ်ပါတယ်"

"ဩော် ... ဒီလိုလား"

ဘုရင်မမှာ အတော်ကြီးစိတ်ဝင်စားသွားပုံရ၏။

"ဓာတ်ပုံဆိုတာ ကြေးမုံပေါ်မှာပုံရိပ်ထင်သလိုလား"

"မဟုတ်ပါဘူး ဘုရင်မ၊ ကြေးမုံရှေ့မှာ ဘုရင်မရပ်နေတုန်းပဲ ဘုရင်မရဲ့ပုံရိပ်က ကြေးမုံပြင်ပေါ်မှာ ထင်နေမှာပါ



www.burmeseclassic.com

www.burmeseclassic.com



ကြေးမုံရှေ့ကနေ ဘုရင်မခွာလိုက်တာနဲ့ ပုံရိပ်က ပျောက်ကွယ်သွားမှာပါ။ ကင်မရာနဲ့ ရိုက်လိုက်တဲ့ ဓာတ်ပုံကတော့ ပုံရိပ်ထာဝရထင်နေမှာပါ''

''အို ... ဟုတ်လား။ တော်တော်စိတ်ဝင်စားဖို့ ကောင်းတာပဲ။ ဒါဆို ... ကျွန်ုပ်ကို အဲဒီဓာတ်ပုံရအောင် ပြုလုပ်ပေးပါလား''

''ဟုတ်ကဲ့ ပြုလုပ်ပေးနိုင်ပါတယ်။ ဒါပေမဲ့ ကင်မရာနဲ့ ဓာတ်ပုံရိုက်ပြီးပြီးချင်း ဓာတ်ပုံမရပါဘူး။ တစ်ရက်လောက်အချိန်ပေး ကူးဆေးပြီးမှ ဓာတ်ပုံရမှာပါ''

ဘုရင်မက မျက်ခုံးလှလှလေးများကို အတွန့်ချိုးပြီး ခေတ္တတွေဝေ စဉ်းစားလိုက်ရင်း ကင်မရာကို တစ်လှည့် လူရဲကိုတစ်လှည့် ကြည့်နေသည်။

ခဏကြာမှ သေနတ်တို့ကို လက်ညှိုးညွှန်ပြပြန်သည်။

''အဲဒါတွေက လက်နက်တွေမဟုတ်လား''

''ဟုတ်ပါတယ် ဘုရင်မ၊ ယမ်းရဲ့ပေါက်ကွဲမှုအားနဲ့ ပစ်ရတဲ့ လက်နက်မျိုးပါ၊ သေနတ်လို့ခေါ်ပါတယ်''

''ဟုတ်ပြီ ... ဒါဆို ကျွန်ုပ်ပြောမယ်။ ကင်မရာနဲ့ ဓာတ်ပုံရအောင် ပြုလုပ်ပေးနိုင်စေဖို့ သင်တို့ကိုနှစ်ရက် အချိန်ပေးမယ်။





အဲဒီနှစ်ရက်အတွင်း စစ်ကဲကြီးမန္တရဲ့ ကြီးကြပ်မှုအောက်မှာ သင်တို့နေရမယ်၊ လိုအပ်တာရှိရင်လည်း သူ့ကိုပြောလို့ရတယ်၊ ဟုတ်ပြီလား''

''ဟုတ်ကဲ့''

''ကောင်းပြီ၊ အမိန့်ချမှတ်မယ်''

ဤတွင် စစ်ကဲကြီးမန္တက လူရဲတို့အားလုံးကို မတ်တပ်ရပ်ကာ လက်နှစ်ဖက်ကို ရှေ့၌စုထားလျက် ခေါင်းငုံ့ပြီး အမိန့်နာခံရန် ပြောကြားလမ်းညွှန်လိုက်၏။

သို့ဖြင့် လူရဲတို့ ခြောက်ယောက်စလုံး ဘုရင်မ၏ရှေ့တွင် ရင်ပေါင်တန်းရပ်လျက် အမိန့်ကိုနာခံရလေသည်။

ခဏအကြာတွင် ဘုရင်မ၏ ကြည်လင်ပြတ်သားသော အမိန့်သံ ထွက်ပေါ်လာပါတော့၏။

''ကျွန်ုပ်ဘုရင်မသျှီလာ အမိန့်ချမှတ်မယ်၊ နာခံစေ''

''ပြင်ပအရပ်မှ ကျွန်ုပ်စိုးစံသော သည်ရာရွှေမြို့တော်ကြီးဆီ ကျူးကျော်ရောက်ရှိလာသည့် ဤအကျဉ်းသား ခြောက်ယောက်တို့အား သည်ရာထီးနန်းဥပဒေအရ လူသတ်ကုန်းမှာ တင်လျက် ကွက်မျက်အပြစ်ဒဏ်ပေးရန် ဖြစ်သော်လည်း ...

သူတို့သည် ကျွန်ုပ်ဘုရင်မ၏သည်ရာရွှေမြို့တော်ကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



မြို့တော်သူမြို့တော်သားတို့အပေါ် တစ်စုံတစ်ရာ အကောက်ကြံ ဒုက္ခပေးမည့် အရိပ်အယောင်မရှိသဖြင့်လည်းကောင်း ...၊

သူတို့နှင့်အတူပါလာသည့် ကင်မရာဟူသော ကိရိယာ၏အစွမ်းကို ကျွန်ုပ်မှ သိလိုသေးသဖြင့်လည်းကောင်း ...၊

ဤအကျဉ်းသားတို့အား အပြစ်ပေးသတ်ဖြတ် ကွပ်မျက်ခြင်းကို ခေတ္တဆိုင်းငံ့ထားရန် အမိန့်တော်ချမှတ်လိုက်သည်။

ဤအကျဉ်းသားတို့နှင့်ပတ်သက်ပြီး ဥပဒေအရ စီရင်ခြင်း မပြုမီ သူတို့ကို စစ်ကဲကြီးမန္တမှ စောင့်ထိန်းထားစေ၊ အမိန့်တော်"

ဘုရင်မ၏အမိန့်တော်ချမှတ်သံအဆုံးတွင် ကြေးမောင်းထုသံ၊ စည်တော်ခေါက်သံတို့ တစ်ခဲနက်ထွက်ပေါ်လာပါတော့၏။

"နောင် ဒိန်း"

"နောင် ဒိန်း"

"နောင် ဒိန်း"

✻



စစ်ကဲကြီးမန္တသည် ကြံ့ခိုင်တည်ကြည်သော ယောကျ်ားကောင်းတို့၏ ကြန်အင်လက္ခဏာနှင့် ပြည့်စုံသူဖြစ်ပြီး အမိန့်နာခံတတ်သည့် စစ်သည်ကောင်းပီသသူဖြစ်သော်လည်း ပင်ကိုစိတ်ရင်း ကောင်းသူဖြစ်သဖြင့် လူရဲတို့အပေါ်တွင် အကျဉ်းသားများအဖြစ် နှိမ့်ချဆက်ဆံခြင်းမရှိဘဲ လေးလေးစားစား ရည်ရည်မွန်မွန် ဆက်ဆံသူဖြစ်၏။

လွှတ်ရုံးတော်မှ ထွက်ခွာလာရသည့်အခါတွင် လူရဲတို့ကို စစ်ကဲကြီးမန္တက တောင်ခါးပန်းမြင့်လေးတစ်ခုပေါ်ရှိ ကျောက်ဖြူသား တိုက်ပုလေးတစ်လုံးဆီ ခေါ်သွားကာ ကောင်းစွာ နေရာ



www.burmeseclassic.com

www.burmeseclassic.com



ချထားပေးလေသည်။

"သင်တို့ ဒီမှာ အေးအေးချမ်းချမ်းနားနေပါ။ သင်တို့အတွက် စားသောက်ဖွယ်ရာတို့ကို ပို့ပေးလိုက်ပါ့မယ်"

"ဒါဟာ ကျုပ်တို့အတွက် အကျဉ်းစခန်းပေါ့ ဟုတ်လား စစ်ကဲကြီး"

"အကျဉ်းစခန်းမဟုတ်ပါဘူး လူရဲ။ ဒါဟာ နားနေဆောင်ပါ။ လွှတ်ရုံးတော် ဥပဒေအရ သင်တို့ကို အကျဉ်းသားလို့ ခေါ်ဝေါ်သုံးနှုန်းပေမယ့် ဘုရင်မက သင်တို့ကို ဧည့်သည်တော်တွေအဖြစ် သဘောထားပုံရပါတယ်။ တကယ့်အကျဉ်းစခန်းက သင်တို့ကို နှောင်ကြိုးတဲချုပ်နှောင်ထားခဲ့တဲ့ လူသတ်ကုန်းရဲ့အောက်က ဂူလိုဏ်ကြီးထဲမှာရှိပါတယ်"

"ဪ . . . ဒီလိုလား၊ ဒါဆို တော်သေးတာပေါ့"

"ဟုတ်တယ်၊ သင်တို့ကို ဒီနားနေဆောင်မှာ ကောင်းကောင်းထားမယ်။ အစားအသောက်ကောင်းကောင်းကျွေးမယ်။ ဒါပေမဲ့ ဒီအဆောင်ရဲ့ဝန်းကျင်ကလွဲလို့ အခြား ဘယ်နေရာကိုမှ ကျွန်ုပ်ရဲ့ ခွင့်ပြုချက်မရဘဲ သွားခွင့်မရှိဘူး၊ လိုတာရှိရင် ကျွန်ုပ်ကို ပြောပါ"

"ဒါဆို ကျုပ်ရဲ့ကင်မရာနဲ့ ကျောပိုးအိတ်တို့ ပြန်ပေးပါ။ ကျုပ်တို့ အဝတ်အစားလဲချင်ပြီ"

"သင်တို့ရဲ့ကျောပိုးအိတ်တွေကို စစ်ဆေးလို့ ပြီးပါပြီ။ ကြာခင် ပို့နိုင်းလိုက်ပါ့မယ်။ ကင်မရာလည်း ပို့နိုင်းလိုက်မှာပါ။ သင်တို့ရဲ့လက်နက်တွေကိုတော့ သိမ်းဆည်းထားလိုက်ပါပြီ"

ထို့နောက် စစ်ကဲကြီးမန္တက နားနေဆောင်ထဲမှ ထွက်ခွာသွားပါတော့၏။

ခဏအကြာတွင် စစ်သည်တစ်စုက ကျောပိုးအိတ်များနှင့် သိုးမွေးခြုံစောင်၊ ခြုံထည်၊ ခေါင်းအုံး စသည်တို့ကို ပွေ့ပိုက်သျက် လာပို့လေသည်။

ယင်းစစ်သည်တို့က မည်သည့်စကားမျှ မပြောကြသော်လည်း သူတို့၏မျက်လုံးအကြည့်တို့က ယွန်းမီမီထံ တဝဲဝဲဖြစ်နေကြတော့၏။

စစ်သည်တို့ထွက်ခွာသွားပြီး မကြာမီမှာပင် မျိုလှပျိုဖြူတစ်စုက ငွေဗန်းတို့ဖြင့် စားသောက်ဖွယ်ရာများ သယ်ယူလာပေးလေသည်။

ပေနှစ်ဆယ်ပတ်လည်ခန့် ကျယ်ဝန်းသည့်နားနေဆောင်ထဲဝယ် ကွပ်ပျစ်သဖွယ် နံရံကပ်ကျောက်သားစင်မြင့်ရှိသလို ကျောက်စားပွဲခုံနှင့် ကျောက်သားထိုင်ခုံများလည်း ရှိလေ၏။





ခု နှစ် စဉ် ကြယ် တာ ပေ

www.burmeseclassic.com

www.burmeseclassic.com



လူရဲတို့က ကျောက်သားကွပ်ပျစ်ပေါ်တွင် သိုးမွေးအခင်းများခင်းကာ နားနေလဲလျောင်းကြပြီး ကျောက်စားပွဲခုံပေါ်သို့ စားသောက်ဖွယ်ရာတို့ ရောက်ရှိသည်နှင့် ဆာလောင်နေကြပြီဖြစ်သောကြောင့် ပူပူနွေးနွေး စားသောက်ဖွယ်ရာတို့ကို အားပါးတရ စားသောက်ကြတော့၏။

သိုးသားဟင်းဖြစ်ပုံရသော အသားဟင်းလျာက အရသာရှိလှသလို ပြောင်းဖူးနှင့်အသီးအရွက်တို့ ရောချက်ထားသည့် အရည်သောက်ဟင်းကလည်း လျှာလည်လောက်အောင် အရသာ ထူးကဲလှသည်။

ထမင်းဖြူဖြူကလည်း မွှေးလျက် စီးစီးပိုင်ပိုင်ရှိလှ၏။ လူရဲတို့တစ်စုမှာ အစားကောင်း အသောက်ကောင်းတို့နှင့် ပြည့်စုံလင်နေသည်မှာ ကြာပြီဖြစ်၍ ခေါင်းမဖော်နိုင်အောင် ကုန်းလွေး နေကြတော့၏။

''ပျူလက်ရာဟင်းလျာတွေစားရတာ မြိန်လှသကွယ်။ အင်း မောင်လူရဲရေ . . . အဲဒါ ကင်မရာရဲ့ကျေးဇူးကွ သိရဲ့လား။ မောင်ရင်ယူလာတဲ့ကင်မရာရဲ့ကျေးဇူးကြောင့်ပဲ''

''ဟုတ်တယ်နော် ဖေဖေ။ ဘုရင်မက ကင်မရာရဲ့ အစွမ်းကိုသိချင်လို့ အချိန်ပေးပြီး ခုလိုပြုစုထားတာ၊ ကိုလူရဲတို့မှာ





ကင်မရာပါလာတာမပြောဘူး''

''အင်း . . . ပြောမလို့ပါပဲ၊ မေ့နေလို့၊ တို့က ခရီးထွက်ရင် ကင်မရာဆောင်တတ်တယ်လေ''

ဤတွင် ကျောက်နံရံ၌ ခေါင်းအုံးခုလျက် မှိတ်ထိုင်ကာ ရေခဲတောင် စီးကရက်ကို အားပါးတရ ရှိုက်ဖွာနေသည့် ဖေအောင်သာ သရော်ပြုံးဖြင့် မေးလိုက်လေ၏။

''ကိုလူရဲက ဘုရင်မကို ဓာတ်ပုံရိုက်ပေးပြီးတော့ ဘယ်မှာ သွားကူးဆေးမှာလဲ၊ ရန်ကုန်ရောက်မှ ကူးဆေးပေးမှာလား . . . ဟင်း ဟင်း''

''ကျွန်တော်က ခရီးရှည်ထွက်ရင် ကင်မရာရော၊ ကူးဆေးဖို့ဆေးတွေ၊ ကိရိယာတွေ အကုန်ထည့်လာတတ်သူပါ''

''သြော် သြော် . . . ဒါဆိုတော်သေးတာပေါ့''

ထို့နောက် အိပ်ရေးပျက်ကာ ခရီးပန်းလှပြီဖြစ်သည့် သူတို့သည် သိုးမွေးအခင်းများပေါ်တွင် တန်းစီလဲလျောင်းလိုက်ကြရာ ခဏအကြာ၌ နှစ်ခြိုက်စွာ အိပ်ပျော်သွားကြပါတော့သည်။

✻



www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့ညမှာပင် ဘုရင်မသျှီလာကိုဓာတ်ပုံရိုက်ရန် စစ်ကဲကြီးမန္တကာ စီစဉ်ပေးလေသည်။

ဓာတ်ပုံရိုက်မည့်နေရာမှာ နန်းဆောင်၏အတွင်းခန်း တစ်ခန်းထဲမှာဖြစ်၏။ ဘုရင်မ၏နန်းဆောင်သည် လွှတ်ရုံးဆော နှင့် ဆက်စပ်လျက်ရှိပြီး အတွင်းဘက်ကျောက်ဖြူသားနံရံတို့တွင် ရွှေပြားရွှေချောင်း ရွှေခက်တို့ဖြင့် အလှဆင်ထားကာ ကတ္တီပါ လိုက်ကာမြင့်မြင့်ကြီးများ၊ နံရံကပ်အလှဆင်ဖန်မီးအိမ်ကြီးများ၊ ကြွေပန်းအိုးမြင့်မြင့်ကြီးများ၊ ကျောက်ဖြူသားရုပ်တုများနှင့် လွန်စွာခမ်းနားလှသည်။





ဓာတ်ပုံရိုက်ရမည့် ခန်းဆောင်ပတ်ပတ်လည်တွင် ကတ္တီပါလိုက်ကာ အနီရဲရဲတို့ကို တွဲရရွဲရ ချထားကြပြီး နံရံကပ်ဖန်မီးအိမ်တို့၏ မီးစာကို မြှင့်ထားလေ၏။

လူရဲက အလင်းရောင်ကောင်းစွာရရန်လိုကြောင်း ပြောထားသဖြင့် စစ်ကဲကြီးမန္တက ရောမပျားဖယောင်းတိုင်ကြီးတို့ကိုပါ ထိုအခန်းထဲသို့ ယူဆောင်ထားရာ ခန်းဆောင်တစ်ခုလုံးမှာ နေ့ထယ်နေ့ခင်းနှယ် လင်းကျင်းလို့နေသည်။

အခမ်းအနား အပြင်အဆင် မီးအလင်း၊ ကင်မရာ သည်တို့ပြင်ဆင်ပြီးသည်နှင့် ဘုရင်မသျှီလာသည် ရံရွေတော် အပျိုစင်နှစ်ဦးနှင့်အတူ ကြွရောက်လာတော့၏။

"ကဲ အမောင်လူရဲ ... ဓာတ်ပုံရိုက်ဖို့ အဆင်သင့်ဖြစ်ပြီလား"

"ဟုတ်ကဲ့ ... ဖြစ်ပါပြီဘုရင်မ"

"ကဲ ... ဒါဆို လုပ်စရာရှိတာလုပ်ကြရအောင်"

"ဟုတ်ကဲ့"

လူရဲသည် ဘုရင်မအား ကျောက်ဖြူထိုင်ခုံလေးပေါ်တွင် ထိုင်စေပြီး ကိုယ်ဟန်အနေအထားတို့ကို ပြောပြလေသည်။

ဘုရင်မမှာ ဓာတ်ပုံတစ်ခါမျှ အရိုက်မခံဖူးသဖြင့် စိတ်

www.burmeseclassic.com



လှုပ်ရှားနေပုံရပြီး လူရဲလိုချင်သည့် ကိုယ်နေဟန်ထားအတိုင်း မဖြစ်ဘဲ အတန်ငယ် လွဲချော်လျက်ရှိ၏။

"မဟုတ်ဘူး ဘုရင်မ။ ဒီဘက်လက်က လက်မောင်းလေး ကွေးရုံကွေးပြီး ပေါင်ပေါ်တင်ထားရမှာ၊ တောင့်တောင့်ကြီး ဖြစ်နေတယ်"

ရံရွှေတော်မလေးတို့က လူရဲညွှန်ပြသည့်အတိုင်း ပြုပြင်ပေးသည့်တိုင် ကိုယ်နေဟန်ထားက အဆင်မပြေလှပေရာ ဖန်းထက်မှ ပဝါဖြူဖြူလေး ကျနေပုံကအစ အချိုးမကျလှချေ။

"ကဲပါ အမောင်လူရဲရယ် ... သင်ကိုယ်တိုင်ပဲ ပြင်ပေးပါတော့။ မိသာတို့ခိုင်းရတာ အဆင်မပြေပါဘူး"

သို့ဖြင့် လူရဲကိုယ်တိုင် ဘုရင်မကို ထိတွေ့ပြီး ကိုယ်နေဟန်ထားကို ပြုပြင်ပေးရရာ ဘုရင်မကို အနီးကပ်ဖူးတွေ့ခွင့်ရလေ၏။

"အင်း ... ဘုရင်မသျှိလာဟာ အနီးကပ်ကြည့်လေ လှလေပါလား။ တကယ့်ပြစ်မျိုးမှည့်မှထင် အလှမျိုးပဲ။ ကြည့်ပါဦး ... ပါးမို့မို့လေးတွေနဲ့ ရွှေလည်တိုင်မှာ အကြောစိမ်းလေးတွေ ယှက်ဖြာပြီး သန့်ပြန့်နေပုံဟာ မြတ်နိုးဖို့ကောင်းလှပါဘိ"

ဘုရင်မ၏မျက်နှာအနေအထား၊ ကိုယ်နေဟန်ထားတို့ကို





အနီးကပ်ပြုပြင်ပေးရင်း တုလွတ်ကင်းသည့် အလှ၏ ဖွဲ့ဆောင်မှုကြောင့်ရော၊ ဘုရင်မ၏ကိုယ်မှ ပျံ့လွင့်လာသည့် ပန်းပေါင်းစုံရနံ့နှင့် ကိုယ်သင်းရနံ့တို့ကြောင့်ရော လူရဲတစ်ယောက် သာယာနှစ်မောသွားမိကာ တစ်ချက်တစ်ချက် ဘုရင်မကို ငေးငေးကြီး ကြည့်နေမိတော့၏။

"အမောင်လူရဲ"

"ဗျာ အဲ"

"လူ့ကို ဒီလောက်ငေးကြည့်နေတာ မျက်လုံးနဲ့ဓာတ်ပုံ ရိုက်မလို့လား"

"အဲ ဟုတ် အဲ မဟုတ်ပါဘူး ဘုရင်မ ... ဟို ဟို"

ဘုရင်မက သူခိုးလူမိသည့်နှယ် အိုးတိုးအမ်းတမ်းဖြစ်ကာ စကားအထစ်ထစ်အငေါ့ငေါ့ ဖြစ်သွားရှာသည့် လူရဲကို ပြုံးပြုံး အမူအရာဖြင့် မျက်စောင်းလေးချိတ်လိုက်လေသည်။

မည်သို့ဖြစ်စေ ထိုညက ဓာတ်ပုံဆယ်ပုံကျော်ခန့် ရိုက်ယူနိုင်လေ၏။

"အမောင်လူရဲ ... ဓာတ်ပုံ ဘယ်တော့ရမလဲ"

"မနက်ဖြန်ညနေလောက်မှာ ရနိုင်အောင် ကျွန်တော်မျိုး ကြိုးစားပါမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ရအောင်ကြိုးစားပါ။ လိုအပ်တာရှိရင် စစ်ကဲကြီးမန္တကို ပြောပေါ့"

"ဟုတ်ကဲ့"

"ကဲ ... ဒါဆို ညဥ့်လည်း နက်ပြီ၊ တည်းခိုဆောင်ဆီ ပြန်ပေဦးတော့။ သျှီလာလည်း အိပ်စက်တော့မယ်"

လူရဲက ဦးညွှတ်လျက် အရိုအသေပြုလိုက်ရာ ဘုရင်မက ပြုံးမူမူလေးဖြင့် အနီးကပ်တစ်ချက်ကြည့်လိုက်ပြီးနောက် ဆောင်တော်ကူး စကြံဆီ လှုပ်လီလှုပ်လဲ့ဖြင့် လျှောက်လှမ်းသွားရာ လူရဲမှာ ဘုရင်မ၏နောက်ပိုင်းအလှကိုငေးမောရင်း ကျောက်ရုပ်နှယ် မလှုပ်မယှက် ကျန်ရစ်ခဲ့ပါတော့၏။

ရံရွေတော်များ ခြံရံလျက် ဘုရင်မ ခပ်ဝေးဝေးရောက်ရှိသွားသည့်တိုင် ဘုရင်မ၏ ကိုယ်သင်းရနံ့က လူရဲ၏ဝန်းကျင်ဝယ် ဝဲလည်ကျန်ရစ်ခဲ့တော့သည်။

စစ်ကဲကြီးမန္တက ခန်းမဆောင်ကြီး၏အဝတွင် ရပ်နေရာမှ ခန်းဆောင်ထဲ လှမ်းဝင်လာပြီး လူရဲ၏ပခုံးကို လက်တစ်ဖက်ဖြင့် ခပ်ဖွဖွ ပုတ်လိုက်လေသည်။

ထိုအခါမှ သတိဖျတ်ခနဲဝင်လာပြီး လူရဲက လှည့်ကြည့်လိုက်ရာ စစ်ကဲကြီးမန္တက ပြုံးပြုံးကြီးကြည့်လျက်မှ ကြည့်ဇယ်





စကားဆိုလိုက်လေ၏။

"ဘယ်လိုလဲရောင်းရင်းရဲ့ ... မတ်တတ်ကြီးမေ့နေပြီလား"

"ဩော် စစ်ကဲကြီး ... အဲ ဓာတ်ပုံရိုက်တဲ့ကိစ္စ ပြီးသွားပါပြီ၊ ကျုပ်တို့ပြန်ရအောင်"

လူရဲက ဒေါက်နှင့်ကင်မရာကို သိမ်းလိုက်လေသည်။ စစ်ကဲကြီးမန္တက ပျားဖယောင်းတိုင်ကြီးများကို လိုက်ငြိမ်းလိုက်ပြီး ဖန်မီးအိမ်၏မီးစာတို့ကို လျှော့ချလိုက်ပြီးနောက် လူရဲနှင့်အတူ နန်းဆောင်ကြီးထဲမှ ထွက်ခဲ့ကြလေသည်။

အိပ်ဖန်စောင့်ရဲမက်များ စောင့်ကြပ်လျက်ရှိသော ကျောက်ဖြူသားနန်းဆောင်ကြီးမှနေ၍ ကျောက်ပြားခင်းလမ်းအတိုင်း နှစ်ဦးသား လျှောက်လှမ်းလာကြစဉ် စစ်ကဲကြီးမန္တက ထူးခြားသောစကားကိုဆိုလာ၏။

"လူရဲ သင့်ကို ဘုရင်မက သဘောကျနေပုံရတယ်"

"ဗျာ"

"ဟုတ်တယ်၊ ဘုရင်မက ဘယ်ပုရိသယောကျ်ားပျိုကိုမှ သူ့အနားအကပ်ခံတာမဟုတ်ဘူး။ သူ့အသားကိုထိဖို့ဆိုတာ ဝေလာဝေးပဲ။ မတော်တဆထိမိရင်တောင် ရာဇဝတ်ဘေးသင့်ပြီ



www.burmeseclassic.com

www.burmeseclassic.com



သာမှတ်။ အခု သင့်ကိုကျ ထိတွေ့ခွင့်ပေးတယ်''

''ဩော် ... ဒါကတော့ စစ်ကဲကြီးရယ်။ ဒါက ခတ်ပုံရိုက်တာလေ။ ကိုယ်နေဟန်ထားကို ကျွန်တော်က ပြပေးရတော့ မလှုပ်မရှောင်သာ ထိကိုင်ပြီး ကိုယ်နေဟန်ထားပြင်ပေးရတာပေါ့''

စစ်ကဲကြီးမန္တက ပြုံးလျက် ခေါင်းဖြည်းဖြည်းယမ်းလိုက်သည်ကို လရောင်ဖြင့် လူရဲမြင်ရသည်။

''လူရဲ ... ကျုပ်တို့နေပြည်တော်ကြီးမှာ ခတ်ပုံဆိုတာတော့ ကြားတောင်မကြားဖူးပါဘူး။ ဒါပေမဲ့ ပန်းချီဆရာနဲ့ ပန်းပုဆရာတွေတော့ ရှိပါတယ်။ ဝေဘ်ဝင်ပန်းချီဆရာကြီးနဲ့ ပန်းပုဆရာကြီးတို့ဟာ ဘုရင်မရဲ့ပုံတူပန်းချီကားကို ဆွဲဖူးပါတယ်။ ပုံတူပန်းပုလည်းထုဆစ်ဖူးပါတယ်။ အဲဒီတုန်းက ပန်းချီဆရာကြီးရော ပန်းပုဆရာကြီးပါ ဘုရင်မရဲ့အနားကို ကပ်ခွင့်မရခဲ့ပါဘူး။ သူတို့လိုချင်တဲ့ ကိုယ်ဟန်အနေအထားကို ပန်းချီပုံကြမ်းရေးဆွဲပြရတယ်။ အဲဒီပုံကြမ်းတွေထဲကအတိုင်း ဘုရင်မက ထိုင်ပေးပြီး ပန်းချီဆွဲရတယ်၊ ပန်းပုထုရတယ်။ လိုအပ်တာအသေးစိတ်ကိုတော့ ရံရွေတော်အပျိုစင်တွေက ပြုပြင်ဆင်ယင်ပေးရတယ်''

စစ်ကဲကြီးမန္တက ခပ်ဖြည်းဖြည်းပြောရင်း တောင်ကုန်းလေးတစ်ခုအပေါ်သို့ ကျောက်သားလှေကားထစ် ပြေပြေလေး





အတိုင်း တက်သွားရာ လူရဲလည်း ကင်မရာနှင့် ဒေါက်ထည့်ထားသည့် အိတ်ကိုလွယ်လျက် လိုက်တက်သွားရလေသည်။

သူတို့နှစ်ယောက်သည် တောင်ကုန်းလေးကို ကွေ့ပတ်တက်လာရာ မကြာခင် ပန်းရောင်စုံများ ဖူးပွင့်လျက်ရှိသော တောင်ကုန်း၏ထိပ်သို့ ရောက်ရှိသွားပါတော့၏။

ယင်းတောင်ကုန်း၏ထိပ်တွင် လရောင်ဖြင့်ဝင်းလက်ဖွေးဥနေသည့် ရုပ်တုတစ်ခုကို တွေ့ရလေသည်။ ကျောက်ဖြူသားကို ထုဆစ်ထားသည့် ယင်းရုပ်တုသည်ကား ဘုရင်မသျှီလာ၏ပုံတူရုပ်တုပင် ဖြစ်ပါတော့သတည်း။

''ဟာ ... ဒါ ဘုရင်မရုပ်တုပဲ''

''ဟုတ်တယ် လူရဲ၊ ပန်းချီကားကတော့ ဘုရင်မရဲ့နန်းသဏ္ဍာလီ အိပ်ဆောင်ထဲမှာ ချိတ်ဆွဲထားတယ်''

လူရဲက လရောင်အောက်တွင် ဖွေးဖွေးဥနေသည့် ဘုရင်မရုပ်တုကို လှည့်ပတ်ကြည့်နေသည်။ ဘုရင်မက ကြာပွင့်ဖြူဖြူကြီးထဲတွင် မခို့တရို့ နွဲ့လျလျထိုင်နေပုံ ထုဆစ်ထားသဖြင့် နှစ်သိုဖွယ်ကောင်းလှသည်။

''လက်ရာ တော်တော်မြောက်တဲ့ရုပ်တုပဲ စစ်ကဲကြီးရဲ့''

''ဟုတ်တယ်၊ အဲဒီပန်းပုရုပ်ကို ထုဆစ်တဲ့ပန်းပုဆရာ



www.burmeseclassic.com

www.burmeseclassic.com



ကြီးရော ပန်းချီဆရာကြီးပါ ဘုရင်မနဲ့ နှစ်လံကွာ၊ သုံးလံကွာက နေ ထုဆစ်ရတာ။ အနားကို သီလို့မရဘူး။ လူရဲကတော့ အထူး အခွင့်အရေးရခဲ့သူပါပဲ။ အဲဒါ ဘာကြောင့်လဲသိလား''

စစ်ကဲကြီးမန္တက လူရဲဘက်တည့်တည့်လှည့်ပြီး မေး လိုက်၏။ လူရဲမှာ တစ်စုံတစ်ရာဖြေရန် တွန့်ဆုတ်လျက်ရှိသေး သည်။

''အဲဒါ မောင်ရင့်ကို သူ သဘောကျနေလို့ပဲဖြစ်ရမယ်''

လူရဲက ဘာမျှပြန်မပြောဘဲ ဘော်ငွေရောင်လရိပ်တို့ စွန်းဆေးလျက်ရှိသော ဘုရင်မ၏ ကျောက်ဆစ်ရုပ်တုကို ငေး ကြည့်လျက်ရှိသည်။ ဝန်းကျင်က ဆိတ်ငြိမ်လျက်ရှိပြီး ညမွှေးပန်း ရနံ့ သင်းထုံသော်ညှိ ဆောင်းညဥ့်လေပြည်တွင် အဝေးတစ်နေရာဆီ မှ စောင်းညှင်းသံ လေးတွဲ့တွဲ့က သည်မှာဘက်တောင်ကုန်းပြင် လေးဆီသို့ လွင့်မျောလာလျက်ရှိလေသည်။

စစ်ကဲကြီးမန္တက လူရဲဘက်သို့ ခေါင်းငဲ့ကြည့်ကာ ခပ်တိုး တိုး ဆက်ပြော၏။

''လူရဲ သင်ကလည်း ဘုရင်မကိုသဘောကျနေတယ် မဟုတ်လား''

လူရဲ့သက်ပြင်းရှိုက်လိုက်ပြီးနောက် စစ်ကဲကြီးမန္တကို





လှည့်ကြည့်သည်။

''စစ်ကဲကြီး မှန်တာပြောရရင် ကျွန်တော့်ရဲ့ရင်ထဲမှာ သံယောဇဉ်ငြိတွယ်နေမိတဲ့ မိန်းကလေးတစ်ဦးရှိပါတယ်။ သူ့ကို ကျွန်တော် ချစ်နေမိပြီလို့ ထင်တယ်။ ဒါပေမဲ့ ဘုရင်မကို ဒီကနေ့ အချိန်အတော်လေးကြာအောင် အနီးကပ်ထိတွေ့ပြီး ရင်းရင်းနှီးနှီး ဆက်ဆံလိုက်ရတော့ ရင်ထဲမှာ တစ်မျိုးကြီးခံစားရတယ်ဗျာ။ ဘုရင်မကို ကျွန်တော် စွဲမက်သွားသလိုပါပဲ''

စစ်ကဲကြီးမန္တက လမင်းကြီးကိုမော့ကြည့်လိုက်ပြီးနောက် ပြုံးလိုက်သည်။

''အင်း ...ဒါကတော့ မဆန်းပါဘူးလေ ဘုရင်မ သျှိလာနဲ့ ရင်းရင်းနှီးနှီး ထိတွေ့ဆက်ဆံခွင့်ရတဲ့ ပုရိသယောကျ်ား မှန်သမျှဟာ မစွဲမက်ဘဲ နေထိုင်မယ်မထင်ပါဘူး။ ဆန်းတာက ဘုရင်မပဲ။ ကျုပ်သိသလောက်ကတော့ ဒီကနေ့အထိ ဘုရင်မ သျှိလာ စွဲမက်မိတဲ့ ပုရိသယောကျ်ားဆိုတာ မရှိသေးဘူး။ ဒါ ကြောင့် ဘုရင်မသျှိလာသာ ယောကျ်ားတစ်ဦးဦးကို စွဲမက်မိသွား တယ်ဆိုရင်တော့ အဲဒါဟာ အတော်ဆန်းတဲ့ကိစ္စမဲ ဖြစ်လိမ့်မယ် တွဲ့''

ထို့နောက် စစ်ကဲကြီးမန္တက လေးလေးနက်နက် ဆက်



www.burmeseclassic.com

www.burmeseclassic.com



ပြောလေသည်။

''တစ်ခုတော့ရှိတယ်၊ ဘုရင်မရဲ့အချစ်ကို သင်ရခဲ့ရင်တော့ သင်နဲ့အတူပါလာတဲ့သူအားလုံး အသက်အန္တရာယ်က လွတ်ကင်းလိမ့်မယ်၊ အဲ အဲဒီလိုမဖြစ်ခဲ့ဘူးဆိုရင်တော့ မောင်ရင်နဲ့ အပေါင်းပါတွေရဲ့ အနာဂတ်ဟာ ဆိုးဆိုးဝါးဝါး ဖြစ်သွားမှာ မြေကြီးလက်ခတ်မလွဲဘဲကွဲ့။ ဒါထက် မောင်ရင်က ဘယ်ဘာသာကို ကိုးကွယ်ယုံကြည်သလဲ''

''ကျွန်တော်ဟာ ဗုဒ္ဓမြတ်ဘုရားကို ကြည်ညိုကိုးကွယ်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ဦးပါ၊ စစ်ကဲကြီး''

''အေး . . . ဘုရင်မကိုလက်ဆက်ပြီး ဒီရွှေမြို့တော်ကြီး သသံရာမှာ သင့်ရဲ့ဘဝကို စည်းစိမ်အပြည့်နဲ့ မြှုပ်နှံမယ်ဆိုရင်တော့ သင်ဟာ ဗုဒ္ဓဘာသာကို စွန့်လွှတ်ပြီး နတ်ဆရာကြီး ဂေါ်သလရဲ့ညွှန်ကြားချက်အတိုင်း နတ်ဒေဝတာတွေကို ကိုးကွယ်ရမယ်ကွဲ့''

''ဗျာ . . . ဒီပျူမြို့တော်ကြီးမှာ လွတ်လပ်စွာ ကိုးကွယ်ခွင့် မရှိဘူးလား''

''မရှိဘူးကွဲ့၊ နတ်ဆရာကြီးတွေရဲ့ လမ်းညွှန်ချက်အတိုင်းပဲ နတ်ဒေဝတာတွေကို ကိုးကွယ်ရမယ်''





လှုရဲက ညဉ့်လွှာရုံအောက်တွင် ဆိတ်ဆိတ်ငြိမ်နေသည့် ပျူမြို့တော်ကြီးကို ငေးကြည့်ရင်း သက်ပြင်းကြီးချလိုက်လေသည်။

''အေးပါလေ ဘုရင်မရဲ့ မောင်ရင့်အပေါ် သဘောထားဘယ်လိုရှိသလဲဆိုတာ ဘုရင်မပဲအသိဆုံးဖြစ်မှာပါ။ ကျုပ်က ကျုပ်ရဲ့ ထင်မြင်ချက်တွေ ပြောနေမိတာပါလေ။ ဒါပေမဲ့ မောင်ရင် ကြိုပြီးစဉ်းစားတွက်ချက်လို့ရတာပေါ့။ ကဲ မောင်ရင်တို့ရဲ့ အဆောင်ဆီသွားကြစို့''

လှုရဲမှာ မျက်စိလည်နေပြီဖြစ်သဖြင့် စစ်ကဲကြီးမန္တ ခေါ်ဆောင်ရာနောက်သို့ တိတ်ဆိတ်စွာလိုက်ပါသွားရရာ ဘုရင်မဆောင်ကုန်းလေးပေါ်မှ ပြန်လည်သက်ဆင်းလာခဲ့ပြီးနောက် ပန်းရုံပန်းချုံများကြားမှ ကွေ့ကွေ့ကောက်ကောက် ဆင်းလိုက် တက်လိုက်ဖြင့် သွားရင်း နာ့ရီဝက်ခန့်အကြာတွင် နားနေဆောင်ဆီ ပြန်ရောက်သွားပါတော့၏။

သူတို့၏နားနေဆောင်လေးမှာ လရောင်အောက်တွင် ဆိတ်ဆိတ်ငြိမ်လျက်ရှိပြီး ပြတင်းတံခါးတို့ ပိတ်ထားကာ ဝင်ပေါက်တံခါးရွက်သာ ခပ်ဟဟပွင့်ဟလျက်ရှိလေသည်။

ယင်းဝင်ပေါက်ဟဟလေးကြားမှ ဆီမီးရောင်က တိုက်ဆောင်လေး၏ အပြင်ဘက်သို့ စွန်းထွက်လျက်ရှိပြီး တိုက်ဆောင်



www.burmeseclassic.com

www.burmeseclassic.com



လေး၏ရှေ့ရှိ စွယ်တော်ပင်ရိပ်အောက်တွင်မူ သိုးမွေးအနွေးထည်ကို ကတ္တီပါဘောင်းဘီရှည်အနက်နှင့် တွဲဖက်ဝတ်ဆင်ထားသည့် ယွန်းမီမီက ရပ်လျက်ရှိလေသည်။

''ကဲ လူရဲ ... ကျူမ်သွားမယ်''

''ကောင်းပါပြီ စစ်ကဲကြီး''

စစ်ကဲကြီးမနွှ ထွက်ခွာသွားသည်တွင် လူရဲက ယွန်းမီမီဆီ လျှောက်လှမ်းသွားလိုက်၏။

''ကိုလူရဲ အဆင်ပြေခဲ့ရဲ့လားဟင်''

''ပြေပါတယ်၊ ယွန်း အပြင်မှာ အေးလာပြီ၊ ညဥ့်လည်းတော်တော်နက်နေပြီ မအိပ်သေးဘူးလား''

''ယွန်းက ကိုလူရဲ အဆင်မှပြေလည်ပါ့မလားလို့ စိုးရိမ်တာနဲ့ စောင့်နေတာ''

''ဩော် ... ဖြစ်ရလေ ယွန်းရယ်''

လူရဲက သူ့အပေါ်ထားရှိသည့် ယွန်းမီမီ၏ သံယောဇဉ်ကို သိလိုက်ရသဖြင့် ရင်ထဲနင့်သွားသလိုလို ပီတိဖြစ်သွားသလိုလို ခံစားလိုက်ရတော့၏။

''အဆင်ပြေပါတယ် ယွန်းရယ်။ ဘုရင်မကို ဓာတ်ပုံဆယ်ပုံထက်မနည်း ရိုက်ခဲ့တယ်။ မနက်ဖြန်ကျ ဆေးကူးပေး





ခုမယ်။ စစ်ကဲကြီးကို အမှောင်ခန်းလုပ်ပေးဖို့ ပြောထားပြီးပြီ ယွန်းရဲ့''

''အင်း ... အဆင်ပြေတယ်ဆိုရင် ကောင်းပါတယ် ကိုလူရဲရယ်။ ယွန်းက စိတ်ပူနေတာ''

''ကဲ ... ဘာမှစိတ်မပူနဲ့တော့ ဟုတ်လား။ ညဥ့်နက်ပြီ အေးလာပြီ၊ ယွန်း အိပ်တော့နော်။ ကိုယ်လည်း အိပ်တော့မယ်''

ထို့နောက် သူနှင့်သူမတို့ နားနေဆောင်ထဲသို့ ဝင်ခဲ့ကြပါတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

## အေးငြိမ်းရာသို့

ဘုရင်မသျှီလာသည် သူမ၏ လှပလွန်းသောဓာတ်ပုံလေးများကို ကြည့်မဝ ရှုမဝဖြစ်နေတော့၏။

လူရဲက ဓာတ်ပုံများ ကူးဆေးပြီးနောက် နောက်တစ်နေ့ နံနက် ဘုရင်မ၏ညီလာခံသဘင် ဆင်ယင်ကျင်းပပြီးချိန်၌ စစ်ကဲကြီးမန္တ၏ စီစဉ်ပေးမှုဖြင့် ဘုရင်မ၏နန်းဆောင်ထဲရှိ နားနေအပန်းဖြေခန်းမထဲတွင် ဘုရင်မအား ဓာတ်ပုံများ ဆက်သလိုက်ခြင်းဖြစ်သည်။

"ဟယ် ... လှလိုက်တဲ့ပုံလေးတွေပါလား"





ဘုရင်မသျှီလာသည် ဓာတ်ပုံလေးများကို မြင်လိုက်ရသည်နှင့် ဆယ်ကျော်သက်လေးသဖွယ် ရာဇဣန္ဒြေကို ထိန်းရန်မေ့ကာ ဖျပ်ဖျပ်လူးဝမ်းသာသွားရှာ၏။

"ဟဲ့ ... မဲသာတို့ ဝါလာတို့၊ ဒီမှာ ငါ့ရဲ့ဓာတ်ပုံတွေကို ကြည့်ကြစမ်းပါဦး။ ငါနဲ့တူရဲ့လား"

ရံရွေတော်လေးများကလည်း သူမတို့ တစ်ခါမှ မတွေ့သည့် ဓာတ်ပုံလေးများကို အလုအယက် ဝိုင်းကြည့်ကြပြီးနောက် လွန်စွာသဘောကျလျက်ရှိကြတော့၏။

"ဟယ် ... လှလိုက်တာ၊ အရှင်မ အရှင်မနဲ့ ထပ်တူပါပဲ ထပ်တူပါပဲ"

"ဟုတ်တယ် အရှင်မ။ အရှင်မကိုယ်တိုင် ဒီအထဲဝင်နေသလိုပဲ"

ဘုရင်မသျှီလာသည် ဓာတ်ပုံလေးများကို ရင်ဝယ်အပ်ထားရင်း လူရဲကို ရွှန်းရွှန်းစားစားကြည့်လိုက်လေသည်။

"အမောင်လူရဲ ... သင်ဟာ တော်ပါပေတယ်။ သင့်ရဲ့ ...င်မရာအစွမ်းဟာလည်း အံ့မခမ်း နှစ်ခြိုက်စရာပါပဲ။ နောက်...ဆ် ဓာတ်ပုံတွေရိုက်လို့ရသေးသလား"

"ရပါတယ် ဘုရင်မ။ နောက်တစ်ခါဓာတ်ပုံရိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



နေရဲ့အလင်းနဲ့ ရိုက်ချင်ပါတယ်။ နန်းတော်ရဲ့ အပြင်ကရှုခင်းတွေ နောက်ခံပြုပြီး ရိုက်ရရင် တစ်မျိုးပိုပြီးလှပါတယ်''

''ကောင်းပြီ၊ ဒါဆို ဓာတ်ပုံတွေ ဆက်ရိုက်တာပေါ့ ဟုတ်လား''

''ကောင်းပါပြီ ဘုရင်မ''

သို့ဖြင့် နောက်နေ့များမှာ လူရဲသည် ဘုရင်မသျှီလာအား သသ်ရာမြို့တော်ကြီးအတွင်း ရှုခင်းလှပသည့် တောင်ကုန်းမြင့်များ၊ မင်းဥယျာဉ်တော်အတွင်းရှိ ပန်းရုံများ၊ ရွှေနန်းဆောင်ကြီးနှင့် အခြားလှပသော အဆောက်အဦများကိုနောက်ခံပြုလျက် ဓာတ်ပုံ ရိုက်ပေးရလေ၏။

ယင်းသို့ အပြင်ဘက်တွင် outdoor ရိုက်ရသည့်အခါ ရဲမက်စစ်သည် အစောင့်အရှောက်များဖြင့် ရိုက်ရခြင်းဖြစ်သဖြင့် မြို့တော်သူ မြို့တော်သားတို့က သူတို့၏ရိုက်ကွင်းကို အဝေးမှသာ လှမ်းလှမ်းကြည့်နေကြတော့သည်။

မည်သို့ဖြစ်စေ သူတို့၏ဘုရင်မဓာတ်ပုံအရိုက်ခံသည်ကို မြို့တော်သူမြို့တော်သားတို့က ခပ်လှမ်းလှမ်းမှ အုတ်အုတ်ကျက် ကျက် ဝိုင်းကြည့်နေကြသဖြင့် သသ်ရာတစ်မြို့လုံးမှာ လှုပ်လှုပ် ရှားရှား ဖြစ်နေရာ နတ်ဆရာကြီးဂေါ်သလမှာ မျက်စိနောက်ကာ





အလိုမကျ ဖြစ်နေတော့၏။

''တောက် ... ကမ္ဘာအသစ်ကကောင်တွေ လူတွင် ကျယ် လာလုပ်နေတာကို ဘုရင်မနဲ့ မြို့သူမြို့သားတွေက တော်တော်အဟုတ်ကြီး ထင်နေကြပါလား ...၊

အဲဒီ လူရဲဆိုတဲ့ကောင်က ကင်မရာဆိုတဲ့ ကိရိယာလေး ကိုအကြောင်းပြုပြီး ဘုရင်မဆီက အခွင့်ထူးတွေ ရနေပါလား။ ကြာရင် အဲဒီကောင်ဟာ ဘုရင်မကို လွှမ်းမိုးသွားပြီး ငါ့ရဲ့သြဇာ အာဏာ ကျဆင်းသွားနိုင်တယ်။ အဲဒီကောင် ပျက်စီးရာ ပျက်စီး ကြောင်း မြန်မြန်ကြံမှ ဖြစ်မယ်။ တွေ့မယ် တွေ့ကြသေးတာပေါ့ ကွာ''

နတ်ဆရာကြီး ဂေါ်သလက အကောက်ကြံရန် အခွင့် အခါကို စောင့်လျက်ရှိစဉ်ကာလမှာပင် လူရဲနှင့် ဘုရင်မတို့သည် ရင်းနှီးမှုပိုသည်ထက်ပိုလာပြီး ဘုရင်မသည် လူရဲအပေါ်တွင် သံယောဇဉ်ငြိတွယ်သည်ထက် ငြိတွယ်လာကြောင်း သူမ၏ အမူ အရာတို့က ပြလျက်ရှိကြလေ၏။

''အမောင်လူရဲက လှပတဲ့ဓာတ်ပုံလေးတွေ အများ ကျွန်ုပ်ကို ရိုက်ပေးခဲ့ပြီးပြီ။ အဲဒီ လှပတဲ့ဓာတ်ပုံလေးတွေ အမောင်လူရဲကို ကျွန်ုပ်က ဂုဏ်မပြုရသေးဘူး။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အထူးညစာစားပွဲနဲ့ ဧည့်ခံဂုဏ်ပြုလိုတယ်''

ဘုရင်မ၏အမိန့်ဖြင့် ဘဏ္ဍာစိုးအမတ်ကြီးက ဘုရင်မ၏ အထူးညစာစားပွဲကို စီစဉ်ကျင်းပပေးရလေ၏။

ဘုရင်မ၏ အထူးခန်းဆောင်ထဲတွင် ကျင်းပသော ယင်း ညစာစားပွဲကို လူရဲတစ်ဦးတည်း တက်ရောက်ခွင့်ရှိလေသည်။ တကယ်တော့ ထိုညစာစားပွဲမှာ ဘုရင်မနှင့်လူရဲတို့ နှစ်ဦးတည်း သီးသန့်ကျင်းပသည့် ညစာစားပွဲပင် ဖြစ်ပါသည်။

ဘုရင်မသျှီလာသည် ထိုညစာစားပွဲသို့ ကြွရောက်လာရာ၌ အပြာနုရောင် ကိုယ်ကျပ်အင်္ကျီ၊ စိန်ပွင့်လေးများဖြင့် အကွက် ဖော်စီထားသည့် အပြာရင့်ရင့် 'ကိုင်မန်' တို့ကို ရေခါးပတ်ပတ် ကာ ဝတ်ဆင်ထားပြီး ပခုံးပေါ်မှ ဇာပဝါဖြူပါးပါးလေး ခြုံလွှား ထားလေသည်။

ဦးခေါင်းထက်တွင် သရဖူဆောင်းမထားဘဲ ရွှေခေါင်း စည်းလေးသာ စည်းထားလျက် ပိတုန်းရောင်ဆံကေသာကို ကျောဘက်တွင် ဖားလျားချထားလေ၏။

မည်သို့ဖြစ်စေ ဘုရင်မသျှီလာသည် မိုးပေါ်မှ နတ်သက် ကြွေကာ ကျလာသည့် နတ်မိမယ်လေးနှယ် လှချင်တိုင်းလှလျက် ရှိတော့သည်။





အဖြူရောင်ဇာအခင်းလွှမ်းထားသည့် သစ်ကနက်စားပွဲ ဝိုင်းကြီးပေါ်တွင် စားသောက်ဖွယ်ရာအမျိုးမျိုးကို ကြွေပန်းကန်၊ ငွေပန်းကန်တို့ဖြင့် တည်ခင်းပြီးနောက် စားတော်ကဲများရော၊ ရံရွေတော်တို့ပါ ညစာစားပွဲခန်းမကြီးထဲမှ ထွက်ခွာသွားရကာ သက်တော်စောင့် မိန်းမစစ်သည်တို့သည်လည်း ခန်းဆောင်ကြီး၏တံခါးများကိုပိတ်လျက် ခန်းဆောင်၏အပြင်ဘက်မှ စောင့် ကြပ်လျက်ရှိရလေ၏။

''ကဲ အမောင် . . . ဒီညစာစားပွဲခန်းမကြီးထဲမှာ သျှီလာနဲ့အမောင်တို့ နှစ်ယောက်တည်းပဲရှိတယ်။ ခုလို နှစ် ယောက်တည်း လွတ်လွတ်လပ်လပ် စားသောက်ရအောင်လို့ သေချာစီစဉ်ခဲ့ရတာပဲ''

ဘုရင်မက လူရဲနှင့် မျက်နှာချင်းဆိုင်မှ ရွှေပိန်းချခုံပေါ် ထိုင်ရင်း တည်ငြိမ်စွာ ပြောလိုက်လေသည်။ မိမိကို နှာမည် မထည့်ဘဲ အမောင်ဟု ရင်းနှီးစွာခေါ်လိုက်သဖြင့် လူရဲ အံ့အားသင့် သွားရလေသည်။

''ကဲ . . . စားသောက်ဖွယ်ရာတွေကို အားရပါးရ လွတ် လွတ်လပ်လပ်စားပါ အမောင်။ ပြီးတော့ အဲဒီငွေကရားထဲက ယမကာကိုလည်း သောက်လိုက သောက်နိုင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



ဘုရင်မက ယင်းသို့ ပြုံးချိုစွာပြောလိုက်ပြီးနောက် သူမကိုယ်တိုင် စားပွဲပေါ်ရှိ ငွေကရားတစ်ခုကို ကောက်ယူကာ ရွှေခွက်ရှည်မျောမျောလေးထဲ ယမကာရည်တို့ လောင်းထည့်လိုက်လေသည်။ ပြီးတော့ လူရဲကို သောက်ရန်လည်း မျက်ရိပ်ပြလိုက်၏။

သို့ဖြင့် လူရဲလည်း ယမကာကို ငုံ့သောက်လိုက်ရာ သသ်ရာပျူတို့၏ ယမကာသည် ခါးသက်ခြင်းမရှိဘဲ ပြင်းရှရှဖြင့် အဝင်ကောင်းလှကာ မွှေးပျံ့ပျံ့လေးရနံ့သင်းနေရာ တစ်ခွက်ပြီး တစ်ခွက် သောက်လိုက်မိတော့သည်။

သို့လျှင် လွန်စွာ အရသာရှိသော စားကောင်းသောက်ဖွယ်တို့ကို စားလိုက်၊ ယမကာမော့လိုက်ဖြင့် လူရဲမှာ တဖြည်းဖြည်း ဆက်ရက်မင်းစည်းစိမ် ခံစားလာရတော့၏။

ဘုရင်မသျှီလာသည် ယမကာတန်ခိုးဖြင့် ရီဝေဝေ ဖြစ်လာပြီး မျက်နှာနုနုလေးပေါ်ဝယ် ပန်းသွေးရောင်လျှမ်းတက်လာရာ ပျားဖယောင်းဆီအလင်းတို့အောက်ဝယ် ထိုမျက်နှာလေးသည် လှချင်တိုင်းလှလျက်ရှိတော့၏။

"အမောင် ပျော်ရဲ့လားဟင်"

"ပျော် ပျော်ပါတယ် ဘုရင်မ"





"ပျော်ရင် သျှီလာ့အနားမှာ လာထိုင်"

ဘုရင်မ၏အမိန့်ကြောင့် လူရဲသည် ယမကာခွက်ကို ကိုင်လျက် ထိုင်ရာမှထပြီး ဘုရင်မအနီးသို့ ခပ်ယိုင်ယိုင် လျှောက်လှမ်းသွားကာ သူမ၏ဘေးမှ ငွေသားထိုင်ခုံတွင် ထိုင်လိုက်ရလေ၏။

"အမောင် ... သျှီလာ့ကို သျှီလာလို့ပဲခေါ်၊ ဘုရင်မလို့ မခေါ်ပါနဲ့နော်၊ အမောင့်ကိုယ်အမောင်လည်း ကျွန်တော်မျိုးလို့ မပြောပါနဲ့၊ အမောင်လို့ ပြောပါ"

"ကောင်း ... ကောင်းပါပြီ"

"သျှီ သျှီလာလေ အမောင်နဲ့တွေ့ရတာ တစ်မျိုးပဲ။ စိတ်ထဲမှာ ကြည်နူးချမ်းမြေ့တယ် သိလား၊ ပျော်တယ်။ အမောင်ရော ပျော်တယ်မဟုတ်လား"

"ပျော် ပျော်ပါတယ် ဘုရင် ... အဲ သျှီ သျှီလာ"

ဘုရင်မရော လူရဲပါ ဆက်လက်မစားသောက်လိုတော့သဖြင့် ညစာစားပွဲမှထကာ ယမကာငွေခွက်လေးများ ကိုယ်စီကိုင်လျက် ခပ်လှမ်းလှမ်း နံရံအနီးရှိ ကတ္တီပါဖုံးခင်း သလွန်ညောင်စောင်းဆီ ပြောင်းရွှေ့ထိုင်လိုက်ကြတော့၏။

သာမန်အချိန်ဆိုပါလျှင် လူရဲသည် ဘုရင်မနှင့်အတူ



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်တွဲထိုင်ခုံမည် မဟုတ်သော်လည်း ယခုမူ ယမကာ၏တန်ခိုးကြောင့်ရော ဘုရင်မ၏အခွင့်အရေးပေးလွန်းမှုကြောင့်ပါ။ သလွန်ညောင်စောင်းထက်တွင် အတူယှဉ်တွဲထိုင်လျက် ယမကာကို အတူမော့နေမိတော့သည်။

အတော်လေး မူးယစ်ရီဝေနေပြီဖြစ်သည့် ဘုရင်မသျှီလာက လက်ထဲမှ ယမကာခွက်ကို အနီးရှိ စားပွဲပုလေးပေါ် လှမ်းတင်လိုက်ပြီးနောက် လက်တစ်ဖက်ကို သလွန်ညောင်စောင်းပေါ် ထောက်လျက် ကိုယ်ကို တစောင်းလေးလှည့်ကာ လူရဲ့အား ပြုံးမူမူလေး ကြည့်လိုက်လေသည်။

''အမောင် ... ဒီလိုမျိုး သျှီလာနဲ့ တစ်သက်လုံး ပျော်ပျော်ကြီး မနေချင်ဘူးလားဟင်''

ဘုရင်မ၏ မူနွဲ့နွဲ့စကားသံလေးက လူရဲ၏နားထဲသို့ သကာရည်နှယ် ချိုမြိန်စိမ့်ဝင်သွားတော့၏။

သို့သော် ထိုခဏမှာပင် လူရဲ၏နားထဲတွင် စစ်ကဲကြီးမန္တ၏ စကားသံတို့ကို ပြန်လည်ကြားယောင်လာသလို ယွန်းမိမိ၏ မျက်နှာလေးကိုလည်း မြင်ယောင်လာမိလေသည်။

''ဘုရင်မကို လက်ဆက်ပြီး ဒီရွှေမြို့တော်ကြီးသသ်ရာမှာ သင့်ရဲ့ဘဝကို စည်းစိမ်အပြည့်နဲ့ မြှုပ်နှံမယ်ဆိုရင်တော့ သင်ဟာ





ဗုဒ္ဓဘာသာကို စွန့်လွှတ်ပြီး နတ်ဆရာကြီးဂေါသလရဲ့ ညွှန်ကြားချက်အတိုင်း နတ်ဒေဝတာတွေကို ကိုးကွယ်ရမယ်ကွဲ့''

ထိုစကားတို့ကို ကြားယောင်လာရသည်တွင် လူရဲက သူ၏ဦးခေါင်းကို ခပ်ဖြည်းဖြည်း ယမ်းလိုက်မိတော့၏။

လူရဲ ခေါင်းယမ်းသည်ကိုမြင်သည်တွင် ဘုရင်မသျှီလာက မျက်မှောင်လေးအတွန့်ချိုးပြီး လူရဲ၏မျက်နှာကို စူးစူးရဲရဲ ကြည့်လိုက်တော့သည်။

''ဘာလဲ အမောင်က သျှီလာနဲ့ ဒီလို ပျော်ပျော်ကြီး မနေချင်ဘူးပေါ့ဟုတ်လား''

လေသံမာသွားသည့် ဘုရင်မကိုကြည့်လိုက်ပြီးနောက် လူရဲက သက်ပြင်းကြီးချလိုက်ကာ လက်ထဲမှ ယမကာခွက်ကိုလည်း စားပွဲပုလေးပေါ် လှမ်းတင်လိုက်လေသည်။

''သျှီလာ''

''ဘာလဲ အမောင်''

''သျှီလာနဲ့ ခုလို ပျော်ပျော်ကြီး တစ်သက်လုံးနေသွားဖို့ဆိုရင် အမောင့်ဘက်က အင်မတန်ကြီးမားတဲ့ စွန့်လွှတ်မှုကြီးနှစ်ခုကို စွန့်လွှတ်ရလိမ့်မယ်''

''ဘယ် ဘယ်လို စွန့်လွှတ်မှုမျိုးလဲအမောင်''



www.burmeseclassic.com

www.burmeseclassic.com



"ပထမစွန့်လွှတ်မှုကြီးကတော့ အမောင်ဟာ သိပ္ပံပညာတအားထွန်းကားပြီး ခေတ်မီတဲ့လူနေမှုစနစ်ရှိရာ ခေတ်သစ်ကမ္ဘာကြီးကို စွန့်လွှတ်ရလိမ့်မယ် ...။

ဒုတိယစွန့်လွှတ်မှုကြီးကတော့ အမောင် ကိုးကွယ်ယုံကြည်တဲ့ ဗုဒ္ဓမြတ်ဘုရားရဲ့ အယူဝါဒတွေကို စွန့်လွှတ်ပြီး ဗုဒ္ဓဘာသာဝင်အဖြစ်က နုတ်ထွက်ရလိမ့်မယ်"

"အဲ ... အဲဒါတော့ ဟုတ်တယ် အမောင်"

"အဲဒီစွန့်လွှတ်မှုကြီးနှစ်ခုမှာ ပထမ စွန့်လွှတ်မှုကြီးကို စွန့်လွှတ်ဖို့ရာ အပန်းမကြီးလှပေမယ့် ဒုတိယစွန့်လွှတ်မှုဖြစ်တဲ့ ဗုဒ္ဓဘာသာဝင်အဖြစ်က စွန့်လွှတ်ဖို့ဆိုတာတော့ လုံးဝ မဖြစ်နိုင်ပါဘူး သျှီလာ။ အမောင်ရဲ့အသက်ကိုသာ အသေခံမယ် ဗုဒ္ဓဘာသာဝင်အဖြစ် ခံယူထားမှုကိုတော့ ဘယ်တော့မှ စွန့်လွှတ်မှာမဟုတ်ဘူး သျှီလာ"

ဤတွင် ဘုရင်မသျှီလာသည် တွေဝေသွားတော့၏။ သူမက ခန္ဓာကိုယ်အနေအထားကိုပြင်ကာ သလွန်ထက်တွင် တည်တည်ငြိမ်ငြိမ်ထိုင်လိုက်လေသည်။

အတန်ကြာမှ သူမက သက်ပြင်းလေးချလိုက်လေ၏။

"အင်း ... ဟုတ်ပါတယ်လေ။ ကိုးကွယ်ယုံကြည်မှုကို





ဆော်ရုံနဲ့ စွန့်လွှတ်ဖို့မလွယ်ဘူးဆိုတာ သျှီလာလက်ခံပါတယ်။ သျှီလာတို့မျိုးနွယ်တွေဟာလည်း ရှေးပဝေသဏီတုန်းက ဗုဒ္ဓဘာသာဝင်တွေပါပဲ။ နောက်ပိုင်းမှာမှ နတ်ဆရာတွေရဲ့ ဩဇာကြီးမားလာပြီး နတ်ကိုးကွယ်မှုဝါဒ စိုးမိုးလာရတာပါပဲ။ နှစ်ပေါင်းရာနဲ့ချီအောင် နတ်ဆရာအစဉ်အဆက်က လွှမ်းမိုးခဲ့ကြတာပါ"

"ဗုဒ္ဓဘာသာရဲ့အကြောင်းကိုရော သျှီလာ သိသလား"

"တစ်ဆင့်စကားနဲ့ သျှီလာ ကြားဖူးရုံပဲ ကြားဖူးပါတယ်။ အနက်အဓိပ္ပာယ်ကိုတော့ နက်နက်နဲနဲ ယနဏတော့မသိပါဘူး"

ဘုရင်မနှင့်လူရဲတို့မှာ လေးနက်သည့်အကြောင်းခြင်းတတို့ကို ဆွေးနွေးလာကြသဖြင့် ယမကာတန်ခိုးတို့က ဦးနှောက်ထဲမှ လွှင့်ပြယ်သည်ထက် လွှင့်ပြယ်သွားကြတော့၏။

"သျှီလာ သိသလောက်ပြောရရင်တော့ ရှေးနှစ်ပေါင်းထောင့်ငါးရာကျော်လောက်က ဒီသသ်ရာ ရွှေမြို့တော်ကြီးကို စတည်တော့ မြို့တော်သူ မြို့တော်သားအများစုဟာ ဗုဒ္ဓဘာသာဝင်တွေပါပဲ။ အဲဒီနောက်ပိုင်း နှစ်ကာလရာချီကြာညောင်းလာချိန်မှာ လောကီပညာလိုက်စားတဲ့ နတ်ဆရာကြီးတွေဟာ တန်ခိုးထွားလာကြတယ် ...။

သူတို့ဟာ လောကီပညာရပ်တစ်ခုဖြစ်တဲ့ ပဥ္စလက်



www.burmeseclassic.com

www.burmeseclassic.com



ပညာကို တစ်ဖက်ကမ်းခတ်တတ်မြောက်လာကြရာက ပညာကို လျှို့ဝှက်ထားပြီး သူတို့ နတ်ဆရာမျိုးနွယ်စု အချင်းချင်းပဲ ပညာ အမွေလက်ဆင့်ကမ်းသယ်ဆောင်ခဲ့ကြတယ်တဲ့။ နောက်ပိုင်းမှာ နတ်ဆရာတွေဟာ ပဋ္ဌလက်ပညာရပ်ကို အသုံးပြုပြီး မြို့တော်သူ မြို့တော်သားတွေကို ခြိမ်းခြောက်ခြောက်လှန့်လာကြတယ်။ အကြောက်တရားနဲ့လူတွေ သူတို့ကို ကိုးကွယ်ဆည်းကပ်လာအောင် ကြံဆောင်ခဲ့ကြတယ်တဲ့ . . . ၊

ပြင်ပကမ္ဘာနဲ့ အဆက်ဖြတ်ထားတဲ့အတွက် မြို့တော်သူ မြို့တော်သားတွေဟာ အကြားအမြင်နည်းပြီး နတ်ဆရာကြီးတွေ ပြောသမျှ ယုံလာကြတယ်။ အဲဒီလိုနဲ့ နတ်ဆရာကြီးတွေ ဩဇာ ညောင်းလာကြတော့တာပါပဲ . . . ၊

သူတို့ဟာ နတ်ကိုးကွယ်မှု ခေတ်စားအောင် ကြံဆောင်ခဲ့ကြပြီး ဗုဒ္ဓဘာသာ ကွယ်ပျောက်အောင် လုပ်ခဲ့ကြတယ်။ ဘာသာရေးအဆောက်အဦ ဘုရားပုထိုးတွေကို ဖျက်ဆီးတယ်။ ဘာသာရေးစာပေ အထောက်အထားအားလုံးကို မီးရှို့ဖျက်ဆီးပစ်ခဲ့တယ် . . . ၊

နောက်ပိုင်း ဗုဒ္ဓဘာသာ ကိုးကွယ်သူတွေနဲ့ ဘုန်းတော်ကြီးတွေကိုပါ ရန်ရှာလာကြတဲ့အတွက် ရဟန်းတော်အချို့နဲ့





သူတော်စင်တွေ ဗုဒ္ဓဘာသာဝင်တွေဟာ ဒီမြို့တော်ကြီးကနေ ထွက်ပြေးဖို့ ကြိုးစားလာကြတယ်။ တချို့ကတော့ လွတ်မြောက်သွားကြပြီး အများစုကတော့ ဖမ်းမိသွားခဲ့တယ် . . . ၊

ဖမ်းမိသူတွေကတော့ ဖမ်းမိတဲ့နေရာမှာပဲ စီရင်ကွပ်မျက်တာ ခံကြရတယ်တဲ့၊ အဲဒါ လွန်ခဲ့တဲ့နှစ်ပေါင်းများစွာက ဖြစ်ခဲ့တာပါပဲ''

''အင်း . . . ဖြစ်ရလေ''

''ကဲ . . . အမောင်က ဗုဒ္ဓဘာသာဝင်ဆိုတော့ ဗုဒ္ဓဝါဒရဲ့ အကြောင်း ပြောပြပါလား''

''ပြောပြချင်ပါတယ် သျှီလာ။ ဒါပေမဲ့ အခုအချိန်လည်း သင့်နေပြီ။ ယမကာသောက်ထားတုန်းမှာလည်း ဘာသာရေး အကြောင်းမပြောချင်ဘူး။ ဒါကြောင့် နောက်နေ့မှ ပြောပြပါရစေ''

''ကောင်းပြီလေ၊ သျှီလာ ဗုဒ္ဓဘာသာအကြောင်းကို ကောင်းကောင်းကြီးသိချင်ပါတယ်။ ဒါပေမဲ့ နတ်ဆရာကြီး ဂေါ်သလရဲ့လူတွေက နန်းတော်ထဲမှာရော မြို့တော်အနှံ့မှာပါ ပျံ့နှံ့နေတဲ့အတွက် အမောင် ပြောပြမယ့် ဗုဒ္ဓဘာသာအကြောင်းကို လျှို့ဝှက်ပြီး နားထောင်ရမယ်။ နောက်နေ့တွေ သင့်လျော်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ သျှီလာ တိုးတိုးတိတ်တိတ် ခေါ်နိုင်းလိုက်မယ်၊ ဟုတ်ပြီလား''

''ကောင်းပါပြီ သျှီလာ''

ထို့နောက် ခဏအကြာမှာပင် လူရဲသည့် ညစာစားပွဲကျင်းပရာ နန်းဆောင်ထဲမှ ထွက်ခွာလာကာ အစောင့်ရဲမက်နှစ်ဦးက နားနေဆောင်သို့ လိုက်ပို့ပေးလေသည်။

❋

နောက်နေ့နံနက် ညီလာခံပြီးသည့်နောက် ဘုရင်မသျှီလာက သူမ၏နားနေဆောင်ရှိ သလွန်ညောင်စောင်းထက်တွင် ဘေးစောင်းလဲလျောင်းလျက် ရံရွေတော်တို့၏ နှိပ်နယ်မှုကိုခံယူနေစဉ် နန်းတော်ထဲသို့ တံခါးမရှိ ဓားမရှိ ဝင်ခွင့်ရထားသည့် နတ်ဆရာကြီးဂေါ်သလသည် ဝတ်ရုံနက်ကြီးတဖားဖားနှင့် တုတ်ကောက်လိန်လိန်ကြီးကို တဒေါက်ဒေါက်ထောက်လျက် ဝင်ရောက်လာတော့၏။

''နတ်ဆရာကြီး ကြွလာပါတယ် အရှင်မ''

ဘုရင်မက လဲလျောင်းနေရာမှ ထထိုင်လိုက်ပြီး နတ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးအတွက် ကျောက်သားခုံတစ်လုံးယူလာရန် ရဲရွှေတော်တို့ကို စေခိုင်းလိုက်လေသည်။

ထို့နောက် ကျောက်သားခုံထက်တွင် နတ်ဆရာကြီးဂေါ်သလက မိန့်မိန့်ကြီး ထိုင်လိုက်ပြီးမှ စကားစလေသည်။

''ဘုရင်မကို အရေးကြီးတဲ့ကိစ္စ တိုင်ပင်တိုက်တွန်းလိုလို့ လာခဲ့ရတာပါ''

''ကောင်းပါပြီ၊ နတ်ဆရာကြီးပြောပါ''

''အခုဆို အခြားဘာသာဝင် အခြားတိုင်းတစ်ပါးက လူတွေ ကျွန်ုပ်တို့ရဲ့ မြင့်မြတ်တဲ့ရွှေမြို့တော်ကြီးထဲ ကျူးကျော်ထိုးဖောက်ဝင်ရောက်လာတာ ရက်အတော်ကြာနေပါပြီ၊ သူတို့ကို လက်ခံထားရတာဟာ မြွေပွေးကို ခါးပိုက်ပိုက်ထားရတာနဲ့ အတူတူပါပဲ။ ဒါကြောင့် သူတို့အားလုံးကို အမြန်ဆုံးကွပ်မျက်ပစ်ဖို့ လာရောက်တိုက်တွန်း တင်ပြရတာပါ''

''ဟုတ်ပါပြီ နတ်ဆရာကြီး။ အဲဒီကိစ္စအတွက် စဉ်းစားစီရင်ပါ့မယ်။ ခုတော့ ထိပ်ီထားရဲ့ ဓာတ်ပုံရိုက်ဖို့ကိစ္စ ကျန်သေးတဲ့အတွက် သူတို့အဖွဲ့ကို ဘာမှမစီရင်နိုင်သေးပါဘူး''

ဘုရင်မ၏ပြောကြားချက်ကို နတ်ဆရာကြီးဂေါ်သလက ကျေနပ်ပုံမရချေ။





သူက ချက်ချင်းပင် နှုတ်ဆက်ဂါရဝပြုပြီး တောင်ဝှေးကို အဒေါက်ဒေါက်ခေါက်ကာ နန်းတော်ကြီးထဲမှ ထွက်ခွာသွားပါတော့၏။

*

www.burmeseclassic.com

www.burmeseclassic.com

နောက်နေ့နေ့လယ်မှာပင် စစ်ကဲကြီးမန္တက နား
ဆောင်သို့ရောက်လာပြီး လူရဲကိုခေါ်ကာ နန်းတော်ကြီးဆီ
သွားကြလေသည်။

စစ်ကဲကြီးက လူရဲအား နန်းရင်ပြင်အထိ လိုက်ပို့
နောက် ပြန်လည်ထွက်ခွာသွားတော့၏။

ဘဏ္ဍာစိုးအမျိုးသမီးက လူရဲကို အတွင်းဆောင်တ
ဆီသို့ ခေါ်သွားပြီး ထိုခန်းဆောင်ထဲ ဝင်လိုက်သည်နှင့် မြ
သလွန်ထက်တွင် သက်သောင့်သက်သာထိုင်နေသော ဘုရင်မ
တွေ့ရလေသည်။





ဘုရင်မက လူရဲကို သလွန်အနီးမှ ခုံတစ်လုံးတွင် ထိုင်
စေ၏။

ယင်းခန်းဆောင်ထဲတွင် ဘုရင်မနှင့် လူရဲနှစ်ဦးတည်း
သာ ရှိကြပြီး ရံရွေတော်တို့က ခန်းဆောင်၏အပြင်ဘက်သို့
ထွက်ခွာသွားကြလေသည်။

သို့သော် ခန်းမဆောင်ဝင်ပေါက်တံခါးကို မပိတ်စေဘဲ
ခန်းဆီးဇာပဝါဖြူသာ ချထားစေသဖြင့် ခန်းဆောင်ထဲသို့ အပြင်
ဘက်မှ လှမ်းမြင်နေရလေသည်။ သို့တိုင် အလှမ်းဝေးလေသဖြင့်
ဘုရင်မနှင့်လူရဲတို့၏စကားသံကိုမူ ခန်းဆောင်၏အပြင်ဘက်မှ
ကြားနိုင်ခြင်းမရှိချေ။

ဘုရင်မသျှီလာသည် သစ်သီးဖျော်ရည်ဖြင့် လူရဲအား
ဧည့်ဝတ်ပြုပြီး ပြုံးရွှင်အေးမြသော မျက်နှာဖြင့်ကြည့်ကာ –

“ကဲ အမောင် . . . အမောင်ကိုးကွယ်တဲ့ ဗုဒ္ဓဘာသာရဲ့
အကြောင်း ပြောပြစမ်းပါ။ သျှီလာ ကြားချင်လှပြီ”

ဟု တိုက်တွန်းတောင်းဆိုမူ ပြုလေ၏။

လူရဲလည်း ချိုမြသော သစ်သီးဖျော်ရည်ကို သောက်သုံး
ရင်း ခပ်ဖြည်းဖြည်း ရှင်းပြခြင်းပြုလေသည်။

“ဗုဒ္ဓဘာသာဆိုတာ ကံ ၊ ကံ့ရဲ့အကျိုးကိုယုံကြည်တဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘာသာပဲ သျှီလာရဲ့။ ဗုဒ္ဓမြတ်စွာဘုရားရဲ့ ကံကို အခြေပြီး ဟောကြားခဲ့တဲ့ ဘာသာအယူဝါဒပဲ ဆိုပါတော့ . . . ၊

အနောက်မဇ္ဈိမဒေသမှာ အိန္ဒိယပြည်ရယ်လို့ မခေါ်ပေါက်ခင်က မြို့ပြနိုင်ငံအသီးသီး ပေါ်ထွန်းခဲ့ရာမှာ မြို့ပြနိုင်ငံတစ်ခုဖြစ်တဲ့ ကပိလဝတ်ပြည်က ဘုရင် သုဒ္ဓေါဒနနဲ့ မယ်တော်သီရိမဟာမာယာဒေဝီတို့ကနေ ဖွားမြင်လာတဲ့ သိဒ္ဓတ္ထမင်းသားဟာ သက်တော် (၂၉) နှစ်ရောက်တဲ့အခါ သူအို သူနာ သူသေ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို တွေ့ရှိဆင်ခြင်ပြီးတဲ့နောက် အဲဒီ မဟာသက္ကရာဇ် (၉၇) ခုနှစ်မှာပဲ တောထွက်ခဲ့တယ် တရားအားထုတ်ခဲ့တယ်လေ . . . ၊

အဲဒီလို (၆) နှစ်တာပတ်လုံး တရားကျင့်ကြံအားထုတ်ရာက သက်တော် (၃၅) နှစ်၊ မဟာသက္ကရာဇ် (၁၀၃) ခုနှစ်မှာ ပုဗ္ဗေနိဝါသာနုဿတိဉာဏ်၊ ဒိဗ္ဗစက္ခုဉာဏ်၊ အာသဝက္ခယဉာဏ် တို့ကို ရရှိပြီး သစ္စာလေးပါးတရားကို သိမြင်လို့ ဘုရားအဖြစ် ရောက်တော်မူခဲ့တယ် သျှီလာရဲ့ . . . ၊

အဲဒီနောက် ဗုဒ္ဓမြတ်စွာဘုရားဟာ (၄၅) ဝါလုံး မဇ္ဈိမပဋိပဒါ ဆိုတဲ့ အလယ်အလတ်လမ်းစဉ်ကို ချမှတ်ပြီး ကံ ကံရဲ့ အကျိုးကြောင့် သတ္တဝါတို့ရဲ့ ဘဝဖြစ်တည်ရပုံတို့ကို နေရာဒေသ





အနှံ့ လှည့်လည်ဟောကြားတော်မူခဲ့တယ်လေ"

ထို့နောက် လှူရဲသည် သစ္စာလေးပါးတရားကို သူတတ်သိသမျှ ရှင်းလင်းပြောကြားခဲ့ပြီး အထူးသဖြင့် လူတို့ကို ကံငါးပါးအား စောင့်ထိန်းရန် ဗုဒ္ဓမြတ်ဘုရား ဆုံးမဟောကြားခဲ့ပုံကို ပြောပြလိုက်လေသည်။

"ဗုဒ္ဓမြတ်ဘုရားဟာ ပါဏာတိပါတာ သူ့အသက်သတ်ခြင်းကနေ ရှောင်ကြဉ်ဖို့ . . . ၊

အဒိန္နာဒါနာ သူတစ်ပါးရဲ့ဥစ္စာပစ္စည်းကို ခိုးယူခြင်းကနေ ရှောင်ကြဉ်ဖို့ . . . ၊

ကာမေသုမိစ္ဆာစာရာ မှားယွင်းတဲ့ ကာမဂုဏ်အမှုကနေ ရှောင်ကြဉ်ဖို့ . . . ၊

မုသာဝါဒါ မဟုတ်မမှန်ပြောဆိုခြင်းကနေ ရှောင်ကြဉ်ဖို့ . . . ၊

သုရာမေရယ သေရည်သေရက် မူးယစ်စေတဲ့အရာ တွေ သုံးဆောင်မှုကနေ ရှောင်ကြဉ်ဖို့ ဟောကြားဆုံးမခဲ့တယ် သျှီလာရဲ့ . . . ၊

ဗုဒ္ဓမြတ်ဘုရားရဲ့ ဗုဒ္ဓဝါဒအဓိကရည်မှန်းချက်ကတော့ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ လိုက်ဆူနေတဲ့ သံသရာဝဋ်



www.burmeseclassic.com

www.burmeseclassic.com



ဆင်းရဲက လွတ်မြောက်ရာ မြတ်နိဗ္ဗာန်ကိုရောက်ရှိစေဖို့ပါပဲ သျှီလာ"

လူရဲ၏ ရှည်လျားသောစကားအဆုံးတွင် ဘုရင်မသျှီလာသည် ကျေနပ်စွာ ဦးခေါင်းကို အခါခါညိတ်နေတော့၏။

"ဗုဒ္ဓမြတ်ဘုရားရဲ့အယူဝါဒဟာ မြတ်နိုးကြည်ညိုဖွယ်ကောင်းလိုက်တာ အမောင်ရယ်။ အဲဒီဘာသာအယူဝါဒကို သသ်ရာ မြို့တော်ကြီးက ဆုံးရှုံးလိုက်ရတာဟာ တန်ဖိုးမဖြတ်နိုင်တဲ့ ရတနာကြီး ဆုံးရှုံးရတာပါပဲ ...။

အခု နတ်ဆရာကြီးတို့ရဲ့ အယူဝါဒကတော့ ဗုဒ္ဓအယူဝါဒနဲ့ ဖြောင့်ဖြောင့်ကြီးဆန့်ကျင်တဲ့ မိစ္ဆာအယူဝါဒပါပဲ။ နှစ်တိုင်း ဗာလီနတ်စာကျွေးရတဲ့ ယဇ်ပူဇော်ပွဲမှာ သတ္တဝါတွေရဲ့အသက်ကို သတ်ဖြတ်ပြီး အဲဒီသတ္တဝါတွေရဲ့ သွေးနဲ့ ယဇ်ပူဇော်ကြတယ်လေ ...။

သျှီလာကိုယ်တိုင် နတ်ဆရာကြီးတို့ရဲ့အယူဝါဒ အကျင့်စရိုက်ကို မနှစ်မြို့ပေမယ့် သူတို့ရဲ့ ဘာသာရေးဆိုင်ရာ လွှမ်းမိုးမှုက အားကြီးနေလေတော့ အဲဒီအယူဝါဒကို မတွန်းလှန်နိုင်သေးဘူးလေ။ အထူးသဖြင့် နတ်ဆရာကြီး ဂေါသလ ရှိနေသ၍ နတ်ဒေဝတာဂိုဏ်းရဲ့ အရှိန်အဝါက ကြီးမားနေဦးမှာပါပဲ။ သူတို့ရဲ့





အကြောက်တရားနဲ့ ချုပ်ကိုင်ထားမှုကို သသ်ရာမြို့တော်သူမြို့တော်သားတွေ တွန်းလှန်နိုင်ဖို့ မလွယ်သေးပါဘူး အမောင်...။

ဒါပေမဲ့ အမောင်တို့ရဲ့ ဗုဒ္ဓအယူအရ ကံ ကံရဲ့အကျိုးပေးတတ်ပုံနဲ့ဆို အကုသိုလ်များလှတဲ့ နတ်ဆရာကြီးတို့ဟာ တစ်ချိန်ချိန်မှာတော့ ကျဆုံးရမှာပါပဲ ...။

အဲဒီအခါ ဒီသသ်ရာမြို့တော်ကြီးမှာ ဗုဒ္ဓအယူဝါဒ ပြန်လည်ပွင့်လင်းထွန်းကားလာစေဖို့ သျှီလာ အစွမ်းကုန်ကြိုးစားမှာပါ အမောင် ...။

ခုနေမှာတော့ သျှီလာမရှိရင် နတ်ဆရာကြီးတွေဟာ ဒီမြို့တော်ကြီးကို စိတ်ကြိုက်ခြယ်လှယ်ကြမှာမို့ မြို့တော်သူမြို့တော်သားတွေရဲ့ အကျိုးကို ငဲ့ပြီး သျှီလာကတော့ ဘုရင်မအဖြစ် ဆက်လက်အုပ်ချုပ် တည်ရှိနေရဦးမှာပါ ...။

အမှန်ပြောရရင် အမောင့်အပေါ်မှာ သျှီလာ သံယောဇဉ်ဖြစ်မိပေမယ့် ဒီမိစ္ဆာအယူဝါဒ လွှမ်းမိုးရာ သသ်ရာမြို့တော်ကြီးမှာ အမောင်ရဲ့ဘဝကို မနှစ်မြှုပ်ရက်ပါဘူး ...။

သန့်စင်မွန်မြတ်လှတဲ့ ဗုဒ္ဓအယူဝါဒကို စွန့်ခိုင်းရမယ့် မိုက်မဲလှတဲ့အလုပ်မျိုးလည်း သျှီလာ မလုပ်ဝံ့ပါဘူး ...။

ပြီးတော့ သျှီလာရဲ့တစ်သက်မှာ တစ်ခါသံယောဇဉ်



www.burmeseclassic.com

www.burmeseclassic.com



ငြိတွယ်မိသူ အမောင့်ကိုရော အမောင့်ရဲ့အပေါင်းပါတွေရဲ့ အသက်ကိုလည်း မဆုံးရှုံးစေချင်ပါဘူး ...။

ဒါကြောင့် အမောင်တို့ ဒီသသ်ရာမြို့တော်ကြီးကနေ အမြန်ဆုံးထွက်ခွာသွားနိုင်အောင် သျှီလာ ကူညီပါ့မယ်။ သျှီလာ့ကိုထားရစ်ပြီး ဗုဒ္ဓမြတ်ဘုရားရဲ့ အယူဝါဒထွန်းကားအေးငြိမ်းရာဆီ အမောင်ပြန်ပါလေ"

ဘုရင်မသျှီလာက မျက်ရည်ရစ်ဝဲနေသည့် မျက်ဝန်းပြာပြာကြီးများဖြင့် လူရဲကိုစိုက်ကြည့်နေရာမှ မျက်လုံးအကြည့်ကို လွှဲလိုက်ကာ ပြတင်းဝမှနေ၍ အဝေးရှိ တောင်ထွတ်တစ်ခုဆီ လှမ်းကြည့်လိုက်လေ၏။

ထိုအခိုက် သူမ၏မျက်ဝန်းထောင့်မှ မျက်ရည်တစ်စသည် ပါးပြင်မို့မို့ပေါ်သို့ စီးလိမ့်ကျလာပါတော့သည်။

အတန်ကြာမှ ဘုရင်မသျှီလာက အားယူကာ ဆက်ပြောလေသည်။

"အမောင်တို့ကို ကွပ်မျက်ပစ်ဖို့ နတ်ဆရာကြီးမင်္ဂါသလကဖိအားပေးလာနေတယ် အမောင်။ သျှီလာက တတ်ပုံအရိုက်ခံဖို့ ကျန်သေးတယ်ဆိုပြီး အချိန်ဆွဲထားရတယ် ...။

ဒီတော့ အမောင်တို့ရဲ့အသက်ဘေး လွတ်မြောက်ဖို့ရာ





အချိန်သိပ်မရှိတော့ဘူး အမောင် ...။

ဒီကနေထွက်ခွာဖို့ အသင့်သာပြင်ထားပေတော့။ အမောင်တို့လွတ်မြောက်စေဖို့ သျှီလာ စစ်ကဲကြီးမန္ဒနဲ့ တိုင်ပင်ပြီး ကြံစည်ထားလိုက်ပါ့မယ်"

"စစ်ကဲကြီးမန္ဒကရော စိတ်ချရပါ့မလား သျှီလာ"

"ဒီမြို့တော်ကြီးမှာ သျှီလာ့အတွက် စိတ်အချရဆုံးဟာ စစ်ကဲကြီးမန္ဒပါပဲ အမောင်။ ဘာဖြစ်လို့လဲဆိုတော့ စစ်ကဲကြီးမန္ဒဟာ သျှီလာရဲ့အစ်ကိုဝမ်းကွဲတော်လို့ပါပဲ"

"ဪ"

"ကဲ ... နားနေဆောင်ကိုပြန်ပြီး အသင့်ပြင်စရာရှိတာ ပြင်ထားကြပေရော့ အမောင်"

လူရဲလည်း ခေါင်းကို ဖြည်းညင်းစွာညိတ်ပြလိုက်ပြီးနောက် ထိုင်နေရာမှထကာ ခေါင်းငိုက်စိုက်ချလျက် ခန်းဆောင်ကြီးထဲမှ တစ်လှမ်းချင်းလှမ်းထွက်ခဲ့ပါတော့၏။

သူ့အပေါ်ထားရှိအပ်သည့် ဘုရင်မသျှီလာ၏သံယောဇဉ်ကို ပြတ်ပြတ်ထင်ထင် သိမြင်ခဲ့ရသဖြင့် ရင်ထဲဝယ် နင့်အောင်ခံစားခဲ့ရသဖို့ သူမ၏မြင့်မြတ်ရှာသောစိတ်ထားကိုလည်း မြတ်နိုးလေးစားမိပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် သျှီလာရယ် . . . ဒီသင်္ချိုင်းဂူကို မြို့တော်ကြီးမှာ ဗုဒ္ဓဘာသာပြန်လည်ထွန်းကားဖို့ ရည်ရွယ်ထားတဲ့ သျှီလာရဲ့ မြင့်မြတ်တဲ့ရည်ရွယ်ချက် အောင်မြင်ပါစေကွယ်"

❋

## လောဘသားတို့၏ကြမ္မာဆိုး

"ဒီပျူမြို့တော်ကနေ အမြန်ဆုံးထွက်ခွာဖို့ အသင့်ပြင်ထားရမယ်လို့ လူရဲက ပြောတယ်၊ မင်းတို့ရော ဘယ်လိုသဘောရလဲ"

နောက်နေ့နေ့လယ်ခင်း နံနက်စာ စားပြီးချိန်တွင် ဖြစ်သည်။

လက်ကျန်ဓာတ်ပုံတို့ကို ကူးဆေးရန် အမှောင်ခန်းပြုလုပ်ထားသည့် အဆောင်လေးထဲတွင် လူရဲ၊ ပရော်ဖက်ဆာဦးညွန့်လှိုင်နှင့် ယွန်းမိမိတို့ ရှိနေကြစဉ် ဖေအောင်က သူ့တာပည့် ရှေ့ဆောင်



www.burmeseclassic.com

www.burmeseclassic.com



(ခေါ်) မြဝင်းနှင့် တာတီး (ခေါ်) စိုးဝင်းတို့အား နားနေဆောင်လေး ထဲမှာပင် တိုးတိုးတိတ်တိတ် မေးလိုက်ခြင်းဖြစ်သည်။

"ဟာ ... ဆရာရယ် ဒီမြို့ကနေ အမြန်ဆုံးထွက်သွားနိုင်လေ ကောင်းလေပေါ့ဗျ။ ဒီမှာက နေ့အသတ်ခံရမလား၊ ည အသတ်ခံရမှာနဲ့ ရင်တထိတ်ထိတ် ဖြစ်နေရတာဗျ"

"တာတီးရာ စိုးရိမ်မနေစမ်းပါနဲ့၊ လူရဲနဲ့ ဘုရင်မတို့ရဲ့ ဆက်ဆံရေးက အတော်ပြေလည်နေပုံရတယ်ကွ၊ အဲဒီလို အဆင်ပြေနေသရွေ့ ငါတို့အတွက် အသက်အန္တရာယ်ကင်းမှာပါကွ"

မှတ်ချက်စကားဆိုလိုက်သည့် ရေဆင်ကို ဖေအောင်က မဲ့ပြုံးပြုံးကာ ကြည့်လိုက်ရင်း သူ့ပခုံးကို ပုတ်လိုက်သည်။

"ဟော့ကောင် ရေဆင် ... မင်းလည်း လူရဲလိုပဲ ပျိုမလေးတစ်ယောက်နဲ့ ငြိချင်နေပြီ မဟုတ်လား၊ ငါတို့ကို ထမင်းဟင်း လာလာပို့တဲ့ ကောင်မလေးတွေထဲက ငွေလက်ကြိုးလေး အမြဲဝတ်ထားတဲ့ကောင်မလေးနဲ့ မင်း အဆင်ပြေနေတာ ငါသိတယ်နော်"

"ဟာ ... ဆရာကလဲ"

"ဘာလဲ ... မဟုတ်လို့လား"

"အဲ ... ဟုတ် ... ဟုတ်ပါတယ်၊ အဲ ... အဲဒီပျိုမ





လေးရဲ့နာမည်က နီရာတဲ့ဗျ၊ အသားလေးညိုပြီး နားပေါက်လေး ကျယ်တာကလွဲလို့ အတော်လှလို့ ကျွန်တော် စိတ်ဝင်စားမိတာပါ ဆရာရဲ့"

"အေး ... အဲဒီပျိုမလေးကို စိတ်ဝင်စားတယ်ဆိုရင်တော့ မင်း ဒီပျိုမြို့တော်မှာ နေခဲ့ရမှာနော်"

"ဟာ ... ဆရာရယ် ကျွန်တော် ဒီမြို့မှာတော့ မနေခဲ့ချင်ပါဘူး၊ ဒီလောက် ခေတ်နောက်ကျပြီး ပြင်ပကမ္ဘာကြီးနဲ့ အဆက်ပြတ်နေတဲ့နေရာမှာ တစ်သက်လုံးနေဖို့ဆိုတာ လုံးဝမဖြစ်ပါဘူးဗျာ"

"အေး ... ဒါဆိုရင် အဲဒီပျိုမလေး နီရာကို ပြင်ပကမ္ဘာသိ ခေါ်သွားမလား"

ဤတွင် ရေဆင် (ခေါ်) မြဝင်းသည် တွေဝေသွားပါတော့၏၊ အတန်ကြာမှ သက်ပြင်းချပြီး ဖြေသည်။

"ဟင်း ... ဒါလည်း ဖြစ်နိုင်မယ်မထင်ဘူး ဆရာရဲ့၊ မအူပင်မှာ ကျွန်တော့်ရဲ့ရည်းစား မစောရီရှိတယ်၊ ဒီခရီးက ပြန်ရင် လက်ထပ်ယူဖို့ ကျွန်တော်တို့ တိုင်ပင်ထားပြီးသားဗျ၊ ပြီးတော့ မစောရီက နီရာထက် အများကြီးလှတယ်၊ မစောရီကို နီရာနဲ့ မလဲနိုင်ပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ဖေအောင်က ရေခဲတောင်စီးကရက်ကို အားပါးတရ ဖွာရှိုက်လိုက်ပြီးနောက် ပြုံးကာ ခေါင်းတဆတ်ဆတ်ညိတ်လိုက်သည်။

''အေး ... ဒါဆို ငါ ပြောမယ့် သေသေချာချာနားထောင်''

''ဟုတ်ကဲ့ ... ပြောပါဆရာ''

''အဲဒီ နိုရာက မင်းကို တော်တော်သဘောကျနေပုံရတယ်ကွ၊ အဲဒီတော့ အဲဒီပျူမလေးကို မင်း အမြန်ဆုံးစည်းရုံးပြီး ငါ့ရဲ့စီမံချက်မှာ အသုံးချရမယ် ရေဆင်''

''ဗျာ ... ဆ ... ဆရာရဲ့စီမံချက်က ဘာလဲဗျ''

ဖေအောင်က လက်ထဲမှ စီးကရက်တိုကို တောက်ထုတ်လိုက်ပြီးနောက် နားနေဆောင်၏တံခါးဝဆီ အကဲခတ်သလို တစ်ချက်လှမ်းကြည့်ကာ လေသံကို နှိမ့်လျက် ရှင်းပြလေသည်။

''ဒီမှာကွ ... ငါ ဒီခရီးကို ငွေကုန်ကြေးကျခံပြီး ထွက်လာတာ ရည်ရွယ်ချက်နှစ်ခုရှိတယ် သိလား။ ပထမရည်ရွယ်ချက်ကတော့ ဒီခရီးဟာ သုတေသနခရီးတစ်ခုအဖြစ်နဲ့ပဲ အဆုံးသတ်သွားမယ်ဆိုရင် မျှော်လင့်ထားသလို ပျူမြို့ဟောင်းကို တွေ့သည်ဖြစ်စေ၊ မတွေ့သည်ဖြစ်စေ ခရီးစဉ်ပြီးဆုံးတာနဲ့ အနက်ကယ်ဦးညွန့်





လှိုင် ကတိပေးထားတဲ့အတိုင်း ယွန်းမီမီနဲ့ငါ လက်ထပ်ခွင့်ရမယ် ယွန်းမီမီဟာ မိန်းမချောမိန်းမလှလေးပဲလေ၊ နိုင်ငံခြားကနေ ဆရာဝန်ဘွဲ့ရထားတဲ့သူ၊ အိုးပိုင်အိမ်ပိုင်ရှိတဲ့အပြင် သူ့ရဲ့အဖေ အနက်ကယ်ဦးညွန့်လှိုင်ဟာလည်း ဂုဏ်သိက္ခာရှိတဲ့ လူကြီးလူကောင်းတစ်ယောက်၊ ဒီတော့ ယွန်းမီမီဟာ ငါ့အတွက် မက်လောက်စရာပဲလေ။ ဒါကြောင့် ဒီခရီးအတွက် ကုန်ကျစရိတ်ကို ငါ ရင်းနှီးလိုက်တာပဲ''

''အေး ... ငါ့ရဲ့ဒုတိယရည်ရွယ်ချက်ကတော့ အကယ်၍ ရှေးဟောင်းပျူမြို့တော်ကြီးကို ရှာတွေ့ခဲ့ရင် ရှေးဟောင်းမြို့တွေရဲ့ထုံးစံအတိုင်း ရှေးဟောင်းရတနာပစ္စည်းတွေ ရှိနိုင်တယ်လို့ ငါ မှန်းဆမိတယ်၊ ဒါကြောင့် ဒီခရီးဟာ ရတနာသိုက်တစ်ခုကို ရှာဖွေတွေ့ရှိတဲ့ခရီးမျိုးလည်း ဖြစ်သွားနိုင်တယ်၊ အဲဒီလိုဆိုရင်တော့ အားရွှေအိုးထမ်းလာတဲ့ကိန်းလို့ ရှေးဟောင်းရတနာတွေလည်း ငါတို့ရမယ်၊ ယွန်းမီမီလို့လည်း ငါပိုင်ရမယ်၊ အဲဒါ ငါ့ရဲ့ဒုတိယ ရည်ရွယ်ချက်ပဲ''

ဤတွင် ရေဆင် (ခေါ်) မြဝင်းက စကားဖြတ်ပြောလိုက်သည်။

''အင်း ... ဒါဆိုရင်တော့ ဆရာ့ရဲ့ပထမရည်ရွယ်ချက်



www.burmeseclassic.com

www.burmeseclassic.com



အတိုင်း ယွန်းမီမီကို သိမ်းပိုက်ခွင့်ရတော့မယ် ထင်တယ် ရွှေ ရှေးဟောင်းရတနာတွေတော့ ရဖို့လမ်းမရှိဘူး၊ ဒီမြို့တော်ကြီး နေ ခေါင်းနဲ့ကိုယ် အိုးစားမကွဲဘဲ ပြန်နိုင်ရင် ကံကောင်းပဲ"

"ဟော့ကောင် ရေဆင် ... မင်းရဲ့ပါးစပ်ကို ပိတ်ပြီး ငါ ပြောတာ ဆုံးအောင်နားထောင်စမ်း"

"ဟုတ် ... ဟုတ်ကဲ့"

"ဒီမှာ အစတုန်းက ငါထင်ထားတာက ပျူမြို့ဟောင်း ကြီးကို တွေ့ကောင်းတွေ့နိုင်တယ်၊ အဲဒီလို တွေ့ရရင်လည်း မြို့ဟောင်းမြို့ပျက်ကြီးအဖြစ် တွေ့ရမယ်လို့ပဲ ထင်ထားတာ ပျူလူမျိုးတွေ ခုအထိ နေမယ်လို့ လုံးဝမထင်ထားဘူး၊ အန်ကယ် ဦးညွန့်လှိုင်ကတော့ ရှင်သန်နေဆဲ ပျူတို့ရဲ့ပျောက်ဆုံးမြို့တော် ကို တွေ့နိုင်တယ်လို့ အမျှော်လင့်ကြီး မျှော်လင့်ထားတယ်၊ ခု သူ မျှော်လင့်ထားတဲ့အတိုင်း ရှင်သန်နေဆဲ ရှေးဟောင်းပျူမျိုး နွယ်စုနဲ့ ပျောက်ဆုံးမြို့တော်ကြီးကို ဒီမှာ လာတွေ့နေရတာပဲ"

"ဒါကြောင့် ဆရာ့ကို ပြောတာပေါ့၊ ဆရာ့ရဲ့ပထမရည် ရွယ်ချက်အတိုင်းပဲ ဖြစ်မှာပါလို့၊ ဒါတောင်"

"ဟော့ကောင် ရေဆင် ... မင်းရဲ့ပါးစပ် ပိတ်ထားလို့ ပြောနေတယ် မဟုတ်လား၊ ငါ လုပ်လိုက်ရ"





"ဟုတ် ... ဟုတ်ကဲ့ ... ပြောပါ ဆရာသမား"

"ဒီမှာ ... ဘုရင်မ ဆင်မြန်းထားတဲ့ ရတနာထည်တွေ ကို ကြည့်ပြီးတော့ သူ့ရဲ့နန်းတော်ကြီးကိုကြည့်၊ အားလုံး ရွှေ ချိန်းချပဲ၊ နန်းတော်တိုင်တွေနဲ့၊ ပလ္လင်တွေ၊ ညောင်စောင်းတွေ၊ သလွန်တွေမှာ မြှုပ်ထားတဲ့ ကျောက်သံပတ္တမြားတွေဟာ တန်ဖိုး ဖြတ်နိုင်ဘူးကွ"

"ဟုတ်ကဲ့ ... ကျွန်တော်တို့လည်း ဆရာ့ရဲ့တပည့် ကျောက်သမားတွေပဲဟာ၊ အဲဒီကျောက်တွေရဲ့တန်ဖိုးကို သိတာ ပေါ့"

"အေး ... ဒီတော့ ဒီပျူမြို့တော်မှာ တန်ဖိုးကြီးလှတဲ့ ကျောက်သံပတ္တမြားရတနာတွေ အများကြီး ရှိနိုင်တယ်ကွ"

"ဟာ ... ရှိနိုင်တာပေါ့ ဆရာရဲ့"

"အေး ... အဲဒီရတနာတွေထဲက တော်တော်များများ ကို ငါတို့ ရအောင်ယူရမယ်ကွ"

ဤတွင် ရေဆင် (ခေါ်) မြဝင်းရော တာတီး (ခေါ်) စိုးဝင်းပါ မျက်လုံးပြူးသွားကြသည်။

"ဟာ ... ဆရာ ... အဲဒါဆို နန်းတော်တိုင်တွေ၊ ပလ္လင်တွေ၊ သလွန်တွေက ကျောက်တွေ လိုက်ခွာမလို့လား၊



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ဘူး ထင်တယ်နော်''

''အာ . . . မင်းတို့တော့ သေတော့မယ်၊ ဒီမှာ ငါပြော တာ နားထောင်စမ်း၊ ဒီပျူတွေမှာ ရတနာစိန်ကျောက်တွေ အများကြီးရှိမှာ သေချာတယ်ကွဲ၊ အဲဒါတွေကို ဘယ်မှာထားသလဲ ဘယ်မှာရှိသလဲဆိုတာ သိရအောင် ရေဆင်က နိုရာ့ကို စည်းရုံး ပြီး ချော့မေးကွာ၊ သူတို့ရဲ့လျှို့ဝှက်ချက်တွေကို ချော့မေး၊ အဲဒီ ရတနာတွေရှိရာကိုသိရရင် ငါတို့ မရရအောင်ယူပြီး ဒီမြို့ကနေ လစ်ပြေးကြမယ်''

''ဟာ . . . ဆရာ ဖြစ်နိုင်မယ်မထင်ဘူးနော်''

တာတီးက ခေါင်းယမ်းရင်း မှတ်ချက်ပြုသလို ရေဆင် ကလည်း ခေါင်းကုတ်သည်။

''ဟုတ်တယ် ဆရာ၊ ဖြစ်နိုင်ဖို့ မလွယ်ဘူးနော်၊ နိုရာ ကို စည်းရုံးဖို့ မေးမြန်းဖို့ဆိုတာ သူတို့ရဲ့စကား ကျွန်တော်မှ မတတ်ဘဲ ဘယ်လိုလုပ်ရမလဲ၊ ပြီးတော့ ရတနာတွေရှိရာကို သိပြီထား၊ ရအောင်ယူနိုင်ပြီထား၊ ဒီမြို့တော်ကြီးကနေ ဘယ်လို ပြန်ထွက်ကြမလဲ''

ဖေအောင်က ဘောင်းဘီအိတ်ထဲမှ ငွေရောင်စီးကရက် ဘူးကိုထုတ်ကာ စီးကရက်တစ်လိပ်ကို မီးညှိဖွာရှိုက်လိုက်ပြီး





နောက် အေးဆေးစွာဆက်ပြောသည်။

''ဒါတွေက လွယ်ပါတယ်ကွာ၊ အဲဒီနိုရာဆိုတဲ့ ပျူမလေး က မင်းကို မျက်စိကျနေတာ ငါသိတယ် ရေဆင်၊ မင်း စည်းရုံး ရင် လွယ်လွယ်လေးနဲ့ရတယ်၊ သူတို့စကားမတတ်လည်း လက် တန်ခြေဟန် မျက်စမျက်နနဲ့ ပြောပြီး စည်းရုံးပေါ့ကွာ၊ မင်းလည်း ကျောက်ပွဲစားလုပ်နေတဲ့ဟာ . . . ဒီလောက်တော့ လည်ပါတယ်၊ သူ့ကို ချစ်တယ်, ကြိုက်တယ်၊ ကိုယ်နဲ့အတူလိုက်ခဲ့ပါ၊ ဘာညာ ဆိုပြီး စည်းရုံးကွာ၊ ရတနာတွေအကြောင်း လှည့်ပတ်မေးကွာ၊ ပြီးရင် သူ့ကို ပြင်ပကမ္ဘာဆီ ခေါ်သွားမယ်၊ ဟိုမှာပျော်ဖို့ သိပ် ကောင်းတယ်၊ ဘာညာနဲ့ စည်းရုံးကွာ၊ သူပါလာရင် ငါတို့ ဒီမြို့တော်ကြီးကနေ ထွက်ရာလမ်းအတွက် ယူစရာ ဘာလိုတော့ မှာလဲကွ၊ မဟုတ်ဘူးလား''

''အင်း . . . ဆရာပြောသလိုတော့ ဟုတ်သား''

''ဟုတ်ကို ဟုတ်ရမှာပေါ့ကွ၊ မင်း ငါပြောတဲ့အတိုင်း သာလုပ် . . . ဟုတ်ပြီလား''

''အင်း . . . ကျွန်တော် ကြိုးစားကြည့်မယ် ဆရာ''

*



www.burmeseclassic.com

www.burmeseclassic.com



ခဏအကြာတွင် နေ့လယ်ခင်းသောက်ရန် သစ်သီးအဖျော်ရည်တို့ကို ငွေရေတကျောင်းဖြင့် ထည့်ကာ ငွေလင်ပန်းပေါ်တင်လျက် မိန်းကလေးနှစ်ယောက်ယူလာသည်ကို လှမ်းတွေ့ရလေသည်။

"ဟော . . . နီရာတို့ သစ်သီးဖျော်ရည်တွေ လာပို့ပြီကွ။ ရေဆင် . . . မင်း လှုပ်ရှားပေတော့၊ ငါနဲ့တာတီးတို့ ရှောင်ပေးထားမယ်"

ဖေအောင်က အိပ်စင်ကျောက်ခုံပေါ်မှဆင်းကာ တံခါးဆီ ထွက်သွားရာ တာတီးလည်း ပခုံးတွန့်ပြလိုက်ပြီး စပ်ဖြဲဖြဲမျက်နှာဖြင့် နောက်မှလိုက်သွားတော့၏။

အသားညိုချောလေး နီရာက ငွေလင်ပန်းလေးကို လက်ဝါးတစ်ဖက်ပေါ်တင်လာပြီး ပျိုလုံမချောလေးတစ်ဦးက အဖော်အဖြစ် လိုက်ပါလာနေသည်။

ဖေအောင်က အိပ်ဆောင်၏တံခါးဝတွင် ခပ်ပြုံးပြုံးအမူအရာဖြင့် ရပ်ကြည့်နေပြီးမှ နီရာတို့အနားရောက်လာသည်တွင် အသာဖယ်ပေးလိုက်၏။





"ဝင်လေ"

သူက ပါးစပ်မှလည်း ပြောရင်း လက်တစ်ဖက်ဖြင့် တံခါးပေါက်ကို ညွှန်ပြလိုက်ရာ . . .

နီရာကလည်း ပြန်ပြုံးပြပြီး တံခါးပေါက်မှ ဝင်သေလျှင် ဖေအောင်က အဖော်လိုက်လာ၏။ ပျိုလုံမလေးအား လက်ပြတားလိုက်လေသည်။

ထိုပျိုမလေးက ခြေလှမ်းတန့်သွားကာ သူ့ကို မျက်လုံးလေး အဝိုင်းသားဖြင့် ကြည့်လိုက်သည့်အခါ ဖေအောင်က မြို့ရှိုင်ဝှမ်းကြီး၏ဟိုမှာဘက်တောင်စောင်းရှိ ဖြူဖြူခုံးခုံးကျောက်သားအဆောက်အဦးမြင့်မြင့်ဆီ လက်ညှိုးညွှန်ပြလျက် မေးလိုက်လေသည်။

"အဲဒီအဆောက်အဦးက ဘာလဲကွဲ့"

ပျိုမလေးက သူ့စကားကို နားမလည်သဖြင့် ထိုအဆောက်အဦးဆီ ယောင်နနဖြင့် လှည့်ပြန်လှည့်ကြည့်၏။

ဖေအောင်က လက်ရပ်ခေါ်ကာ ကမ်းပါးစွန်းနားလျှောက်လှမ်းသွားရာ ပျိုမလေးက ယောင်ချာချာဖြင့် လိုက်ပါသွားသည်။

"ဟိုးက အဆောက်အဦးက ဘာလဲ"

ဖေအောင်က ကျောက်ဖြူသားအဆောက်အဦးကို လက်



www.burmeseclassic.com

www.burmeseclassic.com



ညှိုးတညွှန်ညွှန်ဖြင့် မေးမှ ပျူမလေးမှာ သဘောပေါက်သွားပြီး ပြုံးကာ ပါးစပ်မှလည်း ပျူလိုပြောပြီး လက်ဟန်ခြေဟန်ဖြင့် ဖြေရှာသည်။

''ဩော် . . . နတ်ဆရာကြီး ဂေါ်သလနေတဲ့နေရာလား''

ထို့နောက် ဖေအောင်က ဟိုအဆောက်အဦ, သည်အဆောက်အဦတို့ကို လက်ညှိုးညွှန်ပြလျက် လျှောက်မေးနေရာ သဘောကောင်းပုံရသည့် ပျူမလေးကလည်း မေးသမျှကို လက်ဟန်ခြေဟန်ဖြင့် ကြိုးစားဖြေရှာလေသည်။

တာတီးကလည်း အနားမှာရပ်လျက် သူ့ဆရာ အချိန်ဆွဲနေပုံကို သဘောကျစွာ ကြည့်လျက်ရှိလေ၏။

အတော်လေးကြာမှ နီရာတစ်ယောက် ညှိုးစိမ့်စိမ့်မျက်နှာလေးတွင် ရှက်သွေးလေးဖြန်းလျက် အပြင်သို့ လှမ်းထွက်လာသည်။

ပျူမလေးနှစ်ဦး ထွက်ခွာသွားမှ ဖေအောင်နှင့်တာတီးတို့ နားနေဆောင်ထဲ လှမ်းဝင်ခဲ့ကြလေ၏။

''ဘယ်လိုလဲ . . . နေရာကျရဲ့လား ရေဆင်''

ရေဆင်က ပြုံးဖြဲဖြဲဖြင့် ဆရာဖြစ်သူကိုကြည့်သည်။

''နေရာကျပုံတော့ ပြောမနေနဲ့ ဆရာရေ . . . ကျွန်တော်





ကောင်မလေးကို ဖက်နမ်းပစ်လိုက်တယ်''

''ဝေး . . . ဘရာဗို''

တာတီးက လက်ခုပ်လက်ဝါးတီးကာ ချီးကျူးဂုဏ်ပြုလိုက်လေလျှင် ဖေအောင်က မျက်စောင်းခဲလိုက်ပြီးနောက် သူသိလိုသည်ကို ရေဆင် (ခေါ်) မြဝင်းကို မေးလိုက်လေသည်။

''မင်း ကောင်မလေးကို တကယ်ဖက်နမ်းလိုက်သလား ရေဆင်''

''ဟုတ်တယ် ဆရာ''

''ဒါဆို . . . သူ့ကိုချစ်တယ်လို့ မင်းပြောလိုက်ပြီးပြီပေါ့''

''နှုတ်ကလည်း ပြောတယ်၊ ဟန်အမူအရာနဲ့လည်း ပြတယ်၊ သူက မငြင်းဘဲ ပြုံးနေတော့ အခြေအနေကောင်းပြီဆိုပြီး ဖက်နမ်းပစ်လိုက်တယ်ဗျာ''

''မင်းမို့ကွာ ငါသာဆို ပါးရိုက်သွားမှာပဲကွ . . . ဟီး''

တာတီးက ဝင်ပြောလိုက်ပြန်ရာ ဖေအောင်က မျက်စောင်းလှည့်ခဲလိုက်ပြန်၏။

''ဒီတော့ အခြေအနေကောင်းတယ်ပေါ့ ဟုတ်လား''

''ဟုတ်ကဲ့ ဆရာ . . . အခြေအနေကောင်းပါတယ်၊ ကျွန်တော်ဖက်နမ်းတာတောင် သူက စိတ်မဆိုးဘူးဗျ၊ ရှက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှုန်းပဲရှုန်းတယ်''

''အေး ... ဟုတ်ပြီ၊ ဆက်ပြီး စည်းရုံးထား၊ ခပ်သွက်သွက် ခရီးရောက်အောင်လုပ်၊ ငါတို့မှာ အချိန်သိပ်မရဘူး၊ ပိုင်ပြီဆိုရင် ရတနာကိစ္စကိုမေး ... ဟုတ်ပြီလား''

''ဟုတ်ကဲ့ပါ ဆရာ''

ထို့နောက် ဆရာတပည့်သုံးယောက်သည် သစ်သီးဖျော်ရည်တို့ကို ယွန်းခွက်တို့ထဲသို့ထည့်ကာ အေးအေးဆေးဆေး မော့သောက်ရင်း ဆက်လက်ဆွေးနွေးနေကြတော့၏။

*

ယင်းသို့ဖြင့် နောက်သုံးရက်အကြာ နေ့လယ်ခင်းအချိန်မှာပင် နားနေဆောင်ထဲ၌ ရေဆင်က ဖေအောင်ကို ခပ်တိုးတိုး ပြောလာသည်။

''ဆရာ ... ပျူတွေရဲ့ရတနာသိုက်ရှိတဲ့နေရာကို ကျွန်တော် သိရပြီ''

ဖေအောင်သည် မယုံနိုင်အောင်ဖြစ်သွားပြီး လှိုက်ခနဲ





ဝမ်းသာသွားတော့၏။

''ဟာ ... တကယ်သေ, သေချာရဲ့လား ရေဆင်''

''သေချာပါတယ် ဆရာရဲ့၊ နိုရာက ကျွန်တော့်အပေါ် တော်တော်ကျေနေတာဗျ၊ ကျွန်တော်က သူ့ကို ဒီပျူမြို့ဟောင်းကနေ ခေါ်ထုတ်သွားမယ်လို့ပြောတော့ သူလေးက လိုက်မယ်တဲ့၊ သူ လိုက်မှာတဲ့ ဆရာရဲ့''

''ဟ ... တကယ်လား''

''တကယ်ပါ ဆရာရဲ့''

''ဟာ ... ပိုင်လိုက်လေကွာ၊ ငါ့တပည့် တအားတော်တယ်ကွာ၊ ဒါ ... ဒါထက် ပျူတွေရဲ့ရတနာသိုက်က ဘယ်မှာတဲ့လဲ''

''ဒီလိုဆရာရဲ့ ... သူတို့ရဲ့ဘိုးဘေးဘီဘင်ပျူတွေ သရေခေတ္တရာပြည်ကြီးပျက်ပြီး ထွက်ပြေးလာကြတော့ ရတနာထည် အတော်များများ ပါလာခဲ့တယ်လေ၊ အဲဒီ နန်းတွင်းရတနာတွေကိုတော့ ဘုရင်မက သိမ်းဆည်းထားတယ်တဲ့ ...၊

အဲ ... ပျူတွေဟာ ဒီဒေသကို ရောက်လာပြီး အခြေချနေထိုင်တဲ့အခါ အဆောက်အဦတွေ ဆောက်ကြတော့ အခု နတ်ဆရာကြီးဂေါသလနေထိုင်တဲ့ နတ်ကျွန်းဆောင်ရှိရာတောင်ထိပ်

www.burmeseclassic.com



ပါးနဲ့ဝန်ကြီးချုပ်ကြီးဒီလာရဲ့စံအိမ်တော်ရှိရာတောင်ကမ်းပါးထို့
အကြားက တောင်ကြားထဲမှာ ပတ္တမြားတွင်းတစ်တွင်းကို တူးဖော်
တွေ့ရှိခဲ့ကြတယ်တဲ့ ဆရာရဲ့"

"ဘာ ... ပတ္တမြားတွင်း ဟုတ်လား"

"ဟုတ်တယ် ဆရာရဲ့၊ အခု နန်းတွင်းမှာ မြှုပ်နှံထား ဆာဆင်ထားသမျှ ပတ္တမြားတွေဟာ အဲဒီပတ္တမြားတွင်းက ထွက် တဲ့ ကျောက်တွေချည်းပဲတဲ့ ...၊

ပျူတွေဟာ အဲဒီတောင်ကြားလမ်းကို အခိုင်အမာ ပိတ် ထားကြပြီး ဘယ်သူ့မှ ကျူးကျော်ဝင်ရောက်ခြင်း မပြုရဘူးတဲ့ အစောင့်လည်း ချထားတယ်တဲ့၊ အဲဒီတောင်ကြားထဲမှာ တူးဖော် ပြီးသား ပတ္တမြားတွေ အများကြီးရှိတယ်တဲ့"

"အစောင့်တွေ ဘယ်လောက်ချထားတယ်တဲ့လဲ"

"အဲ ... အစောင့်ချထားတယ်ဆိုတာကလည်း စေတ် သဘောလောက်ပဲ ချထားတာတဲ့၊ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ပျူမြို့တော်ကြီးမှာ ခိုးတာ, ဝှက်တာ တစ်ခါမှမရှိဘူးတဲ့ဗျ"

"ဩော် ... ဒီလိုလား၊ ဒါဆို ပိုကောင်းတာပေါ့ကွာ ... ဟဲဟဲဟဲ"

"အင်း ... ပြီးတော့ ဝန်ကြီးချုပ်ကြီးဒီလာက နိုရာရဲ့





ဘကြီးတော်တယ်တဲ့၊ ဒါကြောင့် နိုရာက ဝန်ကြီးချုပ်ကြီးရဲ့အိမ် တို့ အဝင်အထွက်ရှိလေတော့ အဲဒီပတ္တမြားသိုက်ရှိရာ တောင်ကြား ဆီ ဆင်းလို့ရတဲ့လမ်းကို သိနေတယ်တဲ့ ဆရာရဲ့"

"တောက် ... ပိုင်လိုက်လေကွာ၊ ငါတို့တော့ နေရာကျ ပြီကွ၊ အဲဒါထက် ငါတို့ရဲ့ထွက်လမ်းအတွက်ရော၊ မင်းမေးထား သေးသလား"

"အဲဒီအတွက်လည်း မပူနဲ့ ဆရာ၊ ဒီပျူမြို့တော်ကြီး ကနေ ထွက်လို့ရတဲ့ လျှို့ဝှက်လမ်းက သုံးလေးလမ်းလောက် ရှိတာတဲ့ဗျ၊ အဲဒီလမ်းတွေအားလုံးကို နိုရာက သိတယ်တဲ့၊ ဒါပေမဲ့ ဒီပျူမြို့တော်ကြီးကနေ ဘယ်လိုပဲထွက်ထွက် ပန်းပေါင်းစုံဂူလိုဏ်ကြီးမှာ သွားဆုံတာပဲတဲ့ဗျ"

"ဩော် ... ငါတို့ အဖမ်းခံခဲ့ရတဲ့ဂူလိုဏ်ကြီး မဟုတ် လား"

"ဟုတ်တယ် ဆရာ"

"အေး ... ဒါဆို ပန်းပေါင်းစုံဂူလိုဏ်ကြီးဆီရောက်ရင် ငါတို့ လွတ်မြောက်ပြီကွ၊ ဘာဖြစ်လို့လဲဆိုတော့ အပြင်ကနေ ပန်းပေါင်းစုံဂူလိုဏ်ကြီးထဲ စဝင်လာကြတုန်းက ဖဲကြိုးဝါလေးတွေ ချပြီး ဂူလိုဏ်လမ်းကို မှတ်သွားခဲ့တယ် မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



''ဟုတ်တယ်လေ ဆရာ''

''အေး ... ငါတို့ ပန်းပေါင်းစုံဂူလိုဏ်ကြီးဆီရောက်ရင် ငါတို့ မှတ်သားထားတဲ့လမ်းအတိုင်း ပြင်ပကမ္ဘာဆီ ထွက်နိုင်ပြီ ပေါ့ကွ''

''ဟုတ်တာပေါ့ ဆရာရယ်၊ ဒါ ... ဒါထက် ဆရာ ... ကျွန် ... ကျွန်တော်က နို့ရှာကို တကယ်ပဲ ခေါ်လာရမှာလား တော်ကြာ ... သူ့ကို ကျွန်တော် တကယ်ယူနေရဦးမယ်နော်''

''ရေဆင်ရယ် ... အဲဒီပျိုမလေးကို မင်းမလိုချင်ရင် လည်း တာတီးနဲ့ ပေးစားလိုက်ပေါ့ကွ''

ဤတွင် တာတီး (ခေါ်) စိုးဝင်းကလည်း ပျာပျာသလဲ ငြင်းရှာသည်။

''မ ... မလုပ်ပါနဲ့ ဆရာရယ်၊ ကျွန်တော့်မှာ မိန်းမနဲ့ ကလေး ရှိပါတယ်ဗျာ''

''ဟား ဟား ဟား ... မင်းတို့ကို နောက်တာပါကွ၊ အဲဒီပျိုမလေးကို ပန်းပေါင်းစုံဂူလိုဏ်ကြီးဆီရောက်တာနဲ့ အပြတ် ရှင်းပြီး ထားခဲ့ရုံပေါ့ ... မကောင်းဘူးလား''

''အဲ ... အဲဒီလိုပဲ ကောင်းပါတယ်''

''ဟား ဟား ဟား ... ကောင်းရမှာပေါ့ကွာ၊ ကောင်း





ရမှာပေါ့ ... ဟား ဟား ဟား''

❋

သသ်ရာပျူမြို့တော်သို့ ဖေအောင်တို့ရောက်ရှိလာပြီး ဆယ့်နှစ်ရက်မြောက်နေ့ ညဦးသန်းခေါင်ယံကျော်တွင် ...

လူရဲ့ မှုရော်ဖက်ဆာကြီးဦးညွန့်လှိုင်နှင့် ယွန်းမိမိတို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေကြစဉ် အကြံအစည်ရှိသော ဖေအောင်က လဲလျောင်းနေရာမှ ခပ်ဖြည်းဖြည်း ထထိုင်လိုက် သည်။

သူက သိုးမွေးခြုံစောင်တို့အောက်တွင် ငြိမ်သက်စွာ တရှူးရှူးအိပ်မောကျနေကြသည့် လူရဲတို့သုံးဦးကို အတန်ကြာ အကဲခတ်ကြည့်နေပြီးမှ အိပ်စင်ကျောက်ခုံပေါ်မှ အသာဆင်း လိုက်ပြီး သူ့တပည့်နှစ်ယောက်ကို လှုပ်နိုးလိုက်၏။

သူကြိုပြောထားသဖြင့် ရေဆင် (ခေါ်) မြဝင်း၊ တာတီး (ခေါ်) စိုးဝင်းတို့က အိပ်ပျော်နေရာမှ နိုးလာလာချင်း အသံမမြည် အောင် ဂရုစိုက်လျက် ထလာကြတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဖေအောင်က သူ့တပည့်နှစ်ယောက်ကို လက်ဟန်ပြလိုက်ပြီးနောက် နားနေဆောင်၏တံခါးမင်းတုပ်ကို အသာဖွင့်ကာ အဆောက်အဦလေး၏အပြင်ဘက်သို့ ထွက်လိုက်၏။

ရေဆင်နှင့်တာတီးတို့လည်း သူတို့ဆရာ၏နောက်မှ ခြေသံလုံလုံဖြင့် လှမ်းထွက်လိုက်ပြီးနောက် တံခါးကို ပြန်စေ့ပိတ်လိုက်သည်။

ယင်းသို့ ဖေအောင်တို့လူစု တံခါးဖွင့်လိုက်စဉ် ပြင်ပမှ အေးမြသောလေပြည်က နားနေဆောင်လေးထဲသို့ ပြေးဝင်လာရာ အေးစိမ့်လှသည့် လေပြည်၏ရိုက်ခတ်မှုကြောင့် အိပ်မောကျနေရာမှ လူရဲ လန့်နိုးသွားတော့သည်။

အိပ်မှုန်စုံမွှားဖြစ်နေရာမှ လူရဲက မျက်လုံးကို လက်ဖြင့် အသာပွတ်ရင်း ဝန်းကျင်ကို သတိထားကြည့်လိုက်ရာ . . .

အိပ်ဆောင်၏တံခါးဝရှိ တံခါးရွက် ခပ်ဖြည်းဖြည်း ပြန်ပိတ်လာသည်ကို နံရံကပ် ဖန်မီးအိမ်၏အလင်းမှုန်မှုန်ဖြင့် မြင်လိုက်ရလေသည်။

"ဟင် . . . ညဥ့်ကြီးသန်းခေါင် အပြင်ကို ဘယ်သူထွက်သွားတာပါလိမ့်၊ အင်း . . . တစ်ယောက်ယောက် တပိုးတပါးသွားဖို့ ထွက်သွားတာပဲလား"





လူရဲက ထထိုင်လိုက်ပြီး ဖေအောင်တို့ဘက်သို့ ငဲ့ကြည့်လိုက်ရာ အံ့အားတသင့်ဖြစ်သွားရလေ၏။

"ဟင် . . . သုံးယောက်စလုံး မရှိတော့ပါလား"

"ဟာ . . . သူတို့ရဲ့ကျောပိုးအိတ်တွေလည်း မရှိတော့ဘူး၊ ဘာသဘောပါလိမ့်"

လူရဲသည် သက်ာမကင်းဖြစ်သွားပြီး အိပ်စင်ကျောက်ခုံပေါ်မှ ဆင်းလိုက်ကာ နားနေဆောင်၏တံခါးဝဆီ ခပ်သွက်သွက်လျှောက်လှမ်းသွားလျက် တံခါးရွက်ကို တွန်းဖွင့်ကြည့်လိုက်လေသည်။

သသ်ရာ၏ဆောင်းညဥ့်သည် အေးစိမ့်လျက်ရှိပြီး ပျူမြို့တော်ကြီးတစ်ခုလုံးမှာ လရောင်အောက်တွင် ဆိတ်ဆိတ်ငြိမ်လျက် ရှိချေ၏။

အေးစက်နေသည့် ဆောင်းလေ၏ရိုက်ခတ်မှုကို ဂရုမပြုအားဘဲ လူရဲက ဝန်းကျင်ကို လျင်မြန်စွာ စူးစမ်းကြည့်လိုက်ရာ သူတို့၏အိပ်ဆောင်လေးရှိရာ တောင်ကုန်းပေါ်မှ ကျောက်လမ်းလေးအတိုင်း သစ်ရိပ်တို့ကို ခိုကာ ခပ်သုတ်သုတ်ပြေးဆင်းသွားကြသူတို့ကို တအံ့တဩ တွေ့လိုက်ရတော့သည်။

"ဟာ . . . ကိုဖေအောင်တို့ ဆရာတပည့်တွေပါလား



www.burmeseclassic.com

www.burmeseclassic.com



ညဉ့်ကြီးသန်းခေါင် ဘယ်ကိုသွားတာပါလိမ့်၊ အခွင့်မရှိဘဲ ဒီ တောင်ကုန်းပေါ်ကနေ ဘယ်မှမသွားရဘူးလို့ စစ်ကဲကြီးမှနေ သေသေချာချာ မှာထားတဲ့ဟာ၊ ဘာဖြစ်လို့ စည်းဖောက်ပြီး ထွက်သွားရပါလိမ့်"

"မဖြစ်ဘူး ... စည်းဖောက်ရင် အားလုံးဒုက္ခရောက် ကုန်လိမ့်မယ် ... လိုက်ခေါ်မှ"

လူရဲက ဖေအောင်တို့လူစုနောက်သို့ ပြေးလိုက်သွား လိုက်၏။

"ဟေ့လူတွေ ... ဟေ့လူတွေ"

လူရဲ၏ခပ်အုပ်အုပ်ခေါ်သံကြောင့် ဖေအောင်တို့မှာ လန့် ဖျပ်သွားကြပြီး လှမ်းလက်စခြေလှမ်းတို့ကို ရုတ်ခနဲရပ်လိုက်ကြ၍ နောက်သို့လှည့်ကြည့်ကြလေသည်။

"ကိုဖေအောင် ညကြီးမင်းကြီး ခင်ဗျားတို့ ဘယ်သွား ကြမလို့လဲ"

သံလဲပင်၏မှောင်ရိပ်တွင် ရပ်နေသည့် ဖေအောင်က လေသံမာမာဖြင့် ပြန်ပြောသည်။

"လူရဲ ... ငါတို့ ဘာလုပ်လုပ် မင်းတို့ဝင်မရှုပ်နဲ့"

"မဟုတ်ဘူး ... ခင်ဗျားတို့ ဘယ်သွားပြီး ဘာလုပ်ကြ မလို့လဲ"





"ငါတို့ ဘာလုပ်လုပ် မင်းကို ပြောနေတယ်မဟုတ်လား"

"မဟုတ်သေးဘူးလေဗျာ၊ ခင်ဗျားတို့ အခုပဲ တားမြစ် ချက်ကို ချိုးဖောက်ပြီး ဒီနေရာရောက်နေကြပြီ၊ ပြီးတော့ ညကြီး မင်းကြီး ခင်ဗျားတို့ရဲ့လှုပ်ရှားမှုကို ပျူတွေသိသွားရင် မသင်္ကာ ဖြစ်ပြီး အားလုံးဒုက္ခရောက်ကုန်မှာဗျ ... သိရဲ့လား"

ဤတွင် ရေဆင်က သူ့ဆရာကို ခပ်တိုးတိုး သတိပေး လိုက်သည်။

"ဆရာ ... အချိန်ကြာနေပြီဗျ၊ နိုရာ စောင့်နေပြီ၊ တော်ကြာ လွဲချော်ကုန်လိမ့်မယ်"

နိုရာ၏နာမည်ကို သဲ့သဲ့ကြားလိုက်ရတော့ လူရဲ ခေါင်း နပန်းကြီးသွားသည်။ နိုရာသည် ဘုရင်မ၏လူယုံမိန်းကလေးဖြစ် ကြောင်း လူရဲ ကောင်းကောင်းသိသဖြင့် စိုးရိမ်တကြီး ဖြစ်သွား ရှာ၏။

"ကိုဖေအောင် ... ခင်ဗျားတို့ မဟုတ်တာ တစ်ခုခုများ ကြံစည်နေတာလား၊ မှားလိမ့်မယ်နော်"

ဤတွင် ဖေအောင်က ကုတ်အင်္ကျီအောက်အိတ်ထဲမှ ဓားမြှောင်ကိုထုတ်ကာ ရှေ့သို့ ခြေတစ်လှမ်းတိုးပြီး လူရဲ၏ရင်ဝ



www.burmeseclassic.com

www.burmeseclassic.com



ကို ဓားဦးချွန်ဖြင့် ထောက်လိုက်လေသည်။

"ဟော့ကောင် လူရဲ ... မင်းပါးစပ်ကို ပိတ်ပြီး အိမ်ဆောင်ဆီ ပြန်သွားလိုက်၊ ငါတို့က ဒီည လုပ်စရာရှိတာလုပ်ပြီး ဒီနေရာကနေ ထွက်မလို့ကွ သိလား"

"ခင်ဗျားတို့ကို ကျွန်တော် ပြောပြီးပြီပဲ၊ မကြာခင် ဒီကနေ ထွက်ရတော့မှာပါလို့၊ ခင်ဗျားတို့ ဘာလောနေစရာလိုသလဲ ခင်ဗျားတို့ရဲ့လုပ်ရပ်ကြောင့် အားလုံးဒုက္ခရောက်ကုန်မှာဗျ သိလား။ ပြီးတော့ အဲဒီဓားမြှောင်ကရော ဘယ်ကရထားတာလဲ ကျွန်တော်တို့မှာ လက်နက်ကိုင်ခွင့် မရှိဘူးလေ"

"ဟော့ကောင် ... မင်း အိမ်ဆောင်ဆီ အေးအေးဆေးဆေး ပြန်မလား၊ ဒါမှမဟုတ် ... ငါ ဓားနဲ့ထိုးသတ်လိုက်ရမလား၊ ငါတို့မှာ အချိန်မရှိဘူး"

"နေပါဦး ... ခင်ဗျားတို့က အခု ဘယ်သွားပြီး ဘာလုပ်ကြမလို့လဲ"

"ဒီမှာ ငါ ရှင်းရှင်းပဲပြောမယ်၊ ဒီပျူမြို့တော်ကြီးရဲ့တည်နေရာမှာ ရတနာတွင်း၊ ပတ္တမြားတွင်းကြီး ရှိတယ်၊ တူးဖော်ပြီးသား ပတ္တမြားတွေလည်း ရှိတယ်၊ ငါတို့က အဲဒီပတ္တမြားတွေကို အခု သွားယူကြမလို့ကွ သိလား။ အဲဒီပတ္တမြားတွေရပြီးတာနဲ့





ငါတို့ ဒီကနေ လစ်ပြီပဲ"

"ဘာ ... ပတ္တမြားတွင်း ဟုတ်လား"

"အေး ... ဟုတ်တယ်၊ ကဲ ... ငါတို့သွားပြီ"

ပြောပြီးသည်နှင့် ဖေအောင်က လှည့်ထွက်ဖို့ ပြင်သည်။

"နေဦး ကိုဖေအောင် ... ခင်ဗျားတို့ရဲ့လုပ်ရပ်ကို ကျုပ် လုံးဝလက်မခံနိုင်ဘူး။ ခင်ဗျားတို့ရဲ့လုပ်ရပ်က ဘုရင်မရဲ့အပေါ်ရော၊ ပျူတွေရဲ့အပေါ်မှာပါ သစ္စာမဲ့ရာရောက်တယ်၊ အင်မတန်လည်း အန္တရာယ်များတဲ့အလုပ်ပဲ၊ ခင်ဗျားတို့ရဲ့လုပ်ရပ်ကို ခုချက်ချင်းရပ်ပြီး အိမ်ဆောင်ဆီ ပြန်လိုက်ခဲ့ကြဗျာ"

"အာ ... ဒီကောင် ပြဿနာလာရှာနေပြီပဲ"

"ဆရာ ... ကျွန်တော်တို့ အချိန်သိပ်နောက်ကျနေပြီ၊ အားလုံး အလွဲလွဲအချော်ချော်ဖြစ်ကုန်တော့မယ်ဗျ"

ရေဆင်က ထပ်သတိပေးလိုက်ရာ ဖေအောင် ပို၍ ဒေါသဖြစ်သွားတော့၏။

"ဟော့ကောင် လူရဲ ... မင်း ငါတို့ကို ဘာမှကန့်လန့်လာမလုပ်နဲ့၊ ငါတို့ကတော့ ကိုယ်လုပ်စရာရှိတာ လုပ်ရမှာပဲ"

"ခင်ဗျားတို့ကို ကျုပ် ခွင့်မပြုနိုင်ဘူးလို့ ပြောနေတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"အာ . . . တော်တော်ရှုပ်တဲ့ကောင်၊ ကဲကွာ ဝင်ရှုပ်ချင်ဦး"

ဖေအောင်က ပြောပြောဆိုဆို လက်ထဲမှ ဓားမြှောင်ဖြင့် ဒေါသတကြီး ထိုးထည့်လိုက်တော့၏။

လူရဲက ဝဲဘက်သို့ တိမ်းလိုက်ပြီး ဝဲဘက်လက်ဖျံဖြင့် ဖေအောင်၏ဓားကိုင်လက်ကို ပုတ်ထုတ်လိုက်သည်။

"ဖောင်း"

ထိုစဉ် လူရဲ၏နောက်ကျောဘက်ရှိ တာတီးက လက်ထဲမှ ဓားမြှောင်၏ဓားနောင့်ဖြင့် လူရဲ၏နောက်စေ့ကို ထုထည့်လိုက်၏။

"ခွပ်"

အလစ်အငိုက်မို့ လူရဲ မူးနောက်သွားစဉ် ဖေအောင်က လူရဲ၏နံစောင်းကို ခြေစောင်းဖြင့် ကန်ထည့်လိုက်လေသည်။

"ဖောင်း"

လူရဲ ဝဲဘက်သို့ ခြေနှစ်လှမ်းသုံးလှမ်းခန့် ယိုင်ဆင်းသွားစဉ် ဖေအောင်က ဓားမြှောင်ဖြင့် ပြေးထိုးတော့သည်။

"သေစမ်းကွာ"

လူရဲက အားတင်းကာ ဝဲဘက်သို့ ကပျာကသီတိမ်းရှောင်လိုက်သဖြင့်သာ ဓားမြှောင်၏အဖျားက ရင်ဝဆီ စူးနစ်မဝင်





သွားဘဲ လက်ယာဘက်လက်မောင်းရင်းထဲ စိုက်ဝင်သွားတော့၏။

"အ"

ဖေအောင်က ထပ်ထိုးရန် ဟန်ပြင်လိုက်စဉ် လူရဲက ဝဲဘက်ရှိ ပန်းချုံဘက် ခုန်ရှောင်လိုက်ရာ . . .

"ဖရော"

လူရဲသည် ပန်းချုံ၏နောက်ဘက်ရှိ ကုန်းစောင်းအတိုင်း ဒလိမ့်ခေါက်ကွေးလိမ့်ကျသွားပါတော့၏။

ပေနှစ်ဆယ်ခန့်မြင့်သည့် ကုန်းစောင်းအတိုင်း လိမ့်ဆင်းကျသွားသည့် လူရဲသည် ကျောက်ဖြူသားအဆောက်အဦတစ်ခု၏ ခြေရင်းအနီးရှိ သရက်ပင်အောက်သို့ ရောက်ရှိသွားပါတော့သည်။

ဦးခေါင်းက မူးနောက်လျက်ရှိပြီး လက်ယာဘက် လက်မောင်းရင်းမှ သွေးတို့ ဒလဟော ယိုစီးကျလျက်ရှိသဖြင့် ရုတ်ချည်း အားယုတ်သလို ခံစားလိုက်ရလေသည်။

သို့သော် လူရဲက အားယူကာ ကျုံးထလိုက်လေ၏။

ထိုအခိုက် သူ့ရှေ့တွင် မားမားကြီးရပ်နေသူတစ်ဦးကို မမျှော်လင့်ဘဲ တွေ့လိုက်ရလေသည်။ လရောင်ဖြင့် မြင်နေရသည့် ထိုလူ၏မျက်နှာက တင်းမာခက်ထန်လျက် ရှိ၏။

"ဟင် . . . စစ် . . . စစ်ကဲကြီး"



www.burmeseclassic.com

www.burmeseclassic.com



"သင် ... ဒီကို ဘယ်လိုကဘယ်လို ရောက်နေတာလဲ လူရဲ"

လူရဲက ခပ်ယိုင်ယိုင်ဖြင့် ထရပ်လိုက်ရာ သစ်ရွက်အကြို အကြားမှ ထိုးဖောက်ကျရောက်နေသည့် လရောင်ကြောင့် သူ့ လက်ယာဘက်လက်မောင်းရင်းမှ သွေးသံရဲရဲဒဏ်ရာကို စစ်ကဲ ကြီး မန္တက တွေ့ရှိသွားတော့၏။

"လူရဲ ... သင့်ရဲ့လက်မောင်းမှာလည်း ဒဏ်ရာကြီးနဲ့ ပါလား၊ ဘာ ... ဘာဖြစ်တာလဲ"

ဤတွင် လူရဲက သူကြုံတွေ့ခဲ့ရသည်တို့ကို အမှန် အတိုင်း ပြောပြလိုက်လေသည်။

လူရဲ၏စကားအဆုံးတွင် ... စစ်ကဲကြီးမန္တ၏မျက်နှာ က ကျောက်သားကျောက်စိုင်နှယ် တင်းမာခက်ထန်သွားပါတော့ ၏။

"တောက် .. အကြံပက်စက်လိုက်ပါပေ့ သစ္စာဖောက်မ နိုရာနဲ့ပေါင်းပြီး ကြံကြတာပေါ့လေ၊ မဖြစ်ဘူး ... သင်းတို့ အကြံ မဦးရအောင် သင်းတို့ရဲ့နောက် ကျုပ် လိုက်သွားမယ်"

"ကျုပ် ... ကျုပ်လည်း လိုက်မယ် စစ်ကဲကြီး"

"သင်မလိုက်ပါနဲ့၊ သင့်ရဲ့ဒဏ်ရာက သွေးတွေ တအား





ထွက်နေတယ်၊ သင်တို့ရဲ့နားနေဆောင်ဆီပဲ ပြန်သွားပြီး သင်တို့ နဲ့အတူပါလာတဲ့ ဆေးသမားတော်မလေးကိုပဲ ဒဏ်ရာသက်သာ အောင် လုပ်ခိုင်းလိုက်ပါ။ ကျုပ်ပဲ လိုက်သွားမယ်၊ ဟောဟို ကျောက်သားလှေကားထစ်တွေကနေ တက်သွားလိုက်ပါ"

ကျောက်ဆောင်ကျောက်တောင်တို့ ဝိုင်းပတ်နေသည့် ဒေသမှ ဆောင်းညဦးယံဝယ် အေးစိမ့်လှပေရာ ဒဏ်ရာက ကိုက်ခဲ လာသဖြင့် လူရဲသည် နားနေဆောင်ဆီ ပြန်ရန် ဆုံးဖြတ်လိုက်ရ တော့၏။

"ကောင်း ... ကောင်းပါပြီ၊ ကျုပ် နားနေဆောင်ဆီ ပြန်ပါ့မယ်၊ ဟိုလူတွေ ပြစ်မှုကြီးမကျူးလွန်ဖြစ်အောင်သာ စစ်ကဲ ကြီး တားဆီးပေးပါဗျာ"

ထို့နောက် လူရဲက လက်ယာဘက်ရှိ အဖြူရောင်ပန်းတို့ ဝေဆာစွာ ဖူးပွင့်နေကြသည့် ပန်းရုံနှစ်ရုံကြားမှ ကျောက်သားလှေ ကားထစ်များဆီ ခပ်ယိုင်ယိုင်ဖြင့် လျှောက်သွားလိုက်၏။

စစ်ကဲကြီးမန္တလည်း ခါး၌ ချိတ်ထားသည့် ဓားရှည်ကြီး ကို ကျောက်စီဓားအိမ်ထဲမှ ဆွဲထုတ်လိုက်ပြီးနောက် ကျောက်ဖြူ သားအဆောက်အဦလေးကို ရှေ့ပတ်လျက် လက်ဝဲဘက်ရှိ ကျောက်သားဆင်းလမ်းအတိုင်း ပြေးထွက်သွားရာ ချက်ချင်းပင်



www.burmeseclassic.com

www.burmeseclassic.com



သလိုပင် အမှောင်ထုအောက်တွင် ကွယ်ပျောက်သွားပါတော့သည်။

*

ဖေအောင်တို့ ဆရာတပည့်သုံးယောက်သည် နီရာ ညွှန်ပြထားသည့်လမ်းတို့အတိုင်း သစ်ပင်၊ ပန်းချုံတို့၏မှောင်ရိပ်ကို မှီကာ ခြေသံလုံလုံထားလျက် ခပ်သုတ်သုတ် လှမ်းလာကြရာ . . .

သစ်ပင် ပန်းရုံများကြားမှ ကွေ့သုံးလေးကွေ့ကို ကွေ့လိုက်ပြီးသည်နှင့် ကြက်တူရွေးပန်းရုံကြီးတစ်ရုံ၏အောက်တွင် ဝတ်ရုံမည်းကို ဦးခေါင်းမှစ၍ လွှမ်းခြုံထားသည့် လူတစ်ဦးကို တွေ့ရ၏။ သူ့လက်ထဲတွင် မှိန်ပျပျမီးအိမ်လေးကို ဆွဲကိုင်ထားသည်။

ထိုသူအနီးသို့ ရေဆင်က လျင်မြန်စွာ ချဉ်းကပ်သွား၏။

"နီ . . . နီရာ"

နီရာက ဦးခေါင်းမှဝတ်ရုံကို လှပ်လိုက်ပြီးနောက် သူတို့





ကို လက်ရပ်ခေါ်ကာ ကျောက်ပြားခင်းလမ်းလေး၏နံဘေးရှိ ကျောက်ဖြူသားအဆောက်အဦလေးနှစ်လုံး၏ကြားမှ မှောင်ရိပ်ထဲသို့ ဝင်သွားရာ ဖေအောင်တို့သုံးယောက်လည်း ခြေသံလုံလုံလှမ်းလျက် ဝင်လိုက်သွားကြလေသည်။

လရောင်ကျိုးတိုးကျဲတဲနှင့် ဖန်မီးအိမ်၏အလင်းပျပျတို့ကိုသာ အားပြုလျက် အဆောက်အဦတို့အကြား ကျောက်ဆောင်ကျောက်တုံးတို့အကြား သစ်ပင်ပန်းပင်တို့အကြား ဖြတ်လမ်းများမှနေ၍ နီရာက ဦးဆောင်ခေါ်သွားရာ ဖေအောင်တို့သည် ခြေသံလုံလုံဖြင့် ခလုတ်မတိုက်မိစေရန် ချော်မလဲစေရန် သတိထားလျက် လိုက်ပါသွားရလေသည်။

ဆယ့်ငါးမိနစ်ခန့် ခက်ခက်ခဲခဲသွားပြီးကြသည်နှင့် သူတို့ဦးတည်သွားရာ တောင်ကြားအပေါ်သို့ ရောက်ရှိသွားပါတော့၏။

နီရာက သူမအသင့်ယူလာသည့် ကျစ်လျစ်ခိုင်မာလှသော လျှော်ကြိုး၏အစတစ်ဖက်ကို သစ်ပင်တစ်ပင်၏ပင်စည်၌ ချည်နှောင်စေကာ ကြိုးခွေကို တောင်ကြားထဲ ခပ်ဖြည်းဖြည်း ချလိုက်လေသည်။

ထို့နောက် သူမက ဖန်မီးအိမ်ကို ခါးမှာ ချိတ်လိုက်လျက် ရှေ့ဆုံးမှ ဦးဆောင်ကာ ကြိုးကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



ကျောက်သားနံရံကို ခြေကန်ပြီး တောင်ကြားမှောင့်ရိပ်ထဲသို့ ဆင်းသက်သွားပါတော့၏။

ယင်းနောက် ဖေအောင်တို့ဆရာတပည့်သုံးဦးက တစ်ဦး ပြီးတစ်ဦး တောင်ကြားထဲသို့ ဆင်းလိုက်သွားပါတော့သည်။

တောင်ကြားမှာ ပေနှစ်ဆယ်ခန့်သာ အကျယ်အဝန်းရှိပြီး တောင်ကြား၏ထိပ်နှစ်ဖက်စလုံးကို သတ္တုပြားကြီးများဖြင့် ကာရံပိတ်ဆီးထားကာ အတော်လည်း နက်ရှိုင်းသဖြင့် လရောင် သိပ်မရောက်ဘဲ အမှောင်သွမ်းလျက် ရှိလေ၏။

ယင်းတောင်ကြား၏အလယ်တွင် အမိုးခုံးခုံးနှင့် ကျောက်ဖြူသား လေးထောင့်အဆောက်အဦတစ်လုံး ရှိနေပြီး အဆောက်အဦ၏ရှေ့ဘက်တွင် လှံကိုင်ရဲမက်နှစ်ဦးက ကျောက်တုံးများပေါ်၌ အေးအေးလူလူထိုင်လျက် စောင့်ကြပ်နေကြချေသည်။

နီရာက ထိုအစောင့်ရဲမက်တို့ဆီသို့ လက်ညှိုးထိုးပြပြီး လက်တစ်ဖက်ဖြင့် လည်ပင်းကို လှီးသည့်ဟန်လုပ်ပြ၏။

"ဆရာ နီရာက အစောင့်တွေကို ရှင်းပစ်လိုက်ဖို့ ပြောနေပြီ"

ရေဆင်က ခပ်တိုးတိုးပြောလိုက်သည်နှင့် ဖေအောင်က မားမြှောင်ကို တင်းတင်းဆုပ်ကိုင်ရင်း ခြေသံလုံလုံဖြင့် အစောင့်





ရဲမက်တို့၏နောက်ကျောဘက်ဆီသို့ ချဉ်းကပ်သွားရာ သူ့နောက်မှ တာတီးက ကပ်လိုက်သွားလေသည်။

ဖေအောင်နှင့်တာတီးတို့သည် အစောင့်ရဲမက်တစ်ဦးစီ၏ နောက်ကျောဆီသို့ ခြေသံလုံလုံဖြင့် ချဉ်းကပ်သွားကြပြီးနောက်

"ရှပ်"

"စွပ်"

"ဒု"

အစောင့်ရဲမက်နှစ်ယောက်ကို ကိစ္စတုံးစီရင်လိုက်ပြီးသည်နှင့် သူတို့အားလုံး ကျောက်ဖြူသားအမိုးခုံးခုံးနှင့် အဆောက်အဦ လေး၏တံခါးပေါက်ဆီ ပြေးသွားလိုက်ကြတော့၏။

ကျောက်ဖြူသား အဆောက်အဦ၏သတ္တုတံခါးပေါက်ကြီးကို ကြေးသော့ကြီးများဖြင့် ခတ်ထားရာ ဖွင့်ဖို့လွယ်မည် မထင်ချေ။

သို့သော် နီရာက ကြေးသော့သုံးချောင်းပါသည့် သော့တွဲကြီးကို ထုတ်ပေးရာ ဖေအောင်တို့က သော့ခလောက်ကြီး သုံးခုစလုံးကို လွယ်ကူစွာ ဖွင့်နိုင်ခဲ့ကြပါ၏။

သတ္တုတံခါးရွက်ကြီးကို ဆွဲဖွင့်ကာ အတွင်းသို့ ဝင်လိုက်ပြီးနောက် နီရာက လက်ထဲမှ ဖန်မီးအိမ်၏မီးစာကို မြှင့်တင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်လေသည်။

ကျောက်ဖြူသွားအဆောက်အဦ၏အတွင်းတွင် ကျောက်ခုံကြီးတစ်လုံး ရှိနေပြီး ယင်းကျောက်ခုံကြီးပေါ်၌ ပတ္တမြားအရိုင်းတုံးတို့ကို တောင်ပုံယာပုံတွေ့ရလေ၏။

"ဟာ ... ပတ္တမြားတွေ အများကြီးပါလား"

"ကျွန် ... ကျွန်တော်တို့တော့ ပွပြီ ဆရာရေ ... ပွပြီ"

"ကဲ ... ကဲ ... ဟောကောင်တွေ အဲဒီအရိုင်းတုံးတွေထဲက အရည်အသွေးကောင်းတဲ့ ကျောက်တွေကို ရွေးပြီး ရသလောက် သယ်သွားကြမယ်၊ လုပ် ... လုပ် မြန်မြန်လုပ်ကြ"

ဖေအောင်တို့ ဆရာတပည့်သုံးဦးသည် ပတ္တမြားအရိုင်းတုံးတို့အထဲမှ အရည်အသွေးပြည့်ဝသော ပတ္တမြား ရရှိစေရန် ကျောက်တို့ကို မီးရောင်တွင် ထောင်ကြည့်လိုက်၊ ရွေးလိုက်လုပ်နေကြပြီး ရွေးယူထားသည့် ပတ္တမြားတုံးတို့ကို သူတို့၏ကျောပိုးအိတ်တို့ထဲသို့ လောဘတကြီး ထည့်ကြတော့၏။

"ဟောကောင်တွေ မြန်မြန်လုပ်ကြ အချိန်မဆွဲနဲ့"

သူတို့ ပတ္တမြားတုံးတို့ကို လောဘတကြီးဖြင့် ထိုသို့ယူငင်နေကြစဉ်မှာပင် ...





"တူတူ ... ဘော်ဘော်ဘော် ... တူ တူ ဘော်ဘော်"

ဆိတ်ငြိမ်သည့် ညဉ့်ယံကို ထွင်းဖောက်လျက် ရုတ်ချည်းထွက်ပေါ်လာသော ခရာမှုတ်သံတို့ကြောင့် ဖေအောင်တို့လူစုထိတ်ထိတ်ပျာပျာဖြစ်သွားကြတော့၏။

"ဟာ ... ဟောကောင်တွေ ဒီကနေ မြန်မြန်ထွက်မှဖြစ်တော့မယ် ... လာ ... လာ"

ကျောပိုးအိတ်ကိုလွယ်လျက် ဖေအောင်က ပတ္တမြားတို့သိုလှောင်ထားရာ အဆောက်အဦလေးထဲမှ ပြေးထွက်ရာ ရေဆင်နှင့်တာတီးတို့လည်း အူယားဖားယားဖြင့် နောက်မှပြေးလိုက်ကြတော့၏။

သူတို့ အဆောက်အဦလေး၏အပြင်ဘက်ရောက်သည့်နှင့် တောင်ကြားလမ်း၏အရှေ့ဘက်ထိပ်တွင် ပိတ်ဆီးထားသည့် သတ္တုတံခါးရွက်ကြီးများ ပွင့်ဟသွားပြီး မီးတုတ်မီးရောင်တို့ကို လှမ်းတွေ့ရလေသည်။

"ဟာ ... ငါတို့ရဲ့လုပ်ရပ်ကိုသိပြီး ပျူတွေ ဝင်လာကြတော့မယ်၊ လာ လာ ... တောင်ကမ်းပါးယံကို တွယ်တက်ပြီးပြေးကြမယ်"

www.burmeseclassic.com



ဖေအောင်တို့သည် နိုရာနှင့်အတူ သူတို့ ကြိုးချထားခဲ့ရာ ကျောက်သားနံရံကြီးဆီ ပြေးသွားကြတော့၏။

ဖေအောင်က ဦးစွာ ကြိုးကိုဆွဲခိုလျက် ကျောက်သားနံရံကို ခြေကန်တက်လျက် ကြိုးကို အားပြုဆွဲလိုက်သည့်အခါ ကြိုးတစ်ခွေလုံး အောက်သို့ ထွေးလုံးရစ်ပတ်ကျလာတော့သည်။

"ဘုတ်"

"ဟာ ... ဒုက္ခပဲ၊ အပေါ်ကနေ တစ်ယောက်ယောက်က ငါတို့ဆင်းခဲ့တဲ့ကြိုးကို ဖြတ်ချလိုက်ပြီကွ"

"ဟာ ... ဘယ် ... ဘယ်လိုလုပ်ကြမလဲဟင် ဆရာ"

သူတို့အားလုံး ချောက်ချောက်ချားချားဖြစ်သွားကြစဉ်မှာပင် လက်တစ်ဖက်တွင် မီးတုပ်ကိုင်လျက် အခြားလက်တစ်ဖက်တွင် လှံကိုင်မြှောက်ထားကြသည့် ပျူရဲမက်စစ်သည်တို့သည် အုတ်အုတ်ကျက်ကျက်ဖြင့် ပြေးဝင်လာကြပါတော့၏။

"ဝေး ... ဟေး ... ရန်သူတွေကို ဝိုင်းကြ၊ ဝိုင်းကြ၊ မိအောင်ဖမ်းကြ၊ မလွတ်စေနဲ့ဟေ့"

ပျူရဲမက်စစ်သည်တို့သည် တောင်ကြားထဲ နေရာအနှံ့သို့ တောနင်းရှာဖွေရာ သူတို့၏အစောင့်ရဲမက်နှစ်ဦး အသေတ်ခံထားရသည်ကို တွေ့သွားကြရာ ဒေါသအမျက်ခြောင်းခြောင်း





ထွက်သွားကြရတော့၏။

ယင်းအပြင် ပတ္တမြားကျောက်တို့ သိုလှောင်ထားရာ ကျောက်ဖြူသားအဆောက်အဦလေး၏တံခါး ဟင်းလင်းပွင့်နေသည်ကို တွေ့သွားကြရာ ပိုမိုဒေါကန်သွားကြပါတော့သည်။

"ရှာကြစမ်း ... ရှာကြစမ်း၊ သားရေပေါ်အိပ် သားရေနားစားတဲ့ မိစ္ဆာကောင်တွေကို အသေသတ်ပစ်ကြ"

ဒေါသအမျက်ခြောင်းခြောင်းထွက်လျက် ရှိကြသော ပျူရဲမက်တို့သည် နောက်ဆုံးဝယ် ဖေအောင်တို့လူစုကို ဝိုင်းမိသွားကြတော့၏။

ဒေါသကြီးနေသည့် ပျူစစ်သည်တို့က အတင်းဝင်ရောက်တိုက်ခိုက်ရာ ဖေအောင်တို့ဆရာတပည့်သုံးဦးလည်း အစွမ်းကုန်ပြန်လည်တိုက်ခိုက်ခုခံကြတော့၏

ပတ္တမြားတောင်ကြားထဲတွင် တိုးခုတ်တိုက်ခိုက်သံများ ဆူညံစွာ ထွက်လာပြီးနောက် ...

မကြာမီမှာပင် ဖေအောင်တို့လူစုမှာ ဒဏ်ရာအသီးသီး ရရှိသွားကာ မြေပြင်ပေါ်သို့ သွေးသံရဲရဲဖြင့် လဲကျကုန်ကြတော့၏။

မြေပေါ်ဒူးထောက်မှောက်လျက် ကျနေသူတို့ကို ပျူရဲမက်တို့က ဖက်ဖြုတ်၍ ဘေးရှည်ကြိုးများကို အားယူလွှဲမြှောက်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ကြစဉ် မိုးခြိမ်းသံနှယ် အမိန့်ပေးသံကြီးတစ်ခု ရူးရူးရှရှထွက်ပေါ်လာတော့သည်။

"ဟေ့ ... ရပ်လိုက်ကြစမ်း၊ ရာဇဝတ်သားတွေကို အရှင်လက်ရဖမ်းလိုက်ကြ၊ မနက်လွှတ်ရုံးတော်ကျမှ ဘုရင်မက အပြစ်အလိုက် စီရင်လိမ့်မယ်"

ယင်းသို့ အမိန့်ပေးလိုက်သူသည်ကား စစ်ကဲကြီးမန္တပင် ဖြစ်ပါ၏။

❋

ကတ္တီပါဖုံးခင်းထားသည့် ကျောက်ဖြူသားပလ္လင်ထက်တွင် ကျောက်ဆစ်ယမင်းရုပ်တုနှယ် ခါးကိုမတ်ကာ ငြိမ်ငြိမ်သက်သက်ကြီး ထိုင်နေသည့် ဘုရင်မသျှီလာက ရာဇပလ္လင်ရှေ့မှ ကျောက်ကြမ်းပြင်ပေါ် လက်ပြန်ကြိုးများတုပ်နှောင်ခံထားရလျက် ပဆစ်တုပ်ထိုင်နေကြသော ရာဇဝတ်သားလေးဦးကို ရူးရူးရဲရဲ မျက်ဝန်းတို့ဖြင့် စူးစိုက်ကြည့်လျက် ရှိသည်။

လွှတ်ရုံးတော်ကြီးတစ်ခုလုံးမှာ ဘုရင်မချမှတ်မည့် အမိန့်





ဆော်ကို စိတ်စောစွာ စောင့်စားလျက် ရှိကြလေ၏။

အတန်ကြာ တိတ်ဆိတ်နေပြီးမှ ဘုရင်မ၏တည်ငြိမ်ဖြတ်သားသော အမိန့်သံထွက်ပေါ်လာတော့သည်။

"အမိန့်တော်ဖြတ်ချမှတ်မယ် နာခံစေ"

"နောင်"

"ဒိုင်း"

ကြေးမောင်းတီးသံ၊ စည်ထုသံတို့ ငြိမ်သက်သွားပြီးနောက် ဘုရင်မ၏အမိန့်သံက ဆက်လက်ထွက်ပေါ်လာ၏။

"မနေ့ညကဖြစ်ပွားခဲ့တဲ့ အမှုကိစ္စမှာ အဓိကတာဝန်ရှိသူဟာ တရားခံမနိုရာပဲဖြစ်တယ်၊ ကျွန်ုပ်တို့ရဲ့သသ်ရာရွှေမြို့တော်ကြီးတစ်ခုလုံးက အထွတ်အမြတ်ထားတဲ့ပတ္တမြားတောင်ကြားထဲကို ဝိသမလောဘသားတွေ ခေါ်သွားခဲ့တာ သူတို့ကို ဓားလက်ဆော်ထုတ်ပေးခဲ့တာ၊ ကျွန်ုပ်သိမ်းဆည်းထားတဲ့သော့တွဲတွေကို သူပေးခဲ့တာတွေဟာ သင်း ကျူးလွန်ခဲ့တဲ့အပြစ်တွေပဲ ဖြစ်တယ်၊

တရားခံဖေအောင်၊ ရေဆင်နဲ့တာတီးတို့ဟာလည်း သသ်ရာရွှေမြို့တော်သူမြို့တော်သားတွေပိုင်တဲ့ ပတ္တမြားရတနာတို့ကို ခိုးယူဖို့ ကြိုးစားခဲ့တဲ့အပြင် ကျွန်ုပ်တို့ရဲ့အစောင့်ရဲမက်နှစ်ဦးကို သတ်ဖြတ်ခဲ့ကြတယ် ...၊



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် သင်္ချာမြို့တော်သူမြို့တော်သားတို့ရဲ့စည်းမျဉ်းစည်းကမ်းတို့ကို ဖောက်ဖျက်ပြီး ကျုပ်ရဲ့ထောက်ထားညှာတာမှုကို မထေမဲ့မြင်အလွဲသုံးစားပြုသူ သင်းတရားခံလေးဦးစလုံးအား ယနေ့ တောင်စွယ်နေကွယ်ချိန်မှာ ကွပ်မျက်စေ''

ဘုရင်မ၏ပြတ်သားသော အမိန့်သံအဆုံးတွင် လွှတ်ရုံးတော်ကြီးထဲ၌ ကြေကြေကွဲကွဲရှိုက်သံတစ်ခု ထွက်ပေါ်လာပါတော့၏။ ယင်းသို့ ငိုရှိုက်လိုက်သူမှာ နီရာပဲ ဖြစ်ပါ၏။

နီရာဆိုသည့် ပျူလုံမေပျိုလေးသည်ကား ချစ်ဆိပ်တက်ခဲ့သဖြင့် လူမျိုးနှင့်တိုင်းပြည်အပေါ် သစ္စာဖောက်ရာရောက်သွားပြီး ယင်းအပြစ်အတွက် သေဒဏ်ချမှတ်ခြင်း ခံရချေပြီတည်း။

တစ်ကိုယ်လုံးဒဏ်ရာပလပွနှင့် လက်ပြန်ကြိုးပါ အတုပ်ခံထားကြရသော ဖေအောင်တို့ ဆရာတပည့်သုံးဦးမှာ သူတို့ကို သေဒဏ်ချမှတ်လိုက်ကြောင်း ကြားသိလိုက်ရသည်နှင့် ချောက်ချားတုန်လှုပ်သွားကြကာ ကျောက်ကြမ်းပြင်ပေါ် ပြိုလဲကျလုလုဖြစ်သွားကြရတော့၏။

ရာဇပလ္လင်ရှေ့ လက်ယာဘက်တွင် မှူးမတ်ကြီးတို့နောက်နား၌ ထိုင်နေကြရသည့် လူရဲ ပရော်ဖက်ဆာကြီး ဦးညွန့်လှိုင်နှင့် ယွန်းမီမီတို့သည် ဖေအောင်တို့၏အပြစ်အတွက် စိတ်





မကောင်းသော်လည်း ဘာမှမတတ်နိုင်ကြချေ။

ဖေအောင်တို့သည်ကား မကြံအပ်မစည်ရာကို ကြံစည်မိသဖြင့် သူတို့၏အပြစ်နှင့်ထိုက်တန်ရာ ပြစ်ဒဏ်ကို ခံကြရပေဦးတော့မည်။

ဘုရင်မသျှီလာ၏အမိန့်ချမှတ်သံအဆုံးတွင် စောဒကတက်သံတစ်ခု ထွက်ပေါ်လာပါတော့၏။

စောဒကတက်လိုက်သူမှာ နတ်ဆရာကြီးဂေါ်သလဖြစ်ပြီး သူ၏အသံသြသြ ကွဲရှရှကြီးက လွှတ်ရုံးတော်ကြီးထဲတွင် ဟိန်းထွက်သွားပါတော့သည်။

''အရှင်မ . . . ကျွန်ုပ်ဂေါ်သလ လျှောက်ထားလိုပါတယ်၊ မြင်ပကမ္ဘာကနေ ရောက်လာသူမှန်သမျှဟာ ကျုပ်တို့အတွက် လက်ခံယုံကြည်ထိုက်သူများမဟုတ်ကြောင်းကို ယခုဖြစ်စဉ်က မီးမောင်းထိုးပြနေပါတယ် . . . အရှင်မ . . .၊

ဒါကြောင့် ယခုတရားခံတို့နဲ့အတူ တိုင်းခြားက ရောက်ရှိလာကြတဲ့ လူရဲတို့သုံးဦးစလုံးကိုပါ ရှင်းလင်းသုတ်သင်သင့်ပါတယ် အရှင်မ . . .၊

တိုင်းခြားပြည်သားတို့ကို လက်ခံထားတာက မြွေပွေးခါးပိုက်ပိုက်သလိုဖြစ်နေမှာပါပဲ၊ ဒါကြောင့် သင်းတို့သုံးဦးစလုံးကို



www.burmeseclassic.com

www.burmeseclassic.com



ပါ သေဒဏ်ချမှတ်ဖို့ တောင်းဆိုပါတယ်''

နတ်ဆရာကြီးဂေါသလ၏စကားသံအဆုံးတွင် ဘုရင်သျှိလာက တည်ငြိမ်စွာ ပြန်လည်မိန့်ကြားလေသည်။

''နတ်ဆရာကြီး ယခုဖြစ်ရပ်မှာ အမောင်လူရဲတို့သုံးဦး လုံးဝမပါဝင်ကြောင်း တရားခံဖြစ်သူ နီရာနဲ့ဖေအောင်၊ တာထီး ရေခံတို့က ထွက်ဆိုထားပြီးဖြစ်တယ် ...၊

အဲဒီအပြင် စစ်ကဲကြီးမန္တကလည်း တရားခံဖေအောင်တို့ရဲ့လုပ်ရပ်မှာ အမောင်ရူရဲတို့ မပါဝင်တဲ့အပြင် အမောင်လူရဲကြောင့်လည်း တရားခံတွေကို အချိန်မီ လက်မတင်ကလေး ဖမ်းဆီးရမိလိုက်ခြင်းဖြစ်တယ်လို့ ထွက်ဆိုထားတယ် ...၊

ဒါကြောင့် အမောင်လူရဲတို့သုံးဦးဟာ ဘယ်လိုပြစ်မှုမျိုးမှ ကျူးလွန်မှုမရှိခဲ့တဲ့အတွက် သူတို့ကို အပြစ်ပေးအရေးယူခြင်း မပြုလုပ်နိုင်ပါဘူး၊ သူတို့ကို ကျုပ်ရဲ့ညီ့သည်တော်တွေအဖြစ် ဆက်လက်ထားရှိစေမှာဖြစ်ပါတယ်''

ယင်းသို့ ယတိပြတ်မိန့်ကြားပြီးနောက် ဘုရင်မသျှိလာသည် ရာဇပလ္လင်ပေါ်ထိုင်နေရာမှ ထကာ နောက်ဘက်အဆောင်ဆီသို့ ထွက်ခွာသွားပါတော့သတည်း။

* * *



## မိစ္ဆာရှင်းပွဲ

ထိုနေ့ ညဆန်းခေါင်ယံကျော်ချိန်မှာပင် နားနေဆောင်၏ တံခါးကို တစ်စုံတစ်ဦးက ခပ်ဖွဖွခေါက်လာတော့၏။

''ဒုတ် ဒုတ် ဒုတ် ဒုတ်''

အအိပ်ဆတ်သော လူရဲက ဦးစွာ ဖျတ်ခနဲလန့်နိုးလာပြီး အိပ်ရာမှ လူးလဲထကာ တံခါးထဖွင့်စဉ် ပရော်ဖက်ဆာကြီး ဦးညွန့်လှိုင်၏ဟိုဘက် နံရံအနီး၌ အိပ်စက်နေသော ယွန်းမိမိသည်လည်း နိုးထလာတော့၏။

နားနေဆောင်၏တံခါးရွက်ကို ဖွင့်လိုက်သည်တွင် တံခါး



www.burmeseclassic.com

www.burmeseclassic.com



ဝ၌ စစ်ကဲကြီးမန္တ မားမဲ့ကြီးရပ်နေသည်ကို တွေ့ရ၏။ အဖြင်ဘက်တွင် ဆောင်းညဲဝန်းကျင်သည် မြူနှင်းတို့ဆိုင်းလျက် လရောင်က မြူခိုးမြူငွေ့တို့ကြားမှ ဝိုးတဝါးဖြတ်သန်းကျရောက်လျက် ရှိပေသည်။

"လူ့ရဲ . . . သင်တို့ ဒီညပဲ ဒီကထွက်သွားဖို့ ဘုရင်မက မိန့်မှာလိုက်တယ်၊ အခုလိုက်ခဲ့ကြ"

"ကောင်း ကောင်းပါပြီ စစ်ကဲကြီး"

လူ့ရဲက ပရော်ဖက်ဆာကြီးကို နှိုးလိုက်ကာ ထွက်ခွာရန် ချက်ချင်းပြင်ကြတော့၏။

ထို့နောက် သူတို့သည် ကျောပိုးအိတ်ကိုယ်စီလွယ်လျက် စစ်ကဲကြီးမန္တ၏နောက်မှ ခြေသံလုံလုံဖြင့် တိတ်ဆိတ်စွာလိုက်ပါခဲ့ကြရာ မြူနှင်းတို့ဝေ့ဆိုင်းလျက်ရှိသော ပန်းရုံပန်းချုံတို့ကြားမှ ကျောက်ပြားခင်းလမ်းတို့အတိုင်း ကွေ့ကွေ့ဝိုက်ဝိုက်ဖြင့် အတန်ကြာ လှမ်းလာခဲ့ကြရလေ၏။

လူ့ရဲတို့သည် တောင်ကုန်းတစ်ခုကို ကွေ့ပတ်တက်လာခဲ့ကြရာ တောင်ကုန်းလေး၏ထိပ်ကို ရောက်မှ ထိုတောင်ကုန်းမှာ လွန်ခဲ့သောညတစ်ညက ရောက်ခဲ့ရဖူးသည့် ဘုရင်မတောင်ကုန်း ဖြစ်ကြောင်း လူ့ရဲသတိပြုမိလေသည်။

ခု နစ် စဉ် ကြယ် တ ပေ



တောင်ကုန်းထိပ်အလယ်ရှိ ဘုရင်မ၏ပုံတူကျောက်ဆစ်ရုပ်တုအနီးတွင် အနက်ရောင်ဝတ်ရုံကြီးကို တစ်ကိုယ်လုံး ခြုံလွှမ်းထားသည့်သူတစ်ဦး ရပ်နေသည်ကို တွေ့ရသဖြင့် လူ့ရဲတို့ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားရတော့၏။

ထိုအခိုက် စစ်ကဲကြီးမန္တက လူ့ရဲကို တိုးတိုးပြောလေသည်။

"လူ့ရဲ . . . မောင်ရင့်ကို ဘုရင်မစောင့်နေတယ် သွား"

"အို . . . ဘုရင်မလား"

လူ့ရဲက ဘုရင်မရပ်နေရာဆီ ခပ်သွက်သွက်လျှောက်လှမ်းသွားရာ ကျန်လူတို့မှာ ခပ်လှမ်းလှမ်းမှ ရပ်စောင့်ကြည့်နေကြလေ၏။

အနက်ရောင်ဝတ်ရုံကြီးအောက်မှ ဘုရင်မက မျက်နှာလေးသာ ဖော်ထားရာ လရောင်ဝိုးတဝါးအောက်တွင် ဘုရင်မ၏ မျက်နှာလေးမှာ လမင်းလေးနှယ် မြတ်နိုးဖွယ် ဝင်းပလို့နေသည်။

"သျှီလာ"

"အမောင် အမောင့်ကို ထာဝရအတွက် နှုတ်ဆက်ဖို့ သျှီလာစောင့်နေတာပါ။ အမောင်တို့ ဒီမှာ ဆက်နေရင် အန္တရာယ်များတယ်၊ ဒါကြောင့် ဒီညပဲ ထွက်ခွာနိုင်းရတာပါ"

ခု နစ် စဉ် ကြယ် တ ပေ

www.burmeseclassic.com

www.burmeseclassic.com



"သျှီလာ အမောင်တို့နဲ့ ခေတ်သစ်ကမ္ဘာဆီ အတူလိုက် ခဲ့ပါလားကွယ်"

သူမက ဖြည်းညင်းစွာ ခေါင်းယမ်းသည်။

"မဖြစ်ပါဘူး အမောင်။ သျှီလာရဲ့မျိုးနွယ်သသ်ရာ မြို့ မြို့သားတွေအတွက် သျှီလာမရှိလို့မဖြစ်ဘူး။ အမောင်ပဲသွား ကွယ်။ တစ်ခုပဲ အမောင့်ကို မှာလိုက်ပါရစေ"

"ဘာများလဲ သျှီလာ"

"သျှီလာတို့ရဲ့လျှို့ဝှက်မြို့တော်အကြောင်း အမောင် သူတစ်ပါးကို ပြောပြလိုရင် ပြောပြလို့ရပါတယ်။ ဒါပေမဲ့ ဒီမြို့ တော်ကြီးဆီ လာရောက်နိုင်မယ့် မြေပုံအထောက်အထားတွေကို တော့ ဘယ်သူမှ မသိအောင် အမောင်ဖျောက်ဖျက်ပေးပါ။ ဘာ ဖြစ်လို့လဲဆိုတော့ နောက်ထပ်ခေတ်သစ်ကမ္ဘာကနေ ဘယ်သူ့ ဒီကိုမလာစေချင်တော့ဘူး။ သျှီလာမြတ်နိုးလှတဲ့ ဒီသသ်ရာ ရွှေ မြို့တော်ကြီးကို ဘယ်လို ခေတ်သစ်ကမ္ဘာက လူသားတွေ လာ ရောက်ဖျက်ဆီးတာကိုမှ သျှီလာ အဖြစ်မခံနိုင်ဘူး အမောင်"

"အမောင်သဘောပေါက်ပါပြီ သျှီလာ။ အဲဒီအထောက် အထားမြေပုံတွေကို ဖျက်ဆီးလိုက်ပါ့မယ်"

ဘုရင်မသျှီလာက ပြုံးလိုက်ပြီးနောက် ငွေသေတ္တာလေး တစ်လုံးကို ထုတ်ပေးလေသည်။ ပန်းကနုတ်များထွင်းဖော်ထား သည့် ယင်းငွေသေတ္တာလေးမှာ အလျားရှစ်လက်မ၊ အနံ လေး လက်မနှင့် အမြင့် သုံးလက်မခန့်ရှိကာ နှစ်နေအောင်လေးလံလှ သည်။

"ရော့ အမောင် ... ဒါ အမောင်တို့အတွက် သျှီလာရဲ့ လက်ဆောင်ပါ။ သျှီလာက ဟိုသားအဖကို နှုတ်ဆက်လိုက်တယ် လို့ ပြောပြလိုက်ပါ"

"ကဲ ... သွားပေဦးတော့ အမောင်။ သျှီလာ ထာဝရ အတွက် နှုတ်ဆက်လိုက်တယ်နော်"

ဘုရင်မသျှီလာက အေးစက်နေသော လက်ဖဝါးနုနုလေး ဖြင့် လူရဲ၏လက်ကို ဆုပ်ကိုင်ဖျစ်ညှစ်လိုက်ပြီးနောက် ကျောက် ဆစ်ကြာပွင့်ကြီးအနီးသို့ ချဉ်းကပ်သွားလေ၏။

ထို့နောက် သူမက ဒူးညွှတ်လိုက်ကာ အသင့်ယူလာ သည့်ရွှေသော့ဖြင့် ကျောက်ဆစ်ကြာပွင့်ကြီးအောက်မှ သော့ ပေါက်ထဲ ထိုးပြီးလှည့်လိုက်တော့သည်။

"ဟီ ဟီ ဟီ ဟီ"

မြည်သံသဲ့သဲ့မြည်လာရင်း ကျောက်ဆစ်ကြာပွင့်ကြီးမှာ ခပ်ဖြည်းဖြည်းလည်လာရာမှ တစ်ပတ်ပြည့်အောင် လည်ပြီးသည်







www.burmeseclassic.com

www.burmeseclassic.com



တွင် ကြာပွင့်ကြီးက အပေါ်သို့ နှစ်တောင်ခန့် ခပ်ဖြည်းဖြည်း မြင့်တက်သွားတော့၏။

ထိုအခါ ကြာပွင့်ကြီးအောက်၌ လူတစ်ကိုယ်ဝင်သာသည့်အပေါက် ဖြစ်ပေါ်လာသည်ကို တွေ့ရကာ အောက်ဘက်သို့ ဆင်းသည့် ကျောက်သားလှေကားထစ်များကိုပါ တွေ့ရလေသည်။

"ကဲ . . . သွားပေဦးတော့ အမောင်၊ စစ်ကဲကြီးက ပန်းပေါင်းစုံဂူလိုဏ်ကြီးအထိ ဒီလျှို့ဝှက်လမ်းကနေ လိုက်ပို့ပါလိမ့်မယ်"

"သွား သွားတော့မယ်နော်"

လူရဲလည်း ဘုရင်မသျှီလာကို စိတ်မကောင်းစွာ နောက်ဆုံးကြည့်ခြင်းဖြင့်ကြည့်ကာ နှုတ်ဆက်လိုက်ပြီးနောက် မြေအောက်လိုဏ်လမ်းသို့ ဆင်းသက်ခဲ့ရပါတော့၏။

စစ်ကဲကြီးမန္တဦးဆောင်လျက် သူတို့အားလုံး မြေအောက်လိုဏ်လမ်းထဲရောက်ရှိပြီးသည်နှင့် ကြာပွင့်ကြီးသည် ပြန်လည်နိမ့်ဆင်းလာပြီး လျှို့ဝှက်ဂူပေါက်ဝမှာ ပိတ်သွားပါတော့သည်။

ထို့နောက်တွင်မူ လူရဲတို့သည် ကျားမီးအိမ်များ၏ အလင်းရောင်အားကိုးဖြင့် မြေအောက်ဂူလိုဏ်လမ်းအတိုင်း





လျှောက်လှမ်းခဲ့ကြရာ စစ်ကဲကြီးမန္တက ရှေ့ဆုံးမှ ကျွမ်းကျင်စွာ လမ်းပြခေါ်ဆောင်သွားပါတော့၏။

လမ်းခွဲများစွာရှိသည့် မြေအောက်လိုဏ်လမ်းတို့ထဲမှ စစ်ကဲကြီးဦးဆောင်သောလမ်းအတိုင်း တစ်နာရီနီးပါးခန့် မနားမနေ ခရီးနှင်ခဲ့ကြပြီးနောက်မှာတော့ သူတို့အဖမ်းခံခဲ့ရသည့် ပန်းပေါင်းစုံဂူလိုဏ်ကြီးဆီ ရောက်ရှိသွားကြပါတော့သည်။

"ကဲ လူရဲ . . . သင်တို့ ဒီကနေလာရာလမ်းအတိုင်း ပြန်ကြပေရော့။ ဒီဂူလိုဏ်ကြီးအထိ လိုက်ပို့ပြီးပြီမို့ ကျုပ်ရဲ့တာဝန် ပြီးဆုံးပြီ။ သင်တို့ ကံကောင်းကြပါစေ"

"ဟုတ်ကဲ့ . . . စစ်ကဲကြီးနဲ့တကွ ဘုရင်မသျှီလာရော သသ်ရာမြို့တော်သူမြို့တော်သားတို့အားလုံး ကံကောင်းကြပါစေဗျာ"

"ကဲ . . . ကျုပ်သွားပြီ၊ အားလုံးကို နှုတ်ဆက်ပါတယ်"

စစ်ကဲကြီးမန္တက အားလုံးကိုနှုတ်ဆက်ပြီးနောက် မြေအောက်လှိုဏ်လမ်းထဲ ဝင်ရောက်ပျောက်ကွယ်သွားပါတော့၏။

"ကဲ . . . ဘယ်လိုလဲ၊ ဒီမှာ ခဏနားကြဦးမလား"

လူရဲက မေးလိုက်ရာ ယွန်းမိမိက ခေတ္တနားရန်ပြောသဖြင့် ခေတ္တစခန်းချ ရပ်နားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာကြာကြာတော့နေလို့မဖြစ်ဘူး။ ယွန်း ...ဒီဂူ လိုဏ်ကြီးဆီ ကင်းလှည့်တဲ့ရဲမက်တွေ အချိန်မရွေး ရောက်လာနိုင် တယ်။ ခဏ နားပြီးသွားကြမယ်"

ယင်းသို့ ခေတ္တနားကြစဉ် ယွန်းမိမိက ပန်းပေါင်းစုံဂူ လိုဏ်ကြီးထဲမှ ပန်းရောင်စုံအဖူးအငုံတို့ကို လက်နှိပ်ဓာတ်မီးဖြင့် ထိုးကာ ထိုးကာ လိုက်ကြည့်နေသေး၏။

ထိုစဉ် ကျားဟိန်းသံကြီးက အဝါရောင်ပန်းချုံများနောက် မှ ရုတ်တရက် ထွက်ပေါ်လာပါတော့သည်။

"ဝေါင်း ဝေါင်း ဝေါင်း"

"ဟာ ကျား ကျား ...ဒီလိုဏ်ဂူထဲ ကျားရောက်နေပါ လား"

"ဝေါင်း"

အဝါခံပေါ်တွင် အနက်အစင်းစင်းနှင့် အလျားကိုးတောင် ကျော်ခန့်ရှိသော ရောမကျားကြီးတစ်ကောင်က ပန်းချုံများနောက် မှ ခုန်ထွက်လာပါတော့၏။

လူရဲနှင့်ပရော်ဖက်ဆာကြီးတို့က သေနတ်ကိုယ်စီဖြင့် ချိန် လိုက်ကြတော့သည်။ ကျားကြီးမှာ တစ်နေရာမှတစ်နေရာသို့ ဟိန်းဟောက်ကာ ခုန်လွှားလိုက်တိုင်း ကျားကြီး၏အသွင်က





သေးသွားလိုက်၊ ကြီးသွားလိုက်ဖြင့် ဖြစ်နေတော့ရာ လူရဲတို့မှာ အံ့ဩထိတ်လန့် လာကြသော်လည်း လက်ထဲမှသေနတ်တို့ဖြင့် လျင်မြန်စွာ ထိုးချိန် ကာ အဆက်မပြတ် ပစ်ခတ်တော့၏။ သို့သော် ပစ်မှတ်တို့က လွဲချော်လျက်သာရှိတော့သည်။

"ဝေါင်း ဝေါင်း ဝေါင်း"

"ဒိုင်း ဒိုင်း ဒိုင်း"

"ဟေ့ ... ဒါ ရိုးရိုးကျားမဟုတ်ဘူး မိစ္ဆာကျား။ မိစ္ဆာ ကျားပဲ ဖြစ်ရမယ်ဟေ့၊ သတိထားကြ သတိထားကြ"

"ဟုတ်တယ် ဆရာကြီး။ ဒါ နတ်ဆရာကြီးဂေါ်သလရဲ့ လက်ချက်ပဲဖြစ်ရမယ်။ သူက ပဥ္စလက်အတတ် တတ်ပြီး လူတွေ အပေါ် ခြိမ်းခြောက်လွှမ်းမိုးနေသူပဲ"

"ဝေါင်း ဝေါင်း ဝေါင်း"

ကျားကြီးမှာ ကြီးသွားလိုက် သေးသွားလိုက်ဖြင့် ပန်းချုံ များကိုကွယ်ကာ ခုန်လွှားနေရာမှ ပန်းချုံတစ်ခု၏အနီးရှိ ယွန်းမိမိ ၏ကိုယ်ပေါ်သို့ လွှားခနဲ ခုန်အုပ်လိုက်ပါတော့သည်။

"ဝေါင်း"

လူရဲလည်း ရှေ့သို့ လျင်မြန်စွာ တိုးသွားလိုက်ပြီး နှစ်လုံး ပြူးသေနတ်ဖြင့် ကျားကြီး၏ရင်ဝကို ထိုးပစ်လိုက်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း"

„အနီးကပ်ပစ်လိုက်ခြင်းဖြစ်သဖြင့် သည့်တစ်ခါတော့ ပစ်မှတ်ကို တည့်တည့်ကြီးထိမှန်သွားပါတော့သည်။

"ဝေါင်း"

ကျားကြီးသည် နာကျင်စွာအော်ဟစ်လိုက်ရင်း ပန်းရုံပေါ်သို့ လွင့်ကျသွားတော့၏။

"ဘုန်း"

ပန်းရုံပေါ်မှနေ၍ ကျောက်ကြမ်းပြင်ပေါ် ပြုတ်ကျသွားသည့်အခါမှာမူ သွေးအလိန်းလိန်းထွက်နေသည့် ရောမကျားကြီးသည် တဆတ်ဆတ်တုန်လှုပ်လျက် အသက်ငင်နေရာမှ ခဏအကြာတွင် ငြိမ်ကျသွားပါတော့သည်။

ယင်းသို့ငြိမ်ကျသွားပြီးနောက် ချက်ချင်းဆိုသလိုပင် ကျားကြီး၏အသွင်မှနေ၍ လူတစ်ယောက်၏အသွင်သို့ တဖြည်းဖြည်း ပြောင်းသွားသည်ကို အံ့သြဖွယ် တွေ့ရတော့၏။

နောက်ဆုံးတွင် ထိုသဏ္ဍာန်သည် ဝတ်ရုံနက်ကြီးဝတ်ထားသည့် နတ်ဆရာကြီးဂေါသလဖြစ်သွားပါတော့သတည်း။

"ဟာ ... ဂေါသလ ဂေါသလပါလား"

❋



လူရဲတို့သည် လာရာလမ်းအတိုင်း ဂူလိုဏ်လမ်းတို့မှ ရက်အတန်ကြာ ဖြတ်သန်းပြန်လာကြပြီးနောက် တစ်ခုသောနွမ်းတည့်ချိန်တွင် မူလဝင်ရောက်ခဲ့ရာ လိုဏ်ဂူအဝဆီ အောင်မြင်သေးကင်းစွာ ပြန်လည်ရောက်ရှိသွားပါတော့၏။

ထို့နောက် တောဇချောင်းလေး၏နံဘေးမှ လာရာလမ်းအတိုင်း ပြန်ခဲ့ကြစဉ် လူရဲသည် ဘုရင်မသျှီလာအား ပေးခဲ့သည့်ကတိအတိုင်း သင်္သရာမြို့တော်ဆီ သွားရာ လမ်းပြမြေပုံပါရှိသောကြေးပုရပိုက်စများကို မည်သူမျှမမြင်အောင် ချောင်းထဲသို့ တစ်စစီ ပစ်ချဖျောက်ဖျက်ခဲ့ပါတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထန်းသုံးပင် ဗိုခုံလောက်နေရာသို့ ပြန်ရောက်ပြီး ရွှက်ဖျင်တဲများထိုးကာ ခေတ္တစခန်းချရပ်နားသည့်အခါ၌ လူရဲသည် ပရော်ဖက်ဆာကြီးနှင့်ယွန်းမိမိတို့ရှေ့မှာပင် ဘုရင်မသျှီလာပေး လိုက်သည့် လက်ဆောင်ငွေသေတ္တာကို သော့ဖြုတ်ဖွင့်လိုက်ရာ သေတ္တာလေးနှင့်အပြည့် ရွှေငွေကျောက်သံပတ္တမြား လက်ဝတ်ရတနာတို့ကို တွေ့ရပါတော့၏။

"ဟာ ... ရတနာတွေ ရတနာတွေပါလား"

"ကဲ ... ကျွန်တော်တို့ ပျောက်ဆုံးမြို့တော်ဆီ စွန့်စားသွားရောက်ခဲ့ရကျိုးနပ်ပြီလို့သာ မှတ်လိုက်ပေတော့ ဆရာကြီး"

ဤတွင် ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ထန်းပင်တစ်ပင်၏ပင်စည်ကို ကျောမှီလိုက်ရင်း အဝေးဆီမှ ပုံတောင်ပုံညာတောင်တန်းပြာကြီးတို့ဆီသို့ ငေးကြည့်လိုက်ကာ လေးတွဲ့လေသံဖြင့် ပြောလိုက်လေသည်။

"အင်း ... ကျုပ်မျှော်လင့်ထားတဲ့အတိုင်း ပျောက်ဆုံးမြို့တော်ဖြစ်တဲ့ သသ်ရာဆိုတဲ့ ပျူမြို့တော်ကြီးကို တကယ်ပဲ တွေ့ခဲ့ရပြီ၊ ပျူဘုရင်မ,ပေးလိုက်တဲ့ အဖိုးထိုက်ရတနာတွေရခဲ့လို့ ကျုပ်တို့ရဲ့ခရီးစဉ်ဟာ အင်မတန်အောင်မြင်တယ်လို့ ပြောရမှာပါပဲ မောင်လူရဲ ...၊





ဒါပေမဲ့ ... ကျုပ်မိတ်ဆွေရဲ့သား မောင်ဖေအောင်နဲ့ သူ့တပည့်နှစ်ယောက်ရဲ့အသက်ကို စတေးခဲ့ရတာတော့ စိတ်မကောင်းဖြစ်ရတယ်ကွယ်"

ဤတွင် ယွန်းမိမိက ဝင်ပြောလိုက်သည်။

"အို ဒါကတော့ ဖေဖေရယ် ... ကိုဖေအောင်တို့က သူတို့ရဲ့အကုသိုလ်ကြောင့် သူတို့ ဒီလိုဖြစ်သွားကြရတာပဲ၊ စိတ်မကောင်းဖြစ်မနေပါနဲ့၊ ဖေဖေ စဉ်းစားကြည့်စမ်းပါ၊ သူတို့ရဲ့တစ်ကိုယ်ကောင်းဆန်တဲ့ အကြံအစည်အောင်မြင်ပြီး သူတို့သာ သသ်ရာမြို့တော်ကနေ လွတ်မြောက်သွားကြရင် ဘုမသိဘမသိ ကျန်ရစ်ခဲ့ရတဲ့ သမီးတို့သုံးယောက်ရဲ့ကံကြမ္မာဟာ မတွေးဝံ့စရာပဲ မဟုတ်လား"

"အင်း ... သမီးပြောတာ ဟုတ်ပါတယ်၊ အဲဒီလိုဆိုရင်တော့ ပျူတွေဟာ ဖေဖေတို့ကို ခွင့်လွှတ်မှာမဟုတ်ဘူး၊ ဖေဖေတို့ အဆုံးစီရင်ခံကြရမှာပဲ"

"သမီးတော့ အဲဒီလောက် တစ်ကိုယ်ကောင်းဆန်ပြီး အတ္တကြီးတဲ့ ကိုဖေအောင်လိုလူမျိုးနဲ့ ဖူးစာမဆုံရတာကိုပဲ ကံကောင်းတယ်လို့ မှတ်ပါတယ်၊ ဖေဖေရယ်"

ပရော်ဖက်ဆာကြီးဦးညွန့်လှိုင်က ကုတ်အင်္ကျီအောက်



www.burmeseclassic.com

www.burmeseclassic.com



အိတ်ထဲမှ ဆေးပြင်းလိပ်ကြီးကိုထုတ်ကာ ပါးစောင်းတွင်ခဲလိုက်ပြီးနောက် သမီးဖြစ်သူကို ပြုံးပြုံးကြီးကြည့်ကာ မေးခွန်းထုတ်တော့၏။

"ဒါဆို သမီးက ဘယ်လိုလူမျိုးနဲ့ ဖူးစာဆုံရမှ ကံကောင်းတယ်လို့ မှတ်ယူမှာလဲကွဲ့၊ မောင်လူရဲလို သဘောဖြူ အူစင်းလုလင်ပျိုမျိုးနဲ့မှလား"

"အာ ... ဖေဖေကလည်း ဘာမှန်းလည်းမသိဘူး"

ယွန်းမိမိက မျက်နှာလှလှလေးတွင် ရှက်သွေးတို့ ရဲခနဲဖြန်းသွားကာ ဦးခေါင်းလေးကို ငုံ့လိုက်ပြီးမှ လူရဲ၏မျက်နှာကို ရှက်ကိုးရှက်ကန်းဖြင့် ဖျတ်ခနဲ မော့ကြည့်လိုက်သည်တွင် သူမအား ပြုံးဖြဲဖြဲမျက်နှာပေးဖြင့် ကြည့်နေသည့် လူရဲကို တွေ့ရသည်၌ ရှက်ရမ်းလေးရမ်းကာ မျက်စောင်းခဲလိုက်ပါတော့သတည်း။

ဆက်လက်ကြိုးစားပါဦးမည်။

စိတြအဂ္ဂ



# စိတြအဂ္ဂ ၏ ရေးသားထုတ်ဝေပြီးသောလုံးချင်းဝတ္ထုများ

၁။ ဂငယ်သုံးလုံးမောင်သံပုံး
၂။ မိကျောင်းစေတမန်
၃။ ခုဋ္ဌနဒီကျိန်စာ
၄။ စွယ်နက်ရှင်
၅။ ဗီးနပ်(စ်)ပုလဲ
၆။ ပင်လယ်မြွေပျောက်
၇။ အင်းဘီလူး
၈။ သဝေမြိုင်မောင်နမ
၉။ အရိုင်းမေတ္တာ
၁၀။ နံ့သာအိမ်ကြီး ရေကုဿိုလ်
၁၁။ ငှက်ဂဠုန်မြွေနဂါး
၁၂။ သမုဒ္ဒယာကောရီ
၁၃။ ကျောက်စိမ်းယက္ခ
၁၄။ လေးပွင့်သစ္စာ
၁၅။ ကိုးမြို့ ကိုးတံခါး ကိုးဖလား
၁၆။ ဘီလူးတောင်ကျိန်စာ
၁၇။ သွေးနှင်းဆီ
၁၈။ ရေသူမလေး မဥ္ဇရီ
၁၉။ မဟာရွှေတံခါး ရှမ်ဘဲလာ
၂၀။ မဟာမြိုင်ဂူမှတ်တမ်း
၂၁။ ဂန္ဓီရကျောင်းနက်ကြီး

www.burmeseclassic.com